# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့။ Sunday 15 July 2018 ၉၃၄၈


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး စတုတ္ထနေ့ ကျင်းပ

## ကဏ္ဍအလိုက် မူဝါဒအဆိုပြုလွှာများအား အစုအဖွဲ့ဝင်များက အကြံပြုဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၄

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး စတုတ္ထနေ့ အစုအဖွဲ့အလိုက် အစည်းအဝေးများကို ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။**



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး စတုတ္ထနေ့၌ နိုင်ငံရေးပါတီအစုအဖွဲ့ အစည်းအဝေးကျင်းပစဉ်။

အစိုးရအစုအဖွဲ့အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အမှာစကားပြောကြားသည်။

ယင်းနောက် တတိယနေ့အစည်းအဝေးတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတို့၏ သဘောထားစုစည်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည့် အစုအဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကဏ္ဍအလိုက် မူဝါဒအဆိုပြုလွှာများနှင့်စပ်လျဉ်း၍ အစုအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

လွှတ်တော်အစုအဖွဲ့အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)အဖွဲ့ဝင် ဦးခွန်မောင်သောင်းက အဖွင့်အမှာစကားပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

## ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ပိတ်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ပိတ်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပိတ်ပွဲအခမ်းအနား ကျင်းပပုံများကို ယင်းနေ့နံနက် ၉ နာရီ ၄၅ မိနစ်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊MNTV၊ Skynet Up to Date၊ Skynet တိုင်းရင်းသား၊ Skynet လွှတ်တော်၊ မြဝတီ (MWD)၊ MWD Variety၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊ MIR ရေဒီယိုနှင့် MOI Webportal Myanmar၊ MRTV၊ Myanmar Digital News၊ Myanmar President Office၊ Myanmar State Counsellor Office နှင့် Information Committee Facebook စာမျက်နှာများမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရာနှုန်းပြည့်မိုး

(၁၅-၇-၂၀၁၈)

**နေပြည်တော်**

မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။


C B BANK

SME LOAN

- CGI LOAN (အာမခံပစ္စည်းမဲ့ချေးငွေ)
- JICA TSL LOAN (ကာလရှည်ရင်းနှီးမြှုပ်နှံခြင်းချေးငွေ)
- CB - KfW LOAN (ပုံသေပိုင်ရင်းနှီးမြှုပ်နှံခြင်းချေးငွေ)
- TERM LOAN (လုပ်ငန်းလည်ပတ်ငွေအတွက်ချေးငွေ)

SME လုပ်ငန်းများပိုမိုတိုးတက်ဖို့ CB Bank မှ SME LOAN ကိုရယူစို့.....

Contact Us : (95-1) 371150, (95-1) 2317906 enterprise.dept@cbbank.com.mm

ကြေးမုံ

# ငြိမ်းချမ်းရေးအလင်းရောင်အောက်သို့

“ရှေ့ကိုပေါက်အောင် ဆက်လက်ပြီးရှေ့ကိုရောက်အောင် လျှောက်လှမ်းကြရာမှာ တစ်လှေတည်းစီး တစ်ခရီးတည်း သွားနေကြတဲ့ သူတွေအချင်းချင်း တစ်ဦးနဲ့တစ်ဦး ရိုင်းပင်းကူညီကြဖို့ အရေးကြီးပါတယ်။ ပန်းတိုင်တူ၊ လမ်းကြောင်းတူနေကြပြီဖြစ်တဲ့ ဒီလိုအချိန်မှာ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆိုသလို ဝိဝါဒကွဲပြားစရာ အဖြေရှာမှုတွေ၊ ထွေပြားများမြောင်လာမယ်ဆိုရင် အားလုံးမျှော်မှန်းတဲ့ ရလဒ်နဲ့လည်း ဝေးကွာလာနိုင်တာကို အထူးသတိပြုကြဖို့ ပြောကြားလိုပါတယ်”ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ငြိမ်းချမ်းရေးပန်းတိုင်သို့ အင်အားစုများ တူရှုတက်လှမ်းနိုင်ရေးအသိပေးပြောကြားခဲ့သည်။

ဆက်လက်၍ “အားလုံးညှိနှိုင်းလက်ခံပြီးတဲ့နောက်မှာ အခုတစ်မျိုးတော်ကြာတစ်မျိုးအနေအထားတွေ မကြာခဏ ဖြစ်ပေါ်လာရင် ယုံကြည်မှုတွေ ပျက်ပြားသွားစေနိုင်သလို ငါ့မြင်းငါစိုင်းဆိုတဲ့ အခြေအနေတွေနဲ့လည်း ကြုံတွေ့လာရနိုင်ပါတယ်။ ငြိမ်းချမ်းရေးဟာ ဖိအားပေးပြီး ရယူနိုင်တာမျိုးမဟုတ်ဘဲ နားလည်မှု၊ ယုံကြည်မှုတွေနဲ့ တည်ဆောက်ကြရတာမျိုး ဖြစ်ပါတယ်။ အမှောင်ထုကိုအမှောင်ထုနဲ့ ဖြိုခွင်းနိုင်မှာမဟုတ်ဘဲ အလင်းတန်းနဲ့သာ ဖြိုခွင်းဖယ်ရှားနိုင်တာ ဖြစ်ပါတယ်။ NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေ၊ ငြိမ်းချမ်းရေးအလင်းရောင်ရစေမယ့်ဖြစ်စဉ်မှာ မပါဝင်ကြသေးတဲ့ အင်အားစုတွေ၊ ပုဂ္ဂိုလ်တွေကို ကျွန်မတို့ ပြည်ထောင်စုကြီးအပေါ် စေတနာထား၊ သစ္စာစောင့်ပြီး ပါဝင်လာဖို့ ဖိတ်ခေါ်ပါတယ်” ဟု NCA လက်မှတ်မထိုးရသေးသောအဖွဲ့များ ငြိမ်းချမ်းရေးအလင်းရောင်အောက်သို့ ဝင်ရောက်ကြပါရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လက်ကမ်းကြိုဆိုခဲ့သည်ကို ဝမ်းမြောက်ဖွယ် ကြားသိလိုက်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အလေးအနက်ထားပြောကြားခဲ့သည်။ NCA သည် ငြိမ်းချမ်းရေးအတွက် ပထမပြတင်းတံခါး၊ ကနဦးခြေလှမ်းဖြစ်သည်။ နိုင်ငံရေးဆွေးနွေးပွဲများအတွက် အဓိကဝင်ပေါက်ဖြစ်သည်။ မတူကွဲပြားသည့် အင်အားစုများအကြားရခဲလှသည့် ဆုံချက်တစ်ခု၊ မျှခြေတစ်ရပ်ဖြစ်သည်။ NCA သည် ငြိမ်းချမ်းရေးအတွက် အရေးပါသည့် လုပ်ငန်းစဉ်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်တွင် အင်အားစုများအားလုံး ပါဝင်လာရေး တံခါးဖွင့်ပေးထားသည်။ နိုင်ငံတော်၏ ခေါင်းဆောင်များက လက်ကမ်းကြိုဆိုအစဉ်အမြဲဖိတ်ခေါ်လျက်ရှိသည်။

NCA သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆိုပြုချက်များကို အခြေပြု၍ အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့နှင့် ဆွေးနွေးပြီး ပေါ်ထွက်လာခြင်းဖြစ်သည်။ ခိုင်မာသည့် စာချုပ်စာတမ်းတစ်ခု၊ ပဋိညာဉ် စာတမ်းတစ်ရပ်အဖြစ် တိုင်းသိ၊ ပြည်သိ၊ နိုင်ငံတကာ အသိအမှတ်ပြုမှုနှင့်အတူ ပေါ်ပေါက်လာခြင်းဖြစ်သည်။ လက်ရှိကာလတွင် NCA မှအစပြုခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ပစ်ခတ်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းလာအောင် အထောက်အကူပြုနိုင်ခဲ့သည်။ မည်သည့်ခေတ်အခါကမျှ မပေါ်ပေါက်ဖူးသေးသည့် နိုင်ငံရေးဆွေးနွေးပွဲများကို မျက်ဝါးထင်ထင် မြင်တွေ့စေနိုင်သည်။ ရလဒ်ကောင်းများအဖြစ် နိုင်ငံရေးသဘောတူညီချက်များကို ပြည်ထောင်စုသဘောတူညီချက်၏ အစိတ်အပိုင်းများအဖြစ် လက်မှတ်ရေးထိုးနိုင်သော တိုးတက်ဖြစ်ထွန်းမှုများ ရရှိခဲ့သည်။

သို့ဖြစ်ရာ NCA မှ ဆောင်ကြဉ်းပေးလိုက်သည့် အပစ်အခတ်ရပ်စဲနိုင်ခြင်းအကျိုးဆက်များကြောင့် လုံခြုံမှုနှင့်တည်ငြိမ်အေးချမ်းမှုအသီးအပွင့်များကို ပဋိပက္ခဒေသများအကြား နေထိုင်ခဲ့ကြရသည့် တိုင်းရင်းသားပြည်သူများ တဖြည်းဖြည်းချင်း တိုးမြှင့်ခံစားရရှိနေကြပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဖိတ်ခေါ်ကြိုဆိုမှုနှင့်အညီ NCA တွင် လက်မှတ်မထိုးရသေးသည့် အဖွဲ့များ၊ အင်အားစုများ၊ ပုဂ္ဂိုလ်များ ငြိမ်းချမ်းရေးအလင်းရောင်အောက်သို့ အေးချမ်းစွာဝင်ရောက်ကြဖို့ မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ပညာရည်ချွန်ဆုပေးပွဲ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဇူလိုင် ၁၄**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရုံးအမှတ်(၉) နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ သားသမီးများအနက် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းအဆင့်မှ တက္ကသိုလ် အဆင့်အထိ တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၉ ဦး အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူ ငါးဦး၊ ရိုးရိုးအောင်မြင်သူ ခုနစ်ဦးတို့အား ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်သည်။ ထို့အပြင် ကျောင်းသား ကျောင်းသူအားလုံးကို ပညာသင်ထောက်ပံ့ကြေးအပြင် ကျောပိုးအိတ်၊ ဗလာစာအုပ်နှင့် ဘောပင်များကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်တော်ယာဉ် မီးလောင်မှုတွင် သေဆုံးခဲ့သူများ၏ မိသားစုဝင်များအား အာမခံကြေးပေးအပ်

**နေပြည်တော် ဇူလိုင် ၁၄**

ထိုင်းနိုင်ငံရှိ Tomy (Thailand) Co., Ltd. လုပ်ငန်းခွင်သို့ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီ Stars Pioneer Co., Ltd. မှတစ်ဆင့် မတ် ၃၀ ရက်တွင် တရားဝင်သွားရောက်ခဲ့စဉ် မော်တော်ယာဉ် မီးလောင်ကျွမ်းမှုကြောင့် သေဆုံးခဲ့သည့် အလုပ်သမား ၂၀ အတွက် ထိုင်းနိုင်ငံ ဥပဒေအရ ခံစားခွင့်ရှိသည့် နစ်နာကြေးများကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ အလုပ်သမားသံအရာရှိရုံး၊ မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်



သက်ဆိုင်ရာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရရှိခဲ့၍ အာမခံကြေးပေးအပ်ပွဲအခမ်းအနားကို နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

## နှစ်သိမ့်အားပေး

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အသက်အာမခံကြေး တစ်ဦးလျှင် ဘတ် ၃ သိန်း ၊ Tomy (Thailand) Co., Ltd. နှင့် ထိုင်းအေဂျင်စီ Atitaya 2017 Co., Ltd. မှ ထောက်ပံ့ကြေးငွေအဖြစ် တစ်ဦးလျှင် ဘတ် တစ်သိန်း စုစုပေါင်း ဘတ်လေးသိန်းနှင့် ညီမျှသော မြန်မာငွေကျပ် ၁၆၅၆၇၂၁၅ စီဖြင့် သေဆုံးသူ မြန်မာအလုပ်သမား ၂၀ အတွက် စုစုပေါင်း ငွေကျပ် ၃၃၁၃၄၄၃၀၀ ကို သေဆုံးသူများ၏ မိသားစုဝင်များထံပေးအပ်ခဲ့ပြီး ကျန်ရစ်သူ မိသားစုဝင်များကို နှစ်သိမ့်အားပေးစကားပြောကြားသည်။

မော်တော်ယာဉ်မီးလောင်မှုတွင် သေဆုံးခဲ့သည့် အလုပ်သမား ၂၀ နှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အလုပ်သမား သုံးဦးတို့အတွက် ကရုဏာကြေးအဖြစ် မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငွေကျပ်သိန်းနှစ်ဆယ်၊ Stars Pioneer Co., Ltd မှ ငွေကျပ်သိန်းနှစ်ရာ၊ Migrant Workers Rights Network၊ မြဝတီမြို့ အနှိုင်းမဲ့နာရေးကူညီမှုအသင်းနှင့် မဟာကရုဏာစာကြည့်တိုက်တို့မှ ငွေကျပ် ၁၃၈၀၀၀၀ နှင့် မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်က ငွေကျပ် ၄၃ သိန်းကို ဧပြီ ၁ ရက်တွင် မြဝတီမြို့၌လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ငွေကျပ် ၈၈၁၅၀၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငွေကျပ် ၆၃ သိန်း၊ မြန်မာပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ငွေကျပ် ၈၂၆၁၀၀၀ အပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၅၁၀၅၆၀၀၀ ကို သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၏ မိသားစုဝင်များထံသို့ ဧပြီ ၉ ရက်တွင် နေပြည်တော် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာသိနားလည်မှု အသိပညာပေးဟောပြောပွဲ ပင်လုံတက္ကသိုလ်၌ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ ပင်လုံတက္ကသိုလ်၌ တက်ရောက်ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများအား Alumni Engagement Innovation Fund (AEIF) ၂၀၁၇ ခုနှစ် အစီအစဉ်အရ သတင်းအချက်အလက်နှင့်မီဒီယာဆိုင်ရာ သိနားလည်မှုပညာပေးဟောပြောပွဲကို ဇူလိုင် ၁၆ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ပင်လုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် ရန်ကုန်မြို့ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် သတင်းအတတ်ပညာဌာန တွဲဖက်ပါမောက္ခ(ဌာနမှူး) ဒေါက်တာဇင်မာကျော်က ‘သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာ သိနားလည်မှု’ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောဆွေးနွေးမည်ဖြစ်သည်။

သတင်းအချက်အလက်များ၏ အရေးပါမှု၊ မှန်ကန်သောသတင်းအချက်အလက်များကို စိစစ်ဝေဖန်သုံးသပ်ကာ လက်ဆင့်ကမ်းဖြန့်ဝေခြင်းနည်းလမ်းများ၊ သတင်းမှား၊ မှန်ခွဲခြားမှုနည်းလမ်းများနှင့် ဆိုရှယ်မီဒီယာ၏ကောင်းကျိုးဆိုးကျိုးများကို လူငယ်များသိရှိကြစေရန် ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



ဇူလိုင် ၁၁ ရက်က အင်းစိန်မြို့နယ် တညင်းကုန်းရှိ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌ အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် စာအုပ်၊ စာစောင်၊ ဓာတ်ပုံပြပွဲကို ကျောင်းသား ကျောင်းသူများကြည့်ရှုကြစဉ်။

**ညဏ်ဟိန်း**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလွဲသင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

## အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက် လက်မပျက်ဘဲ ရသမျှအခွင့်အရေးကို ရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့ မြန်မာပြည်ကြီး ကျုပ်တို့ ချစ်ရာရောက်မယ်။ ကျုပ်တို့ မြန်မာပြည် ထူထောင်နိုင်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး စတုတ္ထနေ့၌ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့ အစည်းအဝေး ကျင်းပစဉ်။

**✻ ရှေ့ဖုံးမှ**

ထို့နောက် ကဏ္ဍအလိုက် မူဝါဒ အဆိုပြုလွှာများနှင့်စပ်လျဉ်း၍ အစုအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

တပ်မတော်အစုအဖွဲ့အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးများအဖွဲ့ အဖွဲ့ဝင် ဗိုလ်ချုပ်စိုးနိုင်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အစည်းအဝေး တတိယနေ့တွင် ဆွေးနွေးခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတို့၏ သဘောထားစုစည်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည့် အစုအဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။

**အတည်ပြုကြ**

အဆိုပါ အစုအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် အစည်းအဝေးတက်ရောက်ကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးအတည်ပြုကြသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့ အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများအတွင်း ဆောင်ရွက်မည့်အစီအစဉ်များ ရှင်းလင်းတင်ပြခြင်း၊ ကဏ္ဍအလိုက် ရရှိခဲ့သည့် အခြေခံမူများကို ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် အစည်းအဝေး တတိယနေ့တွင် ဆွေးနွေးခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတို့၏ အစည်းအဝေး သဘောထားစုစည်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည့် အစုအဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။

အဆိုပါအစုအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် အစည်းအဝေးတက်ရောက်ကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးအတည်ပြုကြသည်။

နိုင်ငံရေးပါတီအစုအဖွဲ့ အစည်းအဝေး၌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းကျော်ညွန့်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အစည်းအဝေး တတိယနေ့တွင် ဆွေးနွေးခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတို့၏ အစည်းအဝေးသဘောထား စုစည်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည့် အစုအဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ အစုအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် အစည်းအဝေးတက်ရောက်ကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးအတည်ပြုကြသည်။

**နိုင်ငံရေးကဏ္ဍဆိုင်ရာမူဝါဒ**

နိုင်ငံရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာနှင့်စပ်လျဉ်း၍ ကျား၊ မဆိုင်ရာ တန်းတူညီမျှမှုကဏ္ဍတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စု၏ မည်သည့်နိုင်ငံသားကိုမျှ ကျား၊ မဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်းမရှိစေရေးနှင့် တန်းတူညီမျှမှုရှိစေရေးအတွက် မူဝါဒချမှတ်ရမည်ဟု UPDJC ၏ သဘောတူညီချက်အဖြစ် အဆိုပြုထားရာ ယင်းကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ ကျား၊ မဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေရေးနှင့် တန်းတူညီမျှမှုရှိစေရေးအတွက် မူဝါဒချမှတ်ရမည်ဟု တပ်မတော်အစုအဖွဲ့က အဆိုပြုထားကြောင်း။

ထို့ပြင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတွင် ကျား၊ မ ရေးရာ အခြေပြုအကြမ်းဖက်မှုများအား ကာကွယ်နိုင်သည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်ဟု UPDJC ၏ သဘောတူညီချက်အဖြစ် အဆိုပြုထားရာ ယင်းကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ကျား၊ မရေးရာ အခြေပြုအကြမ်းဖက်မှုများအား ကာကွယ်နိုင်သည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်ဟု တပ်မတော်အစုအဖွဲ့က အဆိုပြုထားကြောင်း သိရသည်။

**စီးပွားရေးကဏ္ဍဆိုင်ရာမူဝါဒ**

စီးပွားရေးကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများသည် မိမိတို့ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ အများပြည်သူ အကျိုးစီးပွားများအတွက် ဦးစားပေးအကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများကို ရေးဆွဲချမှတ်ဖော်ဆောင်ခွင့်ရှိရမည်။ ထိုသို့ရေးဆွဲရာတွင် ပြည်ထောင်စု စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများကို သဟဇာတဖြစ်စေရေးနှင့် ဆက်စပ်သော အခြားတိုင်းဒေသကြီး၊ ပြည်နယ်များ၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေး ထည့်သွင်းစဉ်းစားရန်ဟု သဘောတူထားကြောင်း သိရသည်။

လူမှုရေးဆိုင်ရာ မူဝါဒအဆိုပြုလွှာနှင့်စပ်လျဉ်း၍ ပြန်လည်နေရာချထားရေး၊ **စာမျက်နှာ ၁၁ သို့**

## ပြည်ထောင်စုကြီး ရှေ့ခရီး

❖ ပြည်ထောင်တစ်ခု ၊ တည်ထောင်မှုတွက်
ပေါင်းစုအင်အား ၊ သားချင်းများသည်
စွမ်းအားစင်စစ် ၊ ကေန်ဖြစ်၏။

❖ ပြည်မ ပြည်နယ် ၊ စည်းမကွယ်ဘဲ
ဘယ်သူခွဲခွဲ ၊ ဒို့မကွဲဟု
ခိုင်မြဲသွေးစည်း ၊ တစ်သားတည်းဟု
အသီးတစ်ရာ ၊ အညှာတစ်ခု
ပြည်ထောင်စုပုံ ၊ ပြီးပြည့်စုံအောင်
ပင်လုံစိတ်ဓာတ် ၊ တန့်မရပ်ကြောင့်
"မြင့်မြတ်မြန်မာ" တည်ခဲ့ပြီ။

❖ တိုင်းရင်းသားတို့၊ ရိုင်းပင်းအားညီ
ဝိုင်းဝန်းပွားစည် ၊ မြန်မာပြည်ဝယ်
ဤမြေမှာ နေ ၊ မတည့်ပေသော် ...
ဤရေကို သုံး ၊ မစည်းလုံးသော် ...
အမုန်းတရား ၊ နှလုံးထားသော် ...
ခွဲခြားအသွင် ၊ ကွဲပြားမြင်သော် ...
ပုံပြင်မဟုတ် ၊ ကျွန်ဇာတ်ထုပ်လျှင်
သရုပ်ပြန်ဝင် လာဦးမည်။

❖ သူ့ကျွန်အဖြစ် ၊ နှံ့နှစ်မခံ
တော်လှန်ခဲ့ပုံ ၊ အလုံးစုံနှင့်
ပင်လုံဂုဏ်ပုဒ် ၊ မညှိုးယုတ်အောင်
အားထုတ်ကြိုးပမ်း ၊ ခရီးလမ်းဝယ်
တစ်ဝမ်းတည်းဖွား ၊ သွေးချင်းများတို့
နားလည်မှု အခြေခံ
ယုံကြည်မှု အခြေခံ
ငြိမ်းချမ်းမှု ဆန္ဒမှန်
သန္နိဋ္ဌာန်ဖြင့်
ကြံဆောင်နိုင်ကြ ပါစေသတည်း။
ပြည်ထောင်စုကြီး ရှေ့ခရီး။ ။

**(ငြိမ်းချမ်းသော မြန်မာသစ်ကဗျာများစာအုပ်မှ)**

မျိုးမြတ်မြတ်မြင့်မောင်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မကွေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ

**မကွေး ဇူလိုင် ၁၄**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ယနေ့မွန်းလွဲ ၁ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြိုးစားပြီး စေတနာထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာ ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး လစ်လပ်မဲဆန္ဒနယ်များမှာ မကွေးတိုင်းဒေသကြီး တိုင်းဒေသကြီးလွှတ်တော် မင်းဘူး မဲဆန္ဒနယ်အမှတ်(၂)အပါအဝင် စုစုပေါင်း ၁၃ နေရာဖြစ်ကြောင်း။




### တစ်ပြေးညီဆောင်ရွက်

ယခုအခါ ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများအနေဖြင့် သက်ဆိုင်ရာ လစ်လပ်မဲဆန္ဒနယ်များအလိုက် အမည်စာရင်း တင်သွင်းကြပြီးဖြစ်၍ စိစစ်အတည်ပြုခြင်း လုပ်ငန်းစဉ်ကို တာဝန်ယူဆောင်ရွက်ကြသည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများအနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ ထို့အတူ ကြိုတင်မဲပေးခြင်း၊ မဲရုံများ၌ မဲပေးခြင်းလုပ်ငန်းစဉ်များ ကြီးကြပ်ဆောင်ရွက်ခြင်း၊ ရလဒ်များရေတွက်ခြင်း၊ ကပ်ထားကြေညာခြင်း လုပ်ငန်းစဉ်များကိုလည်း ပွင့်လင်းမြင်သာစွာ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း။

### လူထုပူးပေါင်းပါဝင်

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ဆောင်ရွက်ကြသည့်အခါ အဆင့်ဆင့်ကိုယ်စီတာဝန်ယူမှုတာဝန်ခံမှုနှင့် ပူးပေါင်းဆောင်ရွက်ကြမှသာလျှင် အောင်မြင်သည့်ရလဒ်ကို ရရှိမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းများကို ကော်မရှင်တစ်ခုတည်းဆောင်ရွက်ရခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် မဲဆန္ဒရှင် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ အားလုံးတက်ညီလက်ညီနှင့် မှန်မှန်ကန်ကန် ပူးပေါင်းကူညီ ဆောင်ရွက်ကြမှသာလျှင် ပြည်သူများလက်ခံယုံကြည်သော တရားမျှတသည့် ရွေးကောက်ပွဲဖြစ်လာမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် အဖွဲ့ဝင်အသစ်များဖြစ်သည့်အတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်လုပ်ငန်းလမ်းညွှန်စာအုပ်များကို ပိုမိုလေ့လာထားကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲများသည် ဒီမိုကရေစီနိုင်ငံများ၏ အခြေခံဖြစ်သလို နိုင်ငံတော်တည်ဆောက်ရာတွင် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေး မဏ္ဍိုင်ကြီးသုံးရပ်အတွက် လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူ့ဆန္ဒနှင့်အညီ၊ ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်နှင့်အညီ လုပ်ငန်းစဉ်များကိုလည်း တရားမျှတမှုရှိရန်၊ ပွင့်လင်းမြင်သာမှုရှိရန်၊ အများယုံကြည်လက်ခံရန် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သူများအားလုံးအနေဖြင့် တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရန် အဓိကမှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးစိုးထွဋ်ဦးက တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရသေ့တောင်မဲဆန္ဒနယ် စစ်ဆေး

**စစ်တွေ ဇူလိုင် ၁၄**
ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရခိုင်ပြည်နယ်တာဝန်ခံ ဦးထွန်းခင်သည် ယနေ့နံနက်ပိုင်းက ပြည်နယ်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ လိုက်ပါလျက် ရသေ့တောင်မြို့နယ်၌ လာမည့်နိုဝင်ဘာလတွင် ကြားဖြတ်ရွေးကောက်ပွဲ အဆင်ပြေချောမွေ့စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရခိုင်ပြည်နယ်တာဝန်ခံ ဦးထွန်းခင်သည် ရသေ့တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရသေ့တောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရသေ့တောင်မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မိတ်ဆက်စကားပြောကြားပြီး ရသေ့တောင်မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဖြူထွန်းသာက ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ရသေ့တောင်မြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မြေရှိ မဲရုံများသို့ သွားရောက်ကာ ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရသေ့တောင်မြို့နယ် မဲဆန္ဒနယ်မြေ အမှတ်(၂)မှ လစ်လပ်သွားသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နေရာအတွက် အဆိုပါ ရွေးကောက်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ယင်းမဲဆန္ဒနယ်မြေအတွင်း မဲပေးနိုင်ခွင့်ရှိသူ စုစုပေါင်း ၅၁၄၆၉ ဦးရှိပြီး မဲရုံပေါင်း ၈၆ ခုတွင် ဆန္ဒမဲပေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ မန္တလေးဗဟိုအကျဉ်းထောင် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၄**
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများသည် ဇူလိုင် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မန္တလေးဗဟိုအကျဉ်းထောင်ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တစ်ဦးချင်းတင်ပြလိုသူများအား သီးခြားတွေ့ဆုံခဲ့ကြောင်း အဆိုပါကော်မရှင်ထံမှ သိရသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့သည် ဇူလိုင် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မန္တလေးဗဟိုအကျဉ်းထောင်၌ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးနေမှု၊ အကျဉ်းသား၊ အချုပ်သားများကို လူ့အခွင့်အရေးချိုးဖောက်မှု ရှိ၊ မရှိ၊ စားဝတ်နေရေး အခြေအနေများ၊ အကျဉ်းထောင်အတွင်း အခြေခံပညာနှင့် တက္ကသိုလ်ဝင်တန်းသင်ကြားနေမှု၊ အကျဉ်းသား အကျဉ်းသူများ၏ ကျန်းမာရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တစ်ဦးချင်းတင်ပြလိုသူ ၁၈၄ ဦးအား သီးခြားတွေ့ဆုံ၍ အခက်အခဲများ မေးမြန်းခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့နယ်အတွင်းရှိ အကျဉ်းဦးစီးဌာန ဘဲလင်း(၁)နှင့် (၂) ကုန်ထုတ်စခန်းရှိ အကျဉ်းသား အကျဉ်းသူများအား အိပ်ဆောင်များတွင် အုပ်စုသုံးစုခွဲပြီး တွေ့ဆုံ၍ လူ့အခွင့်အရေးချိုးဖောက်ခံရမှု ရှိ၊ မရှိ တို့ကို စစ်ဆေးမေးမြန်းသည်။

ထို့အပြင် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ စားဖိုဆောင်၊ စာကြည့်တိုက်များနှင့် ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသားများထဲမှ သီးခြားတွေ့ဆုံတင်ပြလိုသူ အကျဉ်းသား ၂၈ ဦးတို့ကို တစ်ဦးချင်းတွေ့ဆုံပြီး အခက်အခဲများ မေးမြန်းခဲ့သည်။

ယင်းနောက် ကျောက်ဆည်မြို့နှင့် စစ်ကိုင်းမြို့များရှိ ရဲစခန်း၊ တရားရုံးအချုပ်များကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ရဲတပ်ဖွဲ့ဝင်များအား တွေ့ဆုံ၍ အခက်အခဲများမေးမြန်းခြင်း၊ ပြည်သူလူထုအပေါ်တွင် လူ့အခွင့်အရေးအရ ချိုးဖောက်မှု မရှိစေရေးတို့ကို ဆောင်ရွက်ရန် မှာကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



## မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် ဇူလိုင် ၁၄**
ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ရွှေကျင်မြစ်ရေသည်ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သုံးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် မဒေါက်မြို့နယ်နှင့် ရွှေကျင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**ကြေးမုံ**

# အာဆီယံ-ကိုရီးယား သစ်တောလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ဒေသအဆင့် လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၄**





သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အာဆီယံ- ကိုရီးယား သစ်တောလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ဒေသအဆင့်လေ့ကျင့်ပညာပေးရေး (AFoCO RETC) သင်တန်းကျောင်း အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါ သင်တန်းကျောင်း၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ကိုရီးယားသစ်တောဦးစီးဌာနနှင့် AFoCO အတွင်းရေးမှူးရုံးတို့အား သင်တန်းကျောင်းတည်ဆောက်ရာတွင် အထောက်အပံ့များစွာပေးသည့်အပြင် AFoCOအဖွဲ့ဝင်နိုင်ငံများအကြား သစ်တောပညာ သင်တန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများမြှင့်တင်ရေးတွင်လည်း အထောက်အပံ့များစွာပေးသည့် အတွက် အလွန်ကျေးဇူးတင်ရှိပါကြောင်း။

### ၁၉ နှစ်ရှိပြီဖြစ်

ထို့အပြင် တက်ရောက်ချီးမြှင့်ပေးသည့်အတွက် မိမိတို့သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အထူးသဖြင့် သစ်တောကဏ္ဍဆိုင်ရာပညာရေး၊ သုတေသနနှင့် သင်တန်းများ အဆင့်မြှင့်တင်ရေးများနှင့် ပတ်သက်၍ စိတ်အားထက်သန်မှုဖြစ်ပေါ်စေပါကြောင်း၊ ကိုရီးယား-မြန်မာ သစ်တောလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုသည် ၁၉၉၉ ခုနှစ် ကိုရီးယား-မြန်မာ နှစ်နိုင်ငံသစ်တောလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးကော်မတီဖွဲ့စည်းခဲ့သည့်အချိန်မှစ၍ စတင်ခဲ့သည်မှာ ယခုဆိုလျှင် ၁၉ နှစ် ရှိပြီဖြစ်ပါကြောင်း။

ယနေ့အချိန်ထိ သစ်တောလုပ်ငန်းစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ရာ သိသာထင်ရှားသောအောင်မြင်မှုများလည်း ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်နိုင်ရန် မြန်မာနိုင်ငံမှ ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် အာဆီယံ-ကိုရီးယား သစ်တောလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်သကဲ့သို့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင်လည်း အာရှသစ်တောလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

### မှတ်တိုင်တစ်ခုဖြစ်

အသိသာဆုံးသောအောင်မြင်မှုမှာ AFoCO RETC သင်တန်းကျောင်း တည်ဆောက်ပြီးစီးမှုပင်ဖြစ်ပါကြောင်း၊ ဤအောင်မြင်မှုသည် အာရှသစ်တောလုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်း၏ မှတ်တိုင်တစ်ခုဖြစ်ပြီး AFoCO အဖွဲ့ဝင်နိုင်ငံများနှင့် ကိုရီးယားနိုင်ငံအကြား အပြန်အလှန် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ မြှင့်တင်ရေးအတွက်လည်း အထောက်အပံ့ဖြစ်ပေါ်စေပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ကိုရီးယားသစ်တောဦးစီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ကိုရီးယားသစ်တောဦးစီးဌာနမှ ဒုတိယဝန်ကြီး Mr. RyuKwang Su၊ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံနှင့် AFoCO အဖွဲ့ဝင် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့သစ်လုပ်ငန်းမှ အထွေထွေမန်နေဂျာများ၊ AFoCO အတွင်းရေးမှူးရုံးမှ အမှုဆောင်အရာရှိ Dr. Park EunSik၊ AFoCO အတွင်းရေးမှူးရုံး၏ လက်ထောက်ညွှန်ကြားရေးမှူး Mr. Pham Quang Minh၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ASOF Leader များ၊ သစ်တောဦးစီးဌာနမှ အရာရှိကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။ **သတင်းစဉ်**



# ထိုင်းနိုင်ငံ၌ကျင်းပမည့် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ မြန်မာနိုင်ငံမှ ကျွမ်းကျင်လုပ်သားများ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၁၄**

၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံကျွမ်းကျင်မှု ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အဆင့်မီ ကျွမ်းကျင်လုပ်သားများ၊ အတတ်ပညာရှင်လူငယ်များ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ပြုလုပ်သည့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) က ပေးအပ်သော ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားမှ သိရသည်။

"မြန်မာနိုင်ငံကိုယ်စား အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်မယ့် ကလေးတွေကို သက်ဆိုင်ရာနယ်ပယ်မှာ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်သင်ကြားပေးနေပါတယ်။ လက်ရှိမှာတော့ ကျွန်တော်တို့ဝန်ကြီးဌာနရယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနရယ်၊ ဟိုတယ်/ခရီးလုပ်ငန်း အပါအဝင်ပေါ့လေ။ လုပ်ငန်းရှင်တွေကအစပေါ့၊ ရန်ကုန်နဲ့ နေပြည်တော်မှာ ကလေးတွေကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ ဒါပါနဲ့ဆို ပြိုင်ပွဲဝင်တာ သုံးကြိမ်ရှိပါပြီ။ ဒီနှစ်ဆုတွေရလာအောင်လည်း ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ပြောသည်။

ထိုင်းနိုင်ငံတွင် ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ပထမပတ်အထိပြုလုပ်မည့် အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အဆိုပါပြိုင်ပွဲ၏ အလုပ်အကိုင် ၁၂ မျိုးတွင် မြန်မာနိုင်ငံကိုယ်စားပြု ကျွမ်းကျင်လုပ်သား ၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က " အာဆီယံကျွမ်းကျင်မှု ပြိုင်ပွဲတွေဟာ ဒေသတွင်းစက်မှုလုပ်ငန်းတွေ၊ဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ နောက်ဆုံးပေါ် နည်းပညာအသစ်အဆန်းတွေကို ဖြန့်ဝေပေးတဲ့ ပြိုင်ပွဲတွေဖြစ်တဲ့အတွက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းအားဖြင့် ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံတွေဖလှယ်နိုင်မယ်။ ခေတ်မီတိုးတက်တဲ့နည်းပညာတွေ လေ့လာဆည်းပူးနိုင်မယ်စတဲ့ အကျိုးကျေးဇူးတွေရမှာဖြစ်ပါတယ်"ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)က ပေးအပ်သည့် ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျွမ်းကျင်လုပ်သား ၅၀၀၀ စိစစ်အကဲဖြတ်ရေးလုပ်ငန်းစဉ်အရ အောက်မြန်မာပြည်ရှိ Assessment Center များတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း အလုပ်အကိုင် ၁၄ မျိုးတွင် ဖြေဆိုအောင်မြင်ခဲ့သည့် ကျွမ်းကျင်လုပ်သား ၆၂၆ ဦးအား အမျိုးသားအဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ကိုးခုနှင့် စစ်ဆေးအကဲဖြတ်သူ ၂၀ တို့အား အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သီသီမင်း**

# ပြင်သစ်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၄**



ပြင်သစ်နိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ပြင်သစ်နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Olivier RICHARD နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ညစာစားပွဲသို့ တက်ရောက် လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စား လှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# တောင်ကြီးမြို့၌ ဖက်ဒရယ်စနစ်ဆိုင်ရာဆွေးနွေး

**တောင်ကြီး ဇူလိုင် ၁၄**

ကျွန်းတစ်ထောင်မြေဖောင်ဒေးရှင်းနှင့် Hanns Seidel Foundation တို့ ပူးပေါင်းကျင်းပသော ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံက အဖွင့်အမှာစကားပြောကြားသည်

ကျွန်းတစ်ထောင်မြေဖောင်ဒေးရှင်းမှ နန်းဝါနုက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇုတ်ဒေါင်က ဖက်ဒရယ်စနစ်၏ သမိုင်းကြောင်းဆိုင်ရာကို တင်ပြဆွေးနွေးကာ Hanns Seidel Foundation မှ Dr.Soeren Keil က ဖက်ဒရယ်စနစ်၏အခြေခံနှင့် သွင်ပြင်လက္ခဏာများအကြောင်း ဆွေးနွေးခဲ့ကြသည်။

တက်ရောက်လာသော ဧည့်သည်တော်များက သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

**မြန်မာ့ပင်လယ်ပြင်**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

# အသိအမြင်များ နိုးကြားလာစေရန် မျိုးစေ့ချပေးခဲ့သည့်အပြင် ပါဠိစာပေထွန်းကားပြန့်ပွားရေးအတွက်လည်း ဆောင်ရွက်ခဲ့သည့် အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်

သတင်းဆောင်းပါး - သီသီမင်း
ဓာတ်ပုံ - အေးမင်းသူ



## ဦးရာဇတ်
## (၂၀ ဇန်နဝါရီ ၁၈၉၈ - ၁၉ ဇူလိုင် ၁၉၄၇)

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရအဖွဲ့တွင် ဦးရာဇတ်သည် ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာန ဝန်ကြီးအဖြစ် ပါဝင်ခဲ့သည်။

ဦးရာဇတ်သည် မိတ္ထီလာမြို့ ရဝန်ထမ်းတိုက်ပိုင် အင်စပတ်တော် မစ္စတာ အေရာမန်နှင့် ဒေါ်ငြိမ်းလှတို့၏ သားဖြစ်သည်။ ဖခင်မှာ အစ္စလာမ် ဘာသာဝင်၊ မိခင်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်၍ မွေးချင်း ၁၃ ယောက်တွင် တတိယမြောက်ဖြစ်သည်။ မွေးနေ့သက္ကရာဇ်မှာ ၁၈၉၈ ခုနှစ် ဇန်နဝါရီလ ၂၀ ရက် (ကြာသပတေးနေ့) ဖြစ်သည်။

၁၉၁၂ ခုနှစ်တွင် မန္တလေးမြို့ ဝက်စလီ ယောက်ျားကလေးကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်ခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် တက္ကသိုလ်သပိတ်ကြီး၌ ပါဝင်ခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်းကြီးကို ဖွင့်လှစ်ခဲ့၏။

၁၉၂၂ ခုနှစ်တွင် အမျိုးသားပညာရေးအဖွဲ့ကြီး၏ ဘီအေစာမေးပွဲကြီးကို အောင်ခဲ့၍ အေ၊ ရာဇတ်- ဘီအေ (နေရှင်နယ်) အမည်ခံခဲ့သည်။

မန္တလေး ဗဟိုအမျိုးသားကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်စဉ် ရဲညွန့်တပ် ဖွဲ့စည်းပြီး ကျောင်းသားလူငယ်များကို စစ်ပညာသင်ကြားပေးခဲ့သည်။

၁၉၂၂ ခုနှစ်မှ ၁၉၄၁ ခုနှစ်တိုင် ဗဟိုအမျိုးသား အထက်တန်းကျောင်းတွင် ဆရာကြီးအဖြစ် ထမ်းရွက်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ဒေါ်ခင်ခင်နှင့် လက်ထပ်သည်။ (၁၉၄၅ ခုနှစ်တွင် စစ်အတွင်းက ပိတ်ထားခဲ့ရသော အမျိုးသားကျောင်းကြီးကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မတီဝင်တစ်ဦးလည်း ဖြစ်သည်)

ခေါင်းဆောင်ကြီးများနှင့်အတူ မသမာသူတို့၏ လက်ချက်ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် (စနေနေ့) နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရပြီး အသက်ဆုံးရှုံးခဲ့သည်။

ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်ခင်နှင့် သား မောင်တင်မြင့်၊ သမီး ခင်ခင်စိန်၊ သား မောင်လှကြည် တို့ ကျန်ရစ်သည်။

"သူများကျောင်းက ICS တစ်ယောက်ထွက်ရင် ငါ့ကျောင်းက ဗြိတိသျှအစိုးရကို ပုန်ကန်မယ့် သူပုန်ဆယ်ယောက်ထွက်ရမယ်"ဟု ရဲရဲတောက် ကြွေးကြော်ခဲ့သူကား အခြားသူမဟုတ်။ မြန်မာတစ်မျိုးသားလုံးကို သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် အသက်နှင့်ရင်းကာ လွတ်လပ်ရေးမုခ်ဦးဝသို့ ပို့ဆောင်ပေးခဲ့သူ အာဇာနည်ကိုးဦးထဲမှ တစ်ဦးအပါအဝင်ဖြစ်သည့် ဆရာကြီးဦးရာဇတ်ပင် ဖြစ်သည်။

ဦးရာဇတ်သည် မိတ္ထီလာမြို့ ရဲဝန်ထမ်းတိုက်ပိုင် အင်စပတ်တော် မစ္စတာအေရာမန်နှင့် ဒေါ်ငြိမ်းလှတို့၏ သားဖြစ်ပြီး မွေးချင်း ၁၃ ယောက်တွင် တတိယမြောက် သားဖြစ်သည်။

၁၉၁၂ ခုနှစ်တွင် မန္တလေးမြို့ ဝက်စလီ ယောက်ျားကလေးကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်ခဲ့ပြီး တက္ကသိုလ်ကျောင်းသားဘဝတွင် တက္ကသိုလ်သပိတ်ကြီး၌ ပါဝင်ခဲ့သည်။

လူငယ်၊ မောင်မယ်များအား အမျိုးသားရေး စိတ်ဓာတ်များ သွတ်သွင်းပေးလိုသည့် စိတ်ဖြင့် ၁၉၂၁ ခုနှစ်တွင် မန္တလေးဗဟိုအမျိုးသားအထက်တန်းကျောင်းကြီးကို ဖွင့်လှစ်ခဲ့ကာ ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

"သူ့ကျောင်းမှာ ကျောင်းတက်တာနဲ့ ဘုရားဝတ်ပြုရတယ်၊ ကျောင်းခေါင်းလောင်းထိုးတာနဲ့ နိုင်ငံတော်အလံကို အလေးပြုရတယ်၊ အဖေက ဘုရားမရှိခိုးတဲ့သူဆိုဆုံးမလေ့ရှိတယ်၊ အဲဒီလိုအဖေက ဗုဒ္ဓဘာသာကို လေးစားတာ" ဟု သားကြီးဖြစ်သူ ဦးတင်မြင့်က ပြောသည်။

ထိုသို့ မန္တလေးဗဟိုအမျိုးသားကျောင်းအုပ်ကြီးအဖြစ်ဆောင်ရွက်စဉ် မြန်မာလူငယ်များ စစ်ပညာအခြေခံ တတ်ပါစေဟူသော စေတနာဖြင့် ရဲညွှန့်တပ်ဖွဲ့စည်းပြီး မက်ဆိုပိုတေးမီးယားပြန် ဆာဦးဘတင် (ဗိုလ်ဘတင်) ကို ကျောင်းသားလူငယ်များအား စစ်ပညာသင်ကြားစေခဲ့သည်။ သူကိုယ်တိုင် ဗဟိုအမျိုးသားကျောင်းရဲတပ်ဖွဲ့၏ ရဲဗိုလ်ချုပ်အဖြစ် တာဝန်ယူခဲ့သည်။

"အဖေ့ရဲ့ အမျိုးသားကျောင်းကနေ မျိုးချစ်တော်လှန်ရေးသမားတွေ၊ တပ်မတော်ပိုင်းမှာဆိုလည်း ထိပ်ပိုင်းခေါင်းဆောင်တွေ အများကြီးထွက်တယ်၊ နိုင်ငံရေးနယ်ပယ်မှာရော၊ အားကစားဘက်မှာရော ထူးချွန်ထက်မြက်တဲ့သူတွေ ထွက်တယ်"ဟု ဦးတင်မြင့်က ပြောသည်။

ဆရာကြီးဦးရာဇတ်သည် ဖခင် အစ္စလာမ်ဘာသာဝင်၊ မိခင် ဗုဒ္ဓဘာသာမှ မွေးဖွားလာသူဖြစ်သော်လည်း အလွန်မြန်မာဆန်သူဖြစ်သည့်အပြင် ပါဠိစာပေအလွန်တော်သူဖြစ်ပြီး အင်္ဂလိပ်စာအသင်အပြလည်း အလွန်ကောင်းသူဖြစ်သည်။

"စစ်ပြေးတဲ့အခါကျတော့ မင်းကွန်းမှာ ကိုရင်လေးတွေကို အဖေက ပါဠိသင်ပေးတယ်၊ အင်္ဂလိပ်စာလည်း သင်ပေးတယ်၊ ပါဠိဆို အဓိပ္ပာယ်ပါ သင်ပေးတာ၊ သင်ပေးတဲ့ ကိုရင်တွေထဲက တချို့ဆို ကျောင်းထိုင်ဆရာတော်ကြီးတွေတောင် ဖြစ်ကုန်တယ်။

"အဖေက သံဃာတော်တွေကို အင်မတန်ကြည်ညိုတာ၊ ဘာသာအယူဝါဒ ကွဲပြားတာနဲ့ပတ်သက်လို့ ကျွန်တော်တို့မိသားစုမှာ ဘာခံစားချက်မှ မရှိပါဘူး"ဟု ဦးတင်မြင့်က ပြောသည်။

ဆရာကြီးဦးရာဇတ်သည် ၁၉၂၂ ခုနှစ်တွင် အမျိုးသားပညာရေးအဖွဲ့ကြီး၏ ဘီအေစာမေးပွဲကြီးကို အောင်ခဲ့၍ အေ၊ ရာဇတ် - ဘီအေ(နေရှင်နယ်) အမည်ခံခဲ့သည်။ ၁၉၂၂ ခုနှစ်မှ ၁၉၄၁ ခုနှစ်တိုင် ဗဟိုအမျိုးသားအထက်တန်းကျောင်းတွင် ဆရာကြီးအဖြစ် တာဝန်ထမ်းရွက်ခဲ့ပြီး ၁၉၃၈ ခုနှစ်တွင် ဒေါ်ခင်ခင်နှင့်လက်ထပ်ခဲ့ရာ သားသမီး သုံးဦး ထွန်းကားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော အစိုးရအဖွဲ့တွင် ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာန ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် ခေါင်းဆောင်များနှင့်အတူ မသမာသူတို့၏ လက်ချက်ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် (စနေနေ့) နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခံရပြီး အသက်ဆုံးရှုံးခဲ့သည်။

"မြို့မကျောင်းက တနင်္ဂနွေနဲ့ ဥပုသ်ပဲပိတ်တာ၊ အဲဒီနေ့က ကျောင်းမပိတ်ဘူး၊ အိမ်စောစောပြန်ရမယ်ဆိုလို့ ပျော်နေတာ၊ အိမ်ရောက်တော့ အမေက ငိုနေတယ်"ဟု ဖခင်ဆုံးသည့်နေ့က တွေ့ကြုံရသည့် မြင်ကွင်းကို ဦးတင်မြင့်က ပြောပြသည်။

ဇင်းအနေဖြင့် ဖခင်ဆုံးပါးသည်ကို မန္တလေးမှ ဆွေမျိုးများဆီသို့ ဖုန်းဆက်ပြောနေသည်ကို ကြားသော်လည်း ကောင်းစွာမသိတတ်သေးသည့် ခြောက်နှစ်အရွယ် ကလေးငယ်သာဖြစ်၍ ခံစားမှုပြင်းထန်မှုမရှိခဲ့ကြောင်း ဦးတင်မြင့်က ဆိုသည်။

ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်အလောင်းများကို ၁၉၄၇ ခုနှစ် ဇူလိုင်လ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ဂျူဗလီဟောသို့ ပြောင်းရွှေ့သယ်ယူဂါရဝပြုခံခဲ့ရာ ဦးရာဇတ်နှင့်ရဲဘော်ကိုထွေးတို့ ရုပ်အလောင်းနှစ်လောင်းကို ဂျူဗလီဟောမှ တာမွေ ကင်းဘဲလမ်း (ယခု ငါးထပ်ကြီးဘုရားလမ်း)ရှိ မွတ်စလင်သုသာန်သို့ သယ်ဆောင်သွားပြီး အစ္စလာမ်ဘာသာအရ မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။

"အာဇာနည်ကုန်းမှာ ရှိတယ်၊ တာမွေမှာ ရှိတယ်၊



ဦးတင်မြင့်

တာမွေမှာလည်း ဘာသာတရားအရ လုပ်စရာရှိတာ လုပ်ရတာပေါ့၊ ကိုးကွယ်တဲ့ ဘာသာအရကတော့ ၂၄ နာရီအတွင်း အသုဘချရမယ်ဆိုတဲ့ဟာက ရှိနေတာကိုး"ဟု ဖခင်နာရေးနှင့်ပတ်သက်၍ ဦးတင်မြင့်က ပြောပြခဲ့သည်။

အာဇာနည်ခေါင်းဆောင်များ ကျဆုံးသွားပြီးနောက် ထိုခေတ်ထိုအခါက အစိုးရက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျန်ရစ်သူမိသားစုတစ်စုလျှင် နှစ်နာကြေးငွေကျပ်တစ်သိန်းစီပေးအပ်ခဲ့ရာ ဦးရာဇတ်၏ဇနီးမှာ လေးသောင်းရရှိပြီး အရွယ်မရောက်သေးသည့် သားသမီးတစ်ဦးလျှင်ကျပ် နှစ်သောင်းနှုန်းဖြင့် သုံးယောက်စာ ခြောက်သောင်းကို မြန်မာ့အလင်းဦးတင်က ထိန်းသိမ်းစောင့်ရှောက်ပေးပြီး ပြန်လည်ထုတ်ပေးခဲ့ကြောင်း ဦးတင်မြင့်ထံမှ သိရသည်။

"ကင်းဘဲလမ်းက အိမ်ကိုပေးတာ အမေက မယူချင်တာနဲ့ မြို့မကျောင်းလမ်းမှာ အစိုးရဆီက မြေရတယ်၊ အဲဒီမှာ ခြောက်သောင်းနဲ့ အိမ်ဆောက်တာပါ၊ အဲဒီတုန်းက ခြောက်သောင်းကလည်း မနည်းဘူး"ဟု ဦးတင်မြင့်က ပြောသည်။

ခေတ်အဆက်ဆက် အာဇာနည်နေ့ အခမ်းအနားကျင်းပပုံနှင့်ပတ်သက်၍ "အာဇာနည်နေ့အခမ်းအနားက လွတ်လပ်ရေးရပြီးနောက် မှတ်မှတ်ရရ သမ္မတကြီးမန်းဝင်းမောင်လက်ထက်မှာ ကျကျနနလုပ်တာ၊ အဲဒီကစလို့ သမ္မတအဆက်ဆက်လုပ်ခဲ့ပြီး နောက်ပိုင်းတော့လည်း မြို့တော်ဝန်တက်ရောက်တာတို့ ဘာတို့အထိ ရှိခဲ့ပါတယ်"ဟု ၎င်းက ပြောပြသည်။

ဒီမိုကရေစီအစိုးရတက်လာပြီးနောက် အာဇာနည်နေ့ အခမ်းအနားကို ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်တွင် နိုင်ငံတော်အကြီးအကဲများနှင့် အာဇာနည်မိသားစုဝင်များ တက်ရောက်ဂါရဝပြုကြပြီး နိုင်ငံတစ်ဝန်းတွင်လည်း အာဇာနည်နေ့အခမ်းအနားကို စည်ကားစွာ ကျင်းပလာသည်ကိုတွေ့မြင်ရမည် ဖြစ်သည်။

"အာဇာနည်နေ့အခမ်းအနားကို နှစ်တိုင်း တက်ဖြစ်တယ်၊ အာဇာနည်နေ့ရောက်တိုင်း အဖေ့အတွက်ရည်စူးပြီး မိဘမဲ့ကလေးတွေ ကျွေးမွေးလှူဒါန်းဖြစ်တယ်၊ ဒီနှစ်လည်း အဲဒီလိုပဲ လုပ်ဖြစ်မှာပါ"ဟု ဦးတင်မြင့်က ပြောသည်။

ဆရာကြီးဦးရာဇတ်အား အမှတ်ရသည့်အနေဖြင့် မန္တလေးဗဟို အမျိုးသားအထက်တန်းကျောင်းမှ ကျောင်းသားဟောင်းများက ဆရာကြီးကြေးရုပ်တုကို ကျောင်းတွင် ထားလိုသော်လည်း ထိုခေတ်ထိုအခါက မငြိမ်မသက်ဖြစ်နေသည့်အတွက် အာဏာပိုင်များ လာရောက်သည့်အခါတွင် ဝှက်ထားရကြောင်းနှင့် တစ်နေ့တွင် ကျောင်းသားဟောင်းထဲမှ အစိုးရထိပ်တန်းခေါင်းဆောင်တစ်ဦး လာရောက်သည့်နေ့တွင် တင်ပြရာမှ "ဒီမှာထား" ဟုဆိုပြီး နေရာ သတ်မှတ်ပေးခဲ့၍သာ ကြေးရုပ်တုကို ဗဟိုအမျိုးသား အထက်တန်းကျောင်းတွင် ထားခွင့်ရခဲ့ကြောင်း လွန်ခဲ့သော ဆယ်စုနှစ်များဆီက အတိတ်ကို ဦးတင်မြင့်က ပြန်ပြောင်းပြောပြသည်။


ဦးရာဇတ်၏ သမီး (ဒေါ်)ခင်ခင်စိန်၊ (ဦး)လှကြည်နှင့် (ဦး)တင်မြင့်

"အဖေက သံဃာတော်တွေကို အင်မတန်ကြည်ညိုတာ၊ ဘာသာအယူဝါဒ ကွဲပြားတာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ မိသားစုမှာ ဘာခံစားချက်မှ မရှိပါဘူး"

စာမျက်နှာ ၁၀ သို့ ❖

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မုဒိမ်းမှုများကို ပြစ်ဒဏ်ချမှတ်ခြင်း

## ■ လွင်သွင်ဦး

မုဒိမ်းမှုတိုင်းကို အမြင့်ဆုံးပြစ်ဒဏ် ချမှတ်သင့်ပါသလားဆိုသည့် အမေးသက်သက်ကိုသာ ဖြေဆိုမည်ဆိုပါက အမြင့်ဆုံးပြစ်ဒဏ် ချမှတ်သင့်ပါသည်ဟု ယေဘုယျအားဖြင့် ဖြေဆိုရမည်ဖြစ်ပါသည်။ သို့ရာတွင် အမှုဖြစ်စဉ်အကြောင်းအရာများကို လေ့လာသုံးသပ်ပြီး ထိုအဖြေမှာ ရာနှုန်းပြည့် မှန်ကန်မှု ရှိ၊ မရှိကိုဆန်းစစ်သင့်ပါသည်။ မုဒိမ်းမှုနှင့်သက်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက်များကို လေ့လာပါက မုဒိမ်းမှု၏အဓိပ္ပာယ်ကို ရာဇသတ်ကြီးပုဒ်မ ၃၇၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

"ဤမှနောက်တွင် ကင်းလွတ်ချက်ပြုထားသည်မှတစ်ပါး အောက်ဖော်ပြပါအကြောင်းငါးရပ်တွင် သက်ဝင်သောအကြောင်းတစ်ရပ်ရပ်ဖြင့် ယောက်ျားသည် မိန်းမနှင့် ကာမစပ်ယှက်လျှင် ထိုသူသည် 'မုဒိမ်းမှု'ကို ကျူးလွန်သည်မည်၏"

| | |
|---|---|
| ပထမ။ | မိန်းမက အလိုမတူငြင်းဆန်ခြင်း။ |
| ဒုတိယ။ | မိန်းမက ခွင့်မပြုခြင်း။ |
| တတိယ။ | မိန်းမက ခွင့်ပြုသော်လည်း၊ ထိုသို့ခွင့်ပြုရခြင်းမှာ ထိုမိန်းမအား သေစေမည်ဟုသော်လည်းကောင်း၊ နာကျင်စေမည်ဟုသော်လည်းကောင်း ကြောက်ရွံ့အောင်ပြုသဖြင့် ခွင့်ပြုရခြင်း။ |
| စတုတ္ထ။ | မိန်းမကခွင့်ပြုသော်လည်း ယောက်ျားက မိမိသည် ထိုမိန်းမ၏ လင်မဟုတ်ကြောင်းသိသည့်အပြင် ထိုမိန်းမက ခွင့်ပြုခြင်းမှာလည်း မိမိကို ဥပဒေနှင့်အညီ လက်ထပ်ထားသော၊ သို့တည်းမဟုတ် ထိုသို့လက်ထပ်ထားသည်ဟုယုံကြည်သော အခြားယောက်ျားဖြစ်သည်ဟု ယုံကြည်၍သာ ခွင့်ပြုကြောင်းကို ထိုယောက်ျားက သိခြင်း။ |
| ပဉ္စမ။ | မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက်ဆယ့်လေးနှစ်အောက် အရွယ်ရှိသူဖြစ်ခြင်း။ |
| **ရှင်းလင်းချက်**။ | ယောက်ျားအင်္ဂါဇာတ်သည် မိန်းမ၏ အင်္ဂါဇာတ်တွင် သွင်းဝင်မိလျှင် မုဒိမ်းမှုကျူးလွန်ခြင်းအတွက် လိုအပ်သော ကာမစပ်ယှက်မှုမြောက်ရန် လုံလောက်သည်။ |
| **ကင်းလွတ်ချက်**။ | ယောက်ျားသည် အသက်ဆယ့်သုံးနှစ်အောက် မဟုတ်သောမိမိ၏ မယားနှင့် ကာမစပ်ယှက်ခြင်းမှာ မုဒိမ်းမှုမဟုတ်။ |

အထက်တွင် တင်ပြခဲ့သော ပြဋ္ဌာန်းချက်ပါ အင်္ဂါရပ်များနှင့်ကိုက်ညီလျှင် မုဒိမ်းမှုမြောက်ပါသည်။ ဤနေရာတွင် အဓိကတင်ပြလိုသည့်အချက်မှာ "မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ **ထိုမိန်းမသည် အသက်တစ်ဆယ့်လေးနှစ်အောက် အရွယ်ရှိသူဖြစ်လျှင်**" ပြစ်မှုမြောက်မည် ဆိုသည့်အချက် ဖြစ်ပါသည်။ ထို့ပြင် "ယောက်ျားသည် အသက် တစ်ဆယ့်သုံးနှစ်အောက်မဟုတ်သော မိမိ၏မယားနှင့် ကာမစပ်ယှက်ခြင်းမှာ မုဒိမ်းမှုမဟုတ်" ဟုဆိုထားသဖြင့် **မိမိမယားဖြစ်သော်လည်း အသက် တစ်ဆယ့်သုံးနှစ်အောက်ဖြစ်လျှင် မုဒိမ်းမှုမြောက်မည်**သာ ဖြစ်ပါသည်။

အထက်ပါ ပြဋ္ဌာန်းချက်ကို ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆ ဖြင့် (၇-၁-၂၀၁၆) ရက်နေ့တွင် ရာဇသတ်ကြီးကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၂၉ ဖြင့် အောက်ပါအတိုင်းပြင်ဆင်ခဲ့ပါသည်-

ရာဇသတ်ကြီးတွင် -

(က) ပုဒ်မ ၃၇၅ ၏ ပဉ္စမ၌ပါရှိသော "fourteen years of age" ဆိုသည့်စကားရပ်ကို "sixteen years of age" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မ ၃၇၅ ၏ ကင်းလွတ်ချက်၌ ပါရှိသော "thirteen years of age" ဆိုသည့် စကားရပ်ကို "fifteen years of age" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ထိုသို့ ပြင်ဆင်ခဲ့သဖြင့် မုဒိမ်းမှုများတွင် မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ **အသက်တစ်ဆယ့်ခြောက်နှစ်အောက် အရွယ်ရှိသူဖြစ်လျှင် ပြစ်မှုမြောက်**မည်ဖြစ်ပါသည်။ ထို့ပြင် **မိမိ၏မယားဖြစ်သော်လည်း အသက် တစ်ဆယ့်ငါးနှစ်အောက်ဖြစ်လျှင် မုဒိမ်းမှုမြောက်**မည်ဖြစ်ပါသည်။

မုဒိမ်းမှုသည် အကျင့်စာရိတ္တကို ဖောက်ဖျက်ကျူးလွန်သော ပြစ်မှုအမျိုးအစားတွင်ပါဝင်ပြီး အလွန်စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့်ပြစ်မှုဖြစ်ပါသည်။ လူ့အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းတွင် ထိုပြစ်မှုအမျိုးအစားများ နည်းနိုင်သမျှ နည်းပြီး ပပျောက်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။ ထို့ကြောင့် ထိုသို့ ဥပဒေကို ပြင်ဆင်ပြီး အသက်ပြဋ္ဌာန်းချက်ကို မူလကထက် ပိုမိုမြှင့်တင်ခဲ့သဖြင့် မုဒိမ်းမှုများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် အရေးယူနိုင်ပြီး အမျိုးသမီးများကို ပိုမိုကာကွယ်စောင့်ရှောက်မှုပေးနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ဥပဒေကို ပြင်ဆင်ခဲ့ခြင်းသည် ကောင်းမွန်သောဆောင်ရွက်မှုဖြစ်ပါသည်။

မုဒိမ်းမှုအတွက် ပြစ်ဒဏ်ကို ရာဇသတ်ကြီးပုဒ်မ ၃၇၆ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

"မုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ မုဒိမ်းကျင့်ခံရသောမိန်းမသည် မိမိ၏မယားဖြစ်၍ အသက်တစ်ဆယ့်နှစ်နှစ်အောက် မဟုတ်လျှင်မူကား မုဒိမ်းကျင့်သော ထိုလင်ကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။"

အထက်ပါပြဋ္ဌာန်းချက်ကို (၇-၁-၂၀၁၆)ရက်နေ့က ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် ရာဇသတ်ကြီးကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၇ တွင် အောက်ပါအတိုင်းပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်-

"ရာဇသတ်ကြီးပုဒ်မ ၅၅၊ ၇၅၊ ပုဒ်မ ၁၁၅ ပထမအပိုဒ်၊ ပုဒ်မ ၁၁၅ ၏ ဥပမာ၊ ပုဒ်မ ၁၁၈ ပထမအပိုဒ်၊ ပုဒ်မ ၁၁၉ စတုတ္ထအပိုဒ်၊ ပုဒ်မ ၁၂၂၊ ပုဒ်မခွဲ (၁)နှင့် ပုဒ်မခွဲ (၂)၊ ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၁၂၅၊ ၁၂၈၊ ၁၃၀၊ ၁၃၁၊ ၁၃၂၊ ပုဒ်မ ၁၉၄ ပထမအပိုဒ်၊ ပုဒ်မ ၁၉၅၊ ပုဒ်မ ၁၉၅ ၏ ဥပမာ၊ ပုဒ်မ ၂၀၁ တတိယအပိုဒ်၊ ပုဒ်မ၂၁၁ ဒုတိယအပိုဒ်၊ ပုဒ်မ ၂၁၂ တတိယအပိုဒ်နှင့် ဥပမာ၊ ပုဒ်မ၂၁၃ တတိယအပိုဒ်၊ ပုဒ်မ ၂၁၄ တတိယအပိုဒ်၊ ပုဒ်မ ၂၁၆၊ ပုဒ်မ ၂၂၁ တတိယအပိုဒ်၊ ပုဒ်မ ၂၂၂ ဒုတိယအပိုဒ်၊ ပုဒ်မ ၂၂၅ ဒုတိယအပိုဒ်နှင့် ပဉ္စမအပိုဒ်၊ ပုဒ်မ ၂၃၂၊ ၂၃၈၊ ၂၅၅၊ ပုဒ်မ ၃၀၂ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (က)နှင့် ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၀၄၊ ၃၀၅၊ ပုဒ်မ ၃၀၇ ပထမအပိုဒ်နှင့် ဒုတိယအပိုဒ်၊ ပုဒ်မ ၃၁၁၊ ၃၁၃၊ ပုဒ်မ ၃၁၄ ဒုတိယအပိုဒ်၊ ပုဒ်မ ၃၂၆၊ ၃၂၉၊ ၃၆၄၊ ၃၇၁၊ ၃၇၆၊ ၃၇၇၊ ၃၈၈ ၊ ၃၈၉ ၊ ၃၉၄၊ ၃၉၅၊ ၃၉၆၊ ၄၀၀၊ ၄၀၉၊ ၄၁၂၊ ၄၁၃၊ ၄၃၆၊ ၄၃၈၊ ၄၄၉၊ ၄၅၀၊ ၄၅၉၊ ၄၆၀၊ ၄၆၇၊ ၄၇၂၊ ၄၇၄၊ ၄၇၅၊ ၄၇၇၊ ပုဒ်မ ၄၈၉-က၊ ပုဒ်မ ၄၈၉-ခ နှင့် ပုဒ်မ ၄၈၉-ဃ တို့တွင်ပါရှိသော 'transportation for life' ဆိုသည့်စကားရပ်တို့ကို 'imprisonment for a term of twenty years' ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်"

ထို့ကြောင့် မုဒိမ်းမှုအတွက် ပြစ်ဒဏ်သည် "မုဒိမ်းမှုကျူးလွန်သူကို ထောင်ဒဏ် နှစ်ဆယ်နှစ်ဖြစ်စေ၊ ဆယ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်"ဟု ပြင်ဆင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မုဒိမ်းမှုတွင် အများဆုံးပြစ်ဒဏ် ချမှတ်မည်ဆိုပါက ထောင်ဒဏ်အနှစ်နှစ်ဆယ် ချမှတ်ရမည်ဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင် သက်ငယ်မုဒိမ်းဆိုသည့်ပြစ်မှုများကို ထိရောက်ဟန့်တားသောပြစ်ဒဏ် ချမှတ်ကြပါသည်။ ထို့ပြင် သက်ငယ်မုဒိမ်းမှုများကို သေဒဏ်ထိ ချမှတ်ရန် ပြစ်ဒဏ်ကို ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်း ယူဆသူများလည်းရှိပါသည်။ ငယ်ရွယ်နုနယ်သည့် မိန်းကလေးများကို ဘဝပျက်အောင် ယုတ်မာရက်စက်စွာ ပြစ်မှုကျူးလွန်သောသူများကို ထိထိရောက်ရောက် အပြစ်ပေးနိုင်ရန်နှင့် ထိုသို့ကျူးလွန်မှုများ မကျူးလွန်ဝံ့အောင် ဆောင်ရွက်မှုများအတွက် လိုလားစွာ ထောက်ခံရမည်ဖြစ်ပါသည်။

ကလေးသူငယ်ဆိုသည့် အဓိပ္ပာယ်ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၃ ဖြင့် ၁၄-၇-၁၉၉၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ကလေးသူငယ်ဥပဒေ၏ပုဒ်မ ၂ ပုဒ်မခွဲ(က)တွင် "ကလေးသူငယ်ဆိုသည်မှာ အသက် တစ်ဆယ့်ခြောက်နှစ် မပြည့်သေးသူကို ဆိုသည်။ ပုဒ်မခွဲ(ခ)တွင် လူငယ်ဆိုသည်မှာ အသက် တစ်ဆယ့်ခြောက်နှစ်ပြည့်ပြီး အသက် တစ်ဆယ့်ရှစ်နှစ် မပြည့်သေးသူကိုဆိုသည်"ဟု ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် အသက် တစ်ဆယ့်ခြောက်နှစ်မပြည့်သေးသော မိန်းကလေးတစ်ယောက်အပေါ် မုဒိမ်းမှုကျူးလွန်သည်ဆိုပါက ကလေးသူငယ်အပေါ် မုဒိမ်းမှုကျူးလွန်သည်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အသက် တစ်ဆယ့်ခြောက်နှစ်မပြည့်သေးသော မိန်းကလေးအပေါ် ကျူးလွန်သည့် မုဒိမ်းမှုများအား ထိရောက်ဟန့်တားသောပြစ်ဒဏ်၊ အမြင့်ဆုံးပြစ်ဒဏ်များ ချမှတ်သင့်ပါသည်။ အမြင့်ဆုံးပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် နှစ် ၂၀ ချမှတ်ရမည် ဖြစ်ပါသည်။

ဤနေရာတွင် အမှန်တကယ်ဖြစ်ပေါ်လျက်ရှိသော အမှုအချို့ရှိပါသည်။ အမျိုးသားတစ်ဦးနှင့် အသက် တစ်ဆယ့်ခြောက်နှစ် မပြည့်သေးသော မိန်းကလေးတစ်ဦးတို့ သမီးရည်းစားဖြစ်ကြပြီး ခိုးရာလိုက်ပြေးကြသည်။ မိန်းကလေးမိဘများက သဘောမတူသဖြင့် အမှုဖွင့်တိုင်ကြားသည်။ ယခင်က ထိုသို့သောအမှုများသည် ရာဇသတ်ကြီးပုဒ်မ ၃၆၁ တွင် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှ လူခိုးမှုမြောက်ပါသည်။ ထိုပြစ်မှုအတွက် ပြစ်ဒဏ်မှာ ရာဇသတ်ကြီးပုဒ်မ ၃၆၃ အရ ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ရာဇသတ်ကြီးကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းပြီးနောက်တွင် အဆိုပါ လူခိုးမှုသည် လူခိုးမှုဖြင့် အရေးယူ၍ မရနိုင်တော့ပါ။ မိန်းကလေးက သဘောတူပြီး ခိုးရာလိုက်ပြေးခြင်းဖြစ်သော်လည်း အသက် တစ်ဆယ့်ခြောက်နှစ်အောက် မိန်းကလေးနှင့် ပေါင်းသင်းခြင်းဖြစ်သဖြင့် မိန်းကလေးက သဘောတူသည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ မုဒိမ်းမှုမြောက်သည် ဆိုသည့်အချက်နှင့် ငြိစွန်းသောကြောင့် ထိုအမှုများကို ယခုအချိန်တွင် မုဒိမ်းမှုဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ရပါသည်။ ထို့ပြင် ကလေးသူငယ်အပေါ် ကျူးလွန်သော မုဒိမ်းမှုအမျိုးအစားတွင်လည်း အကျုံးဝင်သွားပါသည်။ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များကလည်း ထိရောက်ဟန့်တားသော ပြစ်ဒဏ်ချမှတ်ရန် ဆောင်ရွက်ကြရပါသည်။

ဖြစ်စဉ်အချို့တွင် သမီးရည်းစားခိုးပြေးရာ၌ မိန်းကလေးမှာ အသက်တစ်ဆယ့်ငါးနှစ်ကျော်ပြီး တစ်ဆယ့်ခြောက်နှစ်မပြည့်သေးသည့် အခြေအနေဖြစ်သဖြင့် ယောက်ျားလေးမှာ မုဒိမ်းမှုနှင့် အမှုဖွင့်ခံရပါသည်။ မိန်းကလေးကလည်း မိမိချစ်နှစ်သက်သဖြင့် သဘောတူလိုက်သွားခြင်းဖြစ်ကြောင်း ထွက်ဆိုပါသည်။ သို့သော် အသက်ပြဋ္ဌာန်းချက်အရ မုဒိမ်းမှုမြောက်နေသည်။ ထိုအမှုမပြီးမီပင် ထိုမိန်းကလေးမှာ ထိုယောက်ျားလေးနှင့်ရသော ကလေးကို ဖွားမြင်သည်။ အမှုပြီးချိန်တွင် ထိုယောက်ျားလေးမှာ မုဒိမ်းမှုပြစ်ဒဏ်အရ ထောင်ဒဏ် အနှစ် နှစ်ဆယ် ချမှတ်ခြင်းခံရသည်။ မိန်းကလေးမှာလည်း ခိုကိုးရာမဲ့ဖြစ်ပြီး ကလေးမှာလည်း သူ၏ဖခင်နှင့်အတူနေနိုင်သည့် အခြေအနေမရှိတော့သဖြင့် အလွန်ကြေကွဲဖွယ်ကောင်းသော ဖြစ်စဉ်ကို ကြုံတွေ့ရပါသည်။

အချို့သောအမှုများတွင် ထိုအဖြစ်အပျက်မျိုး၌ မိန်းကလေးက ရုပ်သိမ်းလွှာတင်သော်လည်း ကြီးလေးသောအမှုဖြစ်ပြီး ကလေးသူငယ်အပေါ် ကျူးလွန်သောမုဒိမ်းမှုဟု သတ်မှတ်ထားသည့်အတွက် ရုပ်သိမ်းခွင့်မပြုကြသည့် အမှုများလည်း ရှိပါသည်။ ကလေးသူငယ်အပေါ် လူမဆန်စွာ ရက်စက်ယုတ်မာစွာကျူးလွန်သော မုဒိမ်းမှုများအတွက် ထိရောက်ဟန့်တားသော မည်မျှကြီးမားသည့် ပြစ်ဒဏ်ချမှတ်သည်ဖြစ်စေ တရားမျှတပြီး ချမှတ်သင့်ပါသည်။ သို့ရာတွင် ယခုတင်ပြခဲ့သည့် ဖြစ်စဉ်များကဲ့သို့သော အခြေအနေမတူသည့် ဖြစ်ရပ်များတွင်မူ လျော်ကန်သင့်မြတ်သောအမိန့်ကိုသာ ချမှတ်သင့်ပါသည်။

မြန်မာနိုင်ငံ၏ကျေးလက်ဒေသများတွင် လူငယ်များသည် အရွယ်ရောက်လျှင် ထိမ်းမြားလက်ထပ်ခြင်းပြုကြပါသည်။ အရွယ်ရောက်ခြင်း၊ မရောက်ခြင်းကို အသက်နှင့်ပိုင်းခြားခြင်း မပြုကြပါ။ ယောက်ျားလေး၊ မိန်းကလေးတို့၏ ကိုယ်ကာယ၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့်သာ သက်ဆိုင်သဖြင့် အသက်တစ်ဆယ့်ခြောက်နှစ်မပြည့်သေးသော မိန်းကလေးများမှာလည်း ထိမ်းမြားလက်ထပ်သည့်ဓလေ့သည် ဖြစ်စဉ်များစွာတွင် တွေ့ကြုံရပါသည်။ အချို့သော ဘာသာများနှင့် ဓလေ့ထုံးစံများတွင် သားသမီးများအရွယ်ရောက်လျှင် မိဘအုပ်ထိန်းသူများက ထိမ်းမြားလက်ထပ်ပေးသည့် အစဉ်အလာများလည်း ရှိပါသည်။ လူငယ်များ၏ အရွယ်ရောက်မှုအပေါ်မူတည်ပြီး ဆောင်ရွက်ကြပါသည်။ ဤသို့သောအခြေအနေများတွင် မိန်းကလေးသည် အသက်တစ်ဆယ့်ခြောက်နှစ် မပြည့်သည်လည်း ရှိတတ်ပါသည်။ ဤကိစ္စများကို မုဒိမ်းမှုဟု အမှုဖွင့်အရေးယူပြီး ထိရောက်ဟန့်တားသော ပြစ်ဒဏ်ချမှတ်ရန် သင့်၊ မသင့်လည်း သုံးသပ်သင့်ပါသည်။ ပြစ်မှုကျူးလွန်ရာတွင် ကျူးလွန်သူ၏ ရည်ရွယ်ချက်၊ ပြစ်မှုမကင်းသောစိတ်တို့မှာ ပြစ်မှု၊ ပြစ်ဒဏ်ကို ချင့်ချိန်ရာတွင် အလွန်အရေးကြီးသည့်အချက်များ ဖြစ်ပါသည်။

ရောဂါများကိုကုသရာတွင် အလွန်ကောင်းသောဆေးဝါးများ ရှိပါသည်။ သို့ရာတွင် အချို့နေရာများ၌ ဘေးထွက်ဆိုးကျိုးများလည်း ရှိတတ်ပါသည်။ မုဒိမ်းမှုနှင့်သက်ဆိုင်သောအမှုများကို ထိရောက်စွာအရေးယူနိုင်ရန်နှင့် မိန်းကလေးများ၏ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဥပဒေများကိုပြင်ဆင်ခြင်းသည် ကောင်းသောစေတနာနှင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် ယခုတင်ပြခဲ့သည့် ဖြစ်စဉ်များနှင့် အလားတူဖြစ်ရပ်များတွင် မည်သို့ကုစားဆောင်ရွက်ပေးသင့်သည်ကိုလည်း စဉ်းစားသုံးသပ်နည်းလမ်းရှာဖွေသင့်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

> **"အချို့သောဘာသာများနှင့် ဓလေ့ထုံးစံများတွင် သားသမီးများအရွယ်ရောက်လျှင် မိဘအုပ်ထိန်းသူများက ထိမ်းမြားလက်ထပ်ပေးသည့် အစဉ်အလာများလည်း ရှိပါသည်။ လူငယ်များ၏ အရွယ်ရောက်မှုအပေါ်မူတည်ပြီး ဆောင်ရွက်ကြပါသည်။ ဤသို့သောအခြေအနေများတွင် မိန်းကလေးသည် အသက်တစ်ဆယ့်ခြောက်နှစ် မပြည့်သည်လည်း ရှိတတ်ပါသည်။ ဤကိစ္စများကို မုဒိမ်းမှုဟု အမှုဖွင့်အရေးယူပြီး ထိရောက်ဟန့်တားသော ပြစ်ဒဏ်ချမှတ်ရန် သင့်၊ မသင့်လည်း သုံးသပ်သင့်ပါသည်။"**

# အစိုးရနှင့် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်း ခုနစ်ဖွဲ့ တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၁၄**
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်လာသည့် မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်း ခုနစ်ဖွဲ့တို့သည် နိုင်ငံတော်အစိုးရနှင့် မကြာခင် ပြန်လည်တွေ့ဆုံမည်ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ရှိနေမည် ဖြစ်ကြောင်း ယနေ့မွန်းလွဲ ၂ နာရီခွဲက Horizon Lake View ဟိုတယ်မှ နေပြည်တော်လေဆိပ်သို့ ပြန်လည်မထွက်ခွာမီ KIO(ကချင်လွတ်မြောက်ရေးအဖွဲ့) ဒုတိယ ဥက္ကဋ္ဌ အက်စ်ဂွမ်မော်က ပြောကြားသည်။

KIO ဒုတိယဥက္ကဋ္ဌ အက်စ်ဂွမ်မော်က “ကျွန်တော်တို့ ခုနစ်ဖွဲ့လုံး ပြန်ပါပြီ။ နောက်ပြန်လာနိုင်ဖို့ ကြိုးစားပါမယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်က ဆက်ပြီးရှိမှာပါ။ ဒီဘက်(အစိုးရ၊ တပ်မတော်)ကနေ ပို့လိုက်တဲ့သတင်းတွေ ကျွန်တော်တို့ အကုန်လုံးယူသွားပါပြီ။ သေချာဆွေးနွေးပါမယ်”ဟု ပြောကြားခဲ့သည်။

မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်း ခုနစ်ဖွဲ့သည် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၏ ကြားဝင်ညှိနှိုင်းပေးမှု၊ အစိုးရနှင့် တပ်မတော်တို့၏ ဖိတ်ခေါ်မှုကြောင့် ဇူလိုင် ၉ ရက်နှင့် ၁၀ ရက်က နေပြည်တော်သို့ရောက်ရှိ၍ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

UWSA ၏ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ အန်းမေက “ငြိမ်းချမ်းရေးကော်မရှင်က ကျွန်တော်တို့ အဖွဲ့အားလုံးကို တရားဝင်တွေ့ဆုံတယ်ဆိုတော့ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးလမ်းစဉ် ပထမခြေလှမ်းကို ယူလိုက်တယ်လို့ မြင်ပါတယ်။ ပြန်လည်တွေ့ဆုံဖို့က နောက်မှ အချိတ်အဆက်လုပ်ပြီးတွေ့ပါမယ်”ဟု ပြောသည်။

နေပြည်တော်သို့ ရောက်ရှိလာသော မြန်မာနိုင်ငံ မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့အား ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်တို့ကလည်း တရားဝင်သွားရောက်တွေ့ဆုံခဲ့သလို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ကလည်း မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့အား ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သုံးဖွဲ့၊ လေးဖွဲ့စီခွဲ၍ သီးခြားစီ လက်ခံတွေ့ဆုံသည်။

AA၊ MNDAA နှင့် TNLA သုံးဖွဲ့ NCA သို့ ပါဝင်လာနိုင်ရေးအတွက် ညီလာခံ တတိယအစည်းအဝေး အပြီးတွင် ညှိနှိုင်းသွားမည်ဖြစ်သော်လည်း KIA၊ UWSA၊ NDAA၊ SSPP တို့နှင့် တန်းတူဆွေးနွေး မည်မဟုတ်ဘဲ ပုံစံတစ်မျိုးဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်း နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ကပြောကြားထားပြီး အစိုးရနှင့် မြောက်ပိုင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့တို့ တရားဝင်တွေ့ဆုံမှု၊ အလွတ်သဘော ဆွေးနွေးမှု များ ဆက်တိုက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲခေါင်ညွန့်**



မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့မှ ကိုယ်စားလှယ်အချို့အား တရုတ်နိုင်ငံ ကူမင်းမြို့သို့ ပြန်လည်မထွက်ခွာမီ Horizon Lake View ဟိုတယ်၌ တွေ့ရစဉ်။ ဓာတ်ပုံ- ဖိုးထောင်

# ဘယ်လိုပဲ ကွဲပြားစေကာမူ အားလုံးရဲ့စိတ်ထဲမှာ တစ်စိတ်တစ်ဝမ်းတည်းဖြစ်တာကိုတော့ ဝမ်းသာပါတယ်

## ဦးရည်မွန်(ခ)မောင်တင်သစ်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး စတုတ္ထနေ့ အစုအဖွဲ့အလိုက် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**စိုင်းကျော်ညွန့်(UPDJC အတွင်းရေးမှူး)**

နိုင်ငံရေးကဏ္ဍမှာတော့ ကျား၊ မဆိုင်ရာ တန်းတူညီမျှရေးတစ်ခုတည်းပဲ ဆွေးနွေးတာပါ။ ဒီခေါင်းစဉ်အောက်မှာတော့ အချက်က လေးချက်ရှိပါတယ်။ လေးပိုဒ်ရှိတယ်။ ပထမအပိုဒ်က အဓိက ကျား၊ မ လိင်ကွဲပြားမှုနဲ့ ပတ်သက်ပြီး ခွဲခြားဆက်ဆံမှုမရှိစေရနဲ့ တန်းတူညီမျှရှိစေရမယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ အမျိုးသမီးတွေ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရေးဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ တတိယအချက်ကတော့ လိင်ပိုင်းဆိုင်ရာ အခြေပြုပြီး အကြမ်းဖက်မှုနဲ့ သက်ဆိုင်တဲ့ဥပဒေကို ပြဋ္ဌာန်းပေးရမယ်ဆိုတဲ့ အချက်ရယ် စတုတ္ထအချက်ကတော့ နှစ်ကာလရှည်စွာ ဦးစားပေးမှု မရှိခဲ့တဲ့ အမျိုးသမီးတွေရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးဖို့ အစီအစဉ်နဲ့ ဘယ်လိုမူဝါဒချမှတ်နိုင်မယ်ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။

စကားလုံးပြင်ဆင်တယ်ဆိုတာက တစ်ဖွဲ့က ပြင်ပြီဆိုရင် ကျန်တဲ့အဖွဲ့တွေကလည်း အကုန်လုံးလိုက်ပြီး ပြင်တာတွေ ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ကတော့ အဆိုပြုထားပါတယ်။ မူရင်း UPDJC မှာ တင်သွင်းလာတဲ့ အဆိုပြုလွှာဆိုရင် ကျစ်လျစ်သိပ်သည်းပြီးသားပါ။ လိုချင်တဲ့ အချက်ကလည်း သူ့ဟာနဲ့သူ ပါဝင်ပြီးသား ဆိုတော့ မူရင်း UPDJC ရဲ့ အဆိုပြုချက်က ကောင်းမွန်ပြီးသားပါ။ ပြင်စရာရှိရင်လည်း ပြင်ပါ။ အတိုင်းအတာ တစ်ခုအထိ လိုရင်းကို ရောက်ပြီးသားဆိုတော့ အဲဒီအပေါ်မှာဘဲ ဝိုင်းဝန်းပြီး ထပ်ဆင့်ဆုံးဖြတ်ချက်ချပေးဖို့ ဆိုပြီး ကျွန်တော့အနေနဲ့ request လုပ်ပါတယ်။ အားလုံး ရှေ့ဆက်ညှိနှိုင်းတဲ့အခါမှာ အဖွဲ့တော်တော်များများက အဆင်ပြေပါပြီ။ ဒီနေ့ ကျန်တဲ့အစုအဖွဲ့မှာ ဒါတွေကို အတည်ပြုနိုင်လိမ့်မယ်လို့ ကျွန်တော်မြင်ပါတယ်။ UPDJC ရဲ့ ဆုံးဖြတ်ချက်အတိုင်းပါ။



စိုင်းကျော်ညွန့်



ဦးရည်မွန်(ခ)မောင်တင်သစ်



ဒေါ်ဇင်မာအောင်

**ဦးရည်မွန်(ခ)မောင်တင်သစ်(လွှတ်တော်အစုအဖွဲ့)**

ကျွန်တော်က လွှတ်တော်အစုအဖွဲ့ထဲက လူမှုရေးကဏ္ဍမှာ တာဝန်ယူဆွေးနွေးနေပါတယ်။ မနေ့က ကျွန်တော်တို့ ကဏ္ဍအလိုက်ဆွေးနွေးပွဲမှာ ဘာတွေဆွေးနွေးခဲ့တယ်ဆိုတာကို ကိုယ့်အစုအဖွဲ့မှာ မျှဝေတဲ့အစီအစဉ်ပါ။ လုံခြုံရေးကဏ္ဍအနေနဲ့ တတိယအစည်းအဝေးအထိတော့ သဘောတူညီချက် မချနိုင်သော်လည်း ဆွေးနွေးမှုတွေတော့ ဆက်တိုက်ရှိနေပါတယ်။ တရားဝင်ဆွေးနွေးပွဲတွေ၊ အလွတ်သဘော ဆွေးနွေးမှုတွေလည်း ရှိနေပါတယ်။ လာမယ့်အစည်းအဝေးမှာတော့ လုံခြုံရေးကလည်း သဘောတူညီချက် ပေါ်ထွက်လာအောင် အားလုံး ကြိုးစားမယ်ဆိုတာကို မနေ့က အစည်းအဝေးမှာ တပ်မတော်၊ EAOs တို့က ပြောဆိုသိခဲ့ရတာတွေကို ပြန်ပြီး မျှဝေပါတယ်။

လုံခြုံရေးကဏ္ဍနဲ့ပတ်သက်လို့ အစိုးရအစုအဖွဲ့၊ တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့၊ နိုင်ငံရေးပါတီအစုအဖွဲ့တွေကြားထဲမှာ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ယုံကြည်မှုပိုရှိအောင်၊ ပိုတိုးတက်လာအောင် အထူးသဖြင့် အပြန်အလှန် ပိုပြီးနားလည်မှုရရှိအောင် ကြိုးစားနေတဲ့ အခြေအနေ ဖြစ်ပါတယ်။ အခုညီလာခံမှာ မြောက်ပိုင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့လုံး လာတက်တဲ့အတွက် ဝမ်းမြောက်စရာကိစ္စဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခုအချိန်အထိ NCA လက်မှတ်ရေးထိုးတဲ့အဖွဲ့တွေ ရှိသလို မထိုးရသေးတဲ့ အဖွဲ့တွေလည်း ရှိတယ်ပေါ့။ ဘယ်လိုပဲကွဲပြားစေကာမူ အားလုံးရဲ့ စိတ်ထဲမှာ တစ်စိတ်တစ်ဝမ်းတည်းဖြစ်တာကိုတော့ ဝမ်းသာပါတယ်။ အဲဒီအတွက် အမြန်ဆုံးနည်းနဲ့ နိုင်ငံရေးဆွေးနွေးပြီးတော့ အဖြေရှာကြမယ်။ လက်မှတ်မထိုးရ သေးတဲ့အဖွဲ့တွေလည်း မကြာခင်မှာ လက်မှတ်ရေးထိုးလာနိုင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

**ဒေါ်ဇင်မာအောင်(လွှတ်တော်အစုအဖွဲ့)**

ကျွန်မက လွှတ်တော်အစုအဖွဲ့အနေနဲ့ လူမှုရေးကဏ္ဍမှာ ဦးဆောင်ပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ မနေ့က ကဏ္ဍအလိုက်ဆွေးနွေးခဲ့တဲ့အပေါ်မှာ လွှတ်တော်အစုအဖွဲ့ကို အဲဒီဆွေးနွေးချက်တွေပြန်တင်ပြပြီး အတည်ပြုချက် ရယူတယ်။ လူမှုရေးကဏ္ဍရဲ့ အဓိကဖြစ်တဲ့ ထူထောင်ရေး၊ ပြန်လည်နေရာချထားရေးနဲ့ လူမှုဘဝ ဖူလုံရေးကိစ္စရပ်တွေအပေါ် ဆောင်ရွက်တဲ့နေရာ၊ ဆုံးဖြတ်ချက်ချတဲ့နေရာ၊ စီမံကိန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာတွေမှာ အနည်းဆုံး အမျိုးသမီး ၃၀ ရာခိုင်နှုန်း ပါဝင်ဖို့ ကိစ္စရပ်ပါပါတယ်။ ပညာရေးနဲ့ပတ်သက်လို့ အားလုံး လက်လှမ်းမီ လွှမ်းခြုံနိုင်တဲ့ ပညာရေးမျိုးအတွက်ကိုလည်း ဆောင်ရွက်ဖို့ဆိုတဲ့ အချက်ပါတယ်။ သက်ကြီးရွယ်အိုတွေ၊ အမျိုးသမီးတွေ၊ ကလေးသူငယ်တွေ၊ မသန်စွမ်းတွေနဲ့ ပတ်သက်တဲ့အခွင့်အရေးတွေကို ကာကွယ်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းပေးဖို့ကိစ္စတွေလည်း ပါတယ်။ စုစုပေါင်း ခုနစ်ချက် ထဲမှာ ကလေးသူငယ်အခွင့်အရေး သိသိနဲ့ ချိုးဖောက်မှုတွေကို ကာကွယ်စောင့်ရှောက်ပေးဖို့ဆိုတဲ့ မူဝါဒချမှတ်ပေးဖို့တွေ ပါပါတယ်။

ပထမအစည်းအဝေးမှာ မူးယစ်ဆေးဝါးကို အမျိုးသားရေးတာဝန်အနေနဲ့ တိုက်ဖျက်ရမယ်ဆိုတာကို ဘယ်လိုတိုက်ဖျက်မလဲ ဆိုတာတွေပေါ့။ မူးယစ်ဆေးဝါး သုံးစွဲမှုကိုလျှော့ချတာရယ်၊ ကာကွယ်တာရယ် သဘော သဘာဝနယ်ပယ်ချင်းက မတူဘူး။ သုံးစွဲမှုကိုလျှော့ချဖို့ ကိစ္စရပ်ကိုလည်း ကျွန်မတို့ ဒီမူထဲမှာ ထည့်ပြီးရေးဆွဲတဲ့ အခါမှာ နိုင်ငံတော်အနေနဲ့ လူထုအခြေပြု သီးခြားရန်ပုံငွေ ထားပြီးလုပ်ဖို့ကိစ္စကိုလည်း ကျွန်မတို့ ဆွေးနွေးကြပါတယ်။ ဆွေးနွေးကြတဲ့အခါမှာ မူအနေနဲ့တော့ ပိုပြီးတော့ ကျစ်လျစ်ခိုင်မာတဲ့အချက်တစ်ချက်ဖြစ်ဖို့ သဘောတူခဲ့ကြတာရှိတယ်ဆိုတော့ ကျွန်မတို့ အကာအကွယ်ဖြစ်တာကတော့ အမျိုးသမီးတွေ ပူးပေါင်းပါဝင်ဖို့၊ ကလေးသူငယ် အခွင့်အရေး၊ သက်ကြီးရွယ်အိုတွေ၊ မသန်စွမ်းသူတွေရဲ့ အခွင့်အရေးကို အကာအကွယ်ဖြစ်မယ့် မူတွေချမှတ်နိုင်ခဲ့တယ်။ မူးယစ်ဆေးဝါးနဲ့ပတ်သက်တာတွေ အထူးသဖြင့် ကလေးသူငယ်တွေအပေါ်မှာ ကြီးလေးတဲ့ ချိုးဖောက်မှုတွေကို EAOs၊ တပ်မတော်၊ အစိုးရတို့ဘက်ကရော အားလုံးရှောင်ကြဉ်ဖို့ကိစ္စ အဲဒီမူဝါဒတွေကို ချမှတ်ထားတာ အားလုံး ခုနစ်ချက်ပါ။ အကြောင်းအရာအပေါ်မှာတော့ အကြိတ်အနယ် ဆွေးနွေးခဲ့ရတာ မရှိပါဘူး။ ဒါပေမယ့် မူထဲမှာထည့်တဲ့အခါမျိုးမှာ စကားရပ်တွေ၊ စကားလုံးတွေအပေါ်မှာတော့ တစ်ယောက်နဲ့တစ်ယောက် အဓိပ္ပာယ်ဖွင့်ဆိုပုံတွေ၊ နားလည်ပုံတွေ မတူကြတော့ အဲဒီအပေါ်မှာတော့ အကြိတ်အနယ်ညှိနှိုင်းရတာတွေ ရှိတယ်။ တချို့မှတ်ချက်တွေကို ဘယ်နေရာမှာထားမလဲ၊ ဒါက Union Accord ထဲမှာ ပါသွားမှာ ဖြစ်တဲ့အတွက် ဖောင်းပွနေလို့ မဖြစ်ပါဘူး။ မူဖြစ်တဲ့အတွက် မူနဲ့တူနေဖို့ လိုပါတယ်။ ဖြုတ်လိုက်တဲ့မှတ်ချက်တွေကိုလည်း Union Accord ထဲမပါပေမယ့် ကိုးကားစရာအဖြစ် ဘယ်နေရာမှာ ထားမလဲဆိုတာကိုတော့ အကြိတ်အနယ် ဆွေးနွေးခဲ့တာ ရှိပါတယ်။ ဒါတွေကလည်း သက်ဆိုင်ရာ UPDJC အတွင်းရေးမှူးအဖွဲ့ကို တင်ပြပြီးတော့ အဟောသိကံ မဖြစ်ရအောင် ပြန်ကိုးကားပြီးတော့ တစ်နေရာရာမှာ ရှိနေရမှာပါ။ Union Accord က မူဝါဒဆွေးနွေးတာ ဖြစ်တဲ့အတွက် ကျစ်လျစ်သိပ်သည်းပြီးတော့ မူဝါဒရဲ့ အင်္ဂါရပ်တွေနဲ့ ညီညွတ်အောင်တော့ အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ ဆွေးနွေးရတဲ့အပိုင်းတွေရှိပါတယ်။

**အမေးအရေး- အေးအေးသန့်**
**ဓာတ်ပုံ- ဟန်လင်းနိုင်**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၄**
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ဧပြီ ၁ ရက်မှ ဇူလိုင် ၃၁ ရက် အထိ နေ့စဉ်နံနက် ၆ နာရီမှစ၍ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ ‘ဝ’၊ ကချင်၊ ကယား ဘာသာအစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ဩဂုတ် ၁ ရက်မှစ၍ နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ်နံနက် ၆ နာရီ မှ ၇ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ် နံနက် ၇ နာရီမှ ၈ နာရီအထိ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ ၁၀ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မွန်ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရခိုင်ဘာသာ အစီအစဉ်၊ မွန်းလွဲ ၂ နာရီ မှ ညနေ ၄ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ညနေ ၄ နာရီ မှ ၆ နာရီအထိ ‘ဝ’ ဘာသာ အစီအစဉ်၊ ညနေ ၆ နာရီ မှ ည ၈ နာရီအထိ ကချင်ဘာသာ အစီအစဉ်၊ ည ၈ နာရီ မှ ၁၀ နာရီအထိ ကယားဘာသာ အစီအစဉ်၊ ည ၁၀ နာရီ မှ ၁၁ နာရီအထိ စကောကရင်ဘာသာ အစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်သည်။ **သတင်းစဉ်**

# ရန်ကုန်မြို့၌ (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး အစမ်းလေ့ကျင့်

**ရန်ကုန် ဇူလိုင် ၁၄**

(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် အစမ်းလေ့ကျင့်ခြင်းတို့ကို ယနေ့နံနက် ၉ နာရီက ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်ကွပ်ကဲရေးရုံးနှင့် အာဇာနည်ဗိမာန်နေရာ၌ ကျင်းပရာ (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်အမှာစကားပြောကြားသည်။



အခမ်းအနားတွင် ဝန်ကြီးချုပ်က ဇူလိုင် ၁၇ ရက်တွင် ဝတ်စုံပြည့် အစမ်းလေ့ကျင့်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ခြင်းကြောင့် ယနေ့တွင် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းရန်အတွက် အစည်းအဝေးခေါ်ခြင်းဖြစ်ကြောင်း၊ ဇူလိုင် ၁၇ ရက်တွင် ဒုတိယသမ္မတ တက်ရောက်စစ်ဆေးမည်ဖြစ်၍ လိုအပ်ချက်ရှိမည့်လုပ်ငန်းကိစ္စရပ်များအားလုံးကို ယနေ့တွင် အပြီးသတ် ညှိနှိုင်းကြရန်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

"ဇူလိုင် ၁၇ ရက်မှာ အာဇာနည်နေ့အတွက် လိုအပ်ချက်ရှိလာမယ်ဆိုရင် ဇူလိုင် ၁၈ ရက်မှာ အပြီးအပြတ်အကုန်လုံး လုပ်ကြရမှာဖြစ်ပါတယ်၊ အဓိကမှာကြားလိုတာက လုံခြုံရေးပိုင်းဆိုင်ရာ ကိစ္စဖြစ်ပါတယ်၊ လုံခြုံရေးကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်ဖို့လိုပါတယ်၊ နိုင်ငံတော်အကြီးအကဲများ တက်မှာဖြစ်တဲ့အတွက် အလေးပြုချိန်မှာ အဆင်ပြေချောမွေ့နိုင်ဖို့ ဒီနေ့ အစမ်းလေ့ကျင့်မှုမှာ စနစ်တကျပြင်ဆင်ဆောင်ရွက်ဖို့ဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

ယင်းနောက် အခမ်းအနားပြင်ဆင်ရေးနှင့် စီစဉ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေးဆပ်ကော်မတီ၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ပြသရေးဆပ်ကော်မတီ၊လွမ်းသူ့ပန်းခွေချ အလေးပြုအခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)အလံတင်အခမ်းအနားကျင်းပရေးဆပ်ကော်မတီတို့မှ ဆွေးနွေးတင်ပြကြရာ ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက အာဇာနည်ဗိမာန်တွင် အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ယနေ့အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဇာနည်မောင်၊ အေးမင်းသူ**

# အာဇာနည်နေ့အခမ်းအနားကျင်းပရန် လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇူလိုင် ၁၄**

အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ဇူလိုင် ၁၉ ရက်၌ ကျရောက်မည့် (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့သည်။

ညှိနှိုင်းအစည်းအဝေးကို အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်တို့က အမှာစကားများ ပြောကြားကြသည်။



ထို့နောက် ဇူလိုင် ၁၉ ရက်တွင် အင်းစိန်၊ အောင်ဆန်း၊ မဟာမြိုင်ကျောင်းတိုက်ရှိ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ပြီး အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက် အောင်ဆန်းစက်မှုလက်မှု အထက်တန်းကျောင်းဝင်း ဗိုလ်ချုပ်ပန်းခြံရှိ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုရှေ့၌ မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ပါတီအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ သွားရောက်၍ လွမ်းသူ့ပန်းခွေချ အလေးပြုကြရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**၆၈၄**

# (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား မြောင်းမြမြို့ မြကန်သာပန်းခြံ၌ ပြုလုပ်မည်

**မြောင်းမြ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနား စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယခင်ပြုလုပ်နေသည့် ကျောက်တိုင်တွင် မပြုလုပ်ဘဲ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုထားရှိမည့် မြကန်သာပန်းခြံရှိ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုရင်ပြင်၌ ပြုလုပ်မည်ဖြစ်ကြောင်း (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အခမ်းအနားကျင်းပရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက ပြောသည်။

ယခင်အာဇာနည်နေ့ အခမ်းအနားပြုလုပ်သည့်ကျောက်တိုင်မှာ ဖက်ဆစ်ဂျပန်များအား တော်လှန်ခဲ့သည့် မြန်မာမျိုးချစ်သခင်များ၏ အရိုးပြာအိုးများ မြှုပ်နှံထားသည့် ကျောက်တိုင်ဖြစ်သည်။ ၁၉၄၅ ခုနှစ် ဧပြီ ၄ ရက်တွင် မြောင်းမြမြို့ပေါ်ရှိသခင်များအား ဂျပန်ကင်ပေတိုင်များမှ ဖမ်းဆီးပြီး မြောင်းမြ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်များမှ တော်လှန်ရေးရဲဘော်သခင်များအား ဖမ်းဆီးကာ မြောင်းမြအကျဉ်းထောင်တွင် ချုပ်နှောင်ထားပြီး သခင်အယောက် ၄၀ အား ထိုနှစ် မေ ၆ ရက်တွင် မြောင်းမြမြို့ ပရဟိတဂေဟာ (ယခုအာဇာနည်ဘုန်းကြီးကျောင်းဝင်းအနီးရှိ) ရေတွင်းအနီးတွင်သတ်ခဲ့ပြီး ၎င်းတို့၏အရိုးပြာများကို မြှုပ်နှံထားသည့်ကျောက်တိုင်ဖြစ်ကြောင်း မြောင်းမြသမိုင်းမှတ်တမ်းများ၌ ဖော်ပြပါရှိသည်။ ယခုနှစ်မှစတင်၍ မြကန်သာပန်းခြံဝင်းရှိ လွတ်လပ်ရေးကျောက်တိုင်အနီး ဗိုလ်ချုပ်အောင်ဆန်းရုပ်တုထားရှိမည့်ရင်ပြင်တွင် အာဇာနည်နေ့အခမ်းအနားအား ပြုလုပ်သွားမည်ဖြစ်သည်။ မြောင်းမြမြို့ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ရင်ပြင်ဖြစ်မြောက်ရေးအဖွဲ့က ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုအား မန္တလေးမြို့မှ သယ်ဆောင်လာရာ ဇူလိုင် ၁၃ ရက်တွင် မြောင်းမြမြို့သို့ ရောက်ရှိ၍ အာဇာနည်နေ့အမီပြီးစီးအောင် ဆောင်ရွက်နေကြောင်း သိရသည်။ မြောင်းမြမြို့သည် ဒီးဒုတ်ဦးဘချိုရုပ်တု တည်ရှိရာမြို့ဖြစ်ရာ ယခု ဗိုလ်ချုပ်အောင်ဆန်းရုပ်တုအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးရုပ်တုနှစ်ခု တည်ရှိရာမြို့ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းသွင်(မြောင်းမြ)**

# မိုင်းယုမြို့တွင် အာဇာနည်နေ့ ဒို့မမေ့ ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မိုင်းယု ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ၏စိတ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများအား မမေ့မလျော့ အမြဲတမ်းအမှတ်ရနေခြင်း၊ အနာဂတ်ခေါင်းဆောင်ဖြစ်လာမည့် လူငယ်များအား ကိုယ်ကျိုးအတွက်မဟုတ် အများအကျိုးအတွက် စွန့်လွှတ်စွန့်စားလိုသော စိတ်ဓာတ်များ ရရှိစေခြင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများအား အစဉ်အမြဲ စိတ်ထဲအစဉ်စွဲမှတ်လျက် လေးစားအတုယူအားကျကာ နိုင်ငံချစ်စိတ်များဖြစ်ပေါ်လာစေရန် ရည်ရွယ်လျက် (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြိုအဖြစ် အာဇာနည်နေ့ ဒို့မမေ့ဟူသော ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၈ ဦးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

# အိမ်မဲမြို့တွင် အာဇာနည်နေ့ အထိမ်းအမှတ် ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**အိမ်မဲ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲကို ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီက အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အမက မြို့မ(၂)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၂ ဦး ပါဝင်ယှဉ်ပြိုင်ကြကာ ပထမဆုကို မောင်ဇော်ထူးမောင်၊ ဒုတိယဆုကို မောင်သန်းအောင်နှင့် တတိယဆုကို မောင်ထွန်းအောင်ကျော်တို့ကရရှိပြီး ဆုရရှိသူများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အာဇာနည်နေ့အထိမ်းအမှတ် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

**ငပလီ ဇူလိုင် ၁၄**

(၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို နံရံကပ်ဓာတ်ပုံပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ငပလီမြို့ မဇင်ရပ်ကွက် အမကကျောင်း၌ ကျင်းပသည်။

ထို့နောက် အာဇာနည်နေ့အကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ငပလီမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်ငြိမ်းက အာဇာနည်နေ့ စတင်ပေါ်ပေါက်လာပုံနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးအတွက် သက်စွန့်ဆံဖျားရယူကြိုးပမ်းမှုဂုဏ်ကျေးဇူးကို သိရှိစေရန်၊ ၁၉ ဇူလိုင်မမေ့နိုင် စသည့် ခေါင်းစဉ်များနှင့် စာပေ၏အကျိုးကျေးဇူးကို သိရှိနားလည်စေခြင်း၊ စာဖတ်ခြင်းအလေ့အထကောင်းရရှိစေရန် ကလေးများအား ဟောပြောသည်။

ဆက်လက်၍ အာဇာနည်နေ့အထိမ်းအမှတ်အကြို နံရံကပ်ဓာတ်ပုံများအား ကလေးငယ်များက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**နေမျိုးအောင်(ငပလီ)**

# ဖျာပုံမြို့၌ မူလတန်းအဆင့် ကျောင်းပေါင်းစုံကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**ဖျာပုံ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်၍ ဖျာပုံမြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူအသင်းတို့ ပူးပေါင်းကျင်းပသော (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် မူလတန်းအဆင့် ကျောင်းပေါင်းစုံကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စာအုပ်စာစောင် ချစ်မြတ်နိုးသူအသင်းဥက္ကဋ္ဌ ဦးဇေယျာဘုန်းမြင့်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အမှတ်ပေးစည်းမျဉ်းများအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဆရာဇော်ဂျီရေးသားသော "သခင်အောင်ဆန်းတရား၊ အာဇာနည်နေ့ဆန္ဒ"ကဗျာနှင့် စာရေးဆရာ၊ ကဗျာဆရာ BookClubအသင်းဥက္ကဋ္ဌ ဦးဇေယျာဘုန်းမြင့် ရေးသားသော "စနေမိုးရဲ့ လဇူလိုင်၊ လွမ်းလည်းလွမ်းရအားလည်းကျ၊ ထိုတစ်နေ့" ကဗျာများအား ဖျာပုံမြို့ပေါ်ရှိ မူလတန်းကျောင်းပေါင်း ခုနစ်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ရွတ်ဆိုကြသည်။

ထို့နောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကျင်းပရာ ဖျာပုံမြို့နယ် စာရေးဆရာ ဖျာပုံတင်နိုင်ဝင်းက အာဇာနည်နေ့ဖြစ်ပေါ်လာပုံအား ဟောပြောပြီး တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ပြသထားသောဓာတ်ပုံများအား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ဖျာပုံ)**

# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘောဂဗေဒဘာသာရပ် နမူနာမေးခွန်းပုံစံ-၁

**၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။**

**ယခု ထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။**
**(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)**

**၂၀၁၈ ခုနှစ်**
**တက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**ဘောဂဗေဒ** **ခွင့်ပြုချိန် (၃) နာရီ**

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါဖော်ပြချက်များကို မှား သို့မဟုတ် မှန် ဖြေဆိုပါ။ (၅မှတ်)

၁။ အင်အားစုရှားပါးခြင်းကြောင့် လူ့အဖွဲ့အစည်းအားလုံး၏အခြေခံအကျဆုံး စီးပွားရေးပြဿနာ ပေါ်ပေါက်လာရသည်။
၂။ ယူနစ်အလျော့အတင်းရှိသော မျဉ်းဖြောင့်ရောင်းလိုအားမျဉ်းများသည် မူရင်းအမှတ်ကို ဖြတ်သွားကြသည်။
၃။ ဈေးဆနှုန်းကိန်းကျဆင်းပါက အထွေထွေဈေးနှုန်းအဆင့်ကျဆင်းပြီး ငွေကြေးတန်ဖိုးတက်မည်ဖြစ်သည်။
၄။ ပိုငွေပြရသုံးမှန်းခြေငွေစာရင်းရှိခဲ့လျှင် စီးပွားရေးအဆောက်အအုံတွင်ထုတ်လုပ်မှုနှင့်ရောင်းလိုအားပြန့်လာပြီး ဈေးနှုန်းများလည်းတက်လာမည်။
၅။ ကိုတာသတ်မှတ်ခြင်းသည်အစိုးရအတွက်ရငွေကိုတိုးတက်စေသည်။

(ခ) အောက်ပါဖော်ပြချက်များအတွက် ပေးထားသောအဖြေ (က)(ခ)(ဂ)များမှ အဖြေမှန်ကို အဖြေစာအုပ်တွင်ရေးပါ။ (၅ မှတ်)

၁။ ကုန်စည်တစ်ခု၏ဈေးနှုန်းသည် အားမျှဈေးနှုန်း၏အထက်တွင် ဖြစ်ပေါ်ပါက (က) ပိုလျှံရောင်းလိုအား (ခ) ပိုလျှံဝယ်လိုအား (ဂ) အားမျှခြေကို ဖြစ်ပေါ်စေသည်။
၂။ စုစုပေါင်းပြည်တွင်းထုတ်ကုန်မှ ပြန်းတီးမှုတန်ဖိုးနုတ်ပြီးသောရလဒ်မှာ (က) အသားတင်ဝင်ငွေ (ခ) အသားတင်ပြည်တွင်းထုတ်ကုန် (ဂ) အသားတင်တိုင်းပြည်ထုတ်ကုန် ဖြစ်သည်။
၃။ မျက်မှောက်ခေတ်နိုင်ငံများတွင် အသုံးများလာသည့်လက်ပြောင်းခွန်တစ်မျိုးမှာ (က) ရောင်းခွန် (ခ) ထပ်ဆင့်တိုးတန်ဖိုးခွန် (ဂ) အကောက်ခွန် ဖြစ်သည်။
၄။ ဘဏ်များအနည်းဆုံးလိုအပ်သော သီးသန့်ငွေသားကို ထိုဘဏ်၏ (က) အပ်ငွေများ (ခ) ချေးငွေများ (ဂ) စုစုပေါင်းရပိုင်ခွင့်များ ဖြင့်သတ်မှတ်သည်။
၅။ ပို့ကုန်အတွက်ရငွေနှင့်သွင်းကုန်အတွက်ပေးငွေခြားနားချက်ကို(က) ကုန်သွယ်မှုလက်ကျန် (ခ) သာမန်စာရင်းလက်ကျန် (ဂ) ပြည်ပငွေပေးငွေယူရှင်းတမ်းလက်ကျန် ဟုခေါ်သည်။

(ဂ) အောက်ပါကွက်လပ်များတွင်ဖြည့်စွက်ရမည့်အဖြေများကိုအဖြေစာအုပ်တွင်ရေးပါ။ (၁၀မှတ်)

၁။ ဈေးကွက်စီးပွားရေးစနစ်တွင် စွမ်းဆောင်ရည်ပြည့်ဝသော __________ ကို ရရှိစေသည်။
၂။ __________ များမှာယေဘုယျအားဖြင့်တစ်နှစ်ထက်ကျော်လွန်ပြီး ငါးနှစ်အောက်ချေးငွေများဖြစ်သည်။
၃။ __________ နှင့်အပေးအယူပြုလုပ်သောလွှဲပြောင်းပေးငွေများကို တိုင်းပြည်ဝင်ငွေ တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်သည်။
၄။ အစားထိုးကုန်စည်များအတွက် အပြန်အလှန်ဝယ်လိုအားအလျော့အတင်းမှာ __________ လက္ခဏာဆောင်သည်။
၅။ ထုတ်ကုန်တန်ဖိုးမှာ __________ ပေါ်တွင်ထပ်ဆင့်တိုးလာသည့်ထုတ်လုပ်မှုတန်ဖိုးဖြစ်သည်။
၆။ ငွေကြေး၏တန်ဖိုးသည် __________ နှင့် ပြောင်းပြန် ဆက်စပ်သည်။
၇။ နိုင်ငံအတွင်း ချက်လက်မှတ်များ၊ ဈေးငွေကတ်ပြားများ တွင်ကျယ်စွာ အသုံးပြုလာကြခြင်းမှာ ငွေကြေး၏ __________ အရည်အချင်းကြောင့်ဖြစ်သည်။
၈။ အစိုးရ၏သာမန်အသုံးစရိတ်သည် __________ အသွင်ကိုဆောင်သည်။
၉။ ဝယ်လိုအားနှင့်ရောင်းလိုအားအခြေအနေ ပြောင်းလဲခြင်းနှင့်အညီ ပြောင်းလဲရန် ခွင့်ပြုထားသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းများအား __________ ဟုခေါ်သည်။
၁၀။ ကုန်စည်တစ်ခု၏ __________ သည်အင်အားစုများ၏စရိတ်၊ ထုတ်လုပ်မှုနည်းပညာနှင့် ထုတ်လုပ်မှုအခြေအနေတို့ပေါ်တွင်မူတည်သည်။

၂။ အောက်ပါတို့အနက်မှ(၁၀) ခု၏ အဓိပ္ပာယ်ကိုဖော်ပြပါ။ (၂၀ မှတ်)

၁။ ထုတ်လုပ်မှုအင်အားစုများ
၂။ ဗဟိုစီမံကိန်းချစီးပွားရေးစနစ်
၃။ အစားထိုးကုန်စည်များ
၄။ ရောင်းလိုအားအလျော့အတင်းများခြင်း
၅။ ဈေးကွက်ပေါက်ဈေး
၆။ အသားတင်ဝင်ငွေ
၇။ ငွေဖောင်းပွခြင်း
၈။ ဗဟိုဘဏ်၏အာဏာများ
၉။ ပြည်သူပိုင်ကဏ္ဍ
၁၀။ ရောင်းခွန်
၁၁။ နိုင်ငံခြားငွေလဲလှယ်နှုန်းပေါ်လစီ
၁၂။ မြင်နိုင်သောကုန်သွယ်မှု

၃။ အောက်ပါတို့အနက်မှနှစ်သက်ရာ(၂) ခုကိုမှတ်စုရေးပါ။ (၂၀ မှတ်)

၁။ သာမန်ရငွေရရှိရာအဓိကဇာစ်မြစ်များ
၂။ ရောင်းလိုအားပြန့်ခြင်းနှင့်ကျုံ့ခြင်း
၃။ အသုံးစရိတ်နည်း
၄။ ကူးသန်းရောင်းဝယ်ရေးဘဏ်၏လုပ်ဆောင်ချက်များ

၄။ ဈေးကွက်အမျိုးအစားများကို ပြည့်စုံစွာ ဖော်ပြရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)
(သို့မဟုတ်)

တိုင်းပြည်တစ်ပြည်သည် ပြည်ပငွေပေးငွေယူရှင်းတမ်းလက်ကျန် ပိုငွေ သို့မဟုတ် လိုငွေ ဆက်တိုက်ဖြစ်ပေါ်နေလျှင် ယင်းအခြေအနေကို ပြုပြင်ရန်အသုံးပြုနိုင်သည့် နည်းလမ်းများကို ရှင်းပြပါ။

၅။ အောက်ပါတို့အနက်မှနှစ်သက်ရာ(၂)ခုကိုဖြေဆိုပါ။ (၁၀× ၂)မှတ်

(က) နိုင်ငံတစ်နိုင်ငံ၏ နှစ်တစ်နှစ်အတွက် တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

| အကြောင်းအရာ | ကျပ်သန်းပေါင်း |
|---|---|
| ကဏ္ဍအလိုက်ကုန်ထွက်စုစုပေါင်း (ထုတ်လုပ်သူများ၏ဈေးနှုန်းဖြင့်တွက်သည်) | ၉၈၆၅၀ |
| လုပ်ငန်းချင်းအသုံးပြုမှုတန်ဖိုး | ၁၃၇၀၀ |
| အခွန်အကောက် | ၄၂၅၀ |
| ထောက်ပံ့ကြေး | ၁၅၈၀ |
| နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ | ၂၇၀၀ |
| ပြန်းတီးမှုတန်ဖိုး | ၃၂၀ |

၁။ အဆိုပါနိုင်ငံ၏ GDP, GNP နှင့် NNP တို့ကိုရှာပါ။
၂။ အကယ်၍နိုင်ငံ၏ လူဦးရေသည် (၂၄ သန်း) ဖြစ်လျှင် တစ်ဦးကျဝင်ငွေကိုရှာပါ။

(ခ) ဦးအောင်အောင်၏ဝင်ငွေသည် လစဉ် (၁၅၀၀၀၀) ကျပ်မှ (၂၀၀၀၀၀) ကျပ်သို့ တိုးသွားသော အခါ ကုန်စည်တစ်ခုအတွက် ဝယ်ယူသည့်အရေအတွက်သည် (၈၀) ယူနစ်မှ (၆၀) ယူနစ်သို့ လျော့နည်းလာလျှင် ဝယ်လိုအား၏ဝင်ငွေအလျော့အတင်းကိုတွက်ချက်၍ မည်သည့်ကုန်စည် အမျိုးအစားဖြစ်သည်ကို သုံးသပ်ပြပါ။

(ဂ) အောက်ပါဇယားတွင် ကုန်စည်(၃)မျိုးတို့၏ ဈေးနှုန်းများနှင့် ဝယ်ယူသည့်အရေအတွက်များကို ဖော်ပြထားသည်။ (၂၀၁၂ ခုနှစ်သည် အခြေခံနှစ်ဖြစ်သည်။)

| ကုန်စည် | ဝယ်ယူသည့်အရေအတွက် (ယူနစ်) | ဈေးနှုန်း(ကျပ်) | |
|---|---|---|---|
| | | ၂၀၁၂ ခုနှစ် | ၂၀၁၃ ခုနှစ် |
| A | ၅ | ၁၂၀ | ၉၀ |
| B | ၄ | ၁၀၀ | ၁၅၀ |
| C | ၁၀ | ၅၀ | ၈၀ |

၁။ သက်ဆိုင်ရာနှစ်များ၏ စားသုံးသူဈေးဆနှုန်းကိန်းများကို တွက်ချက်ပါ။
၂။ ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ငွေဖောင်းပွမှုနှုန်းကို တွက်ချက်သုံးသပ်ပြပါ။

❖ စာမျက်နှာ ၆ မှ

"အဖေတည်ထောင်ခဲ့တဲ့ ကျောင်းဆိုတော့ အမြဲတမ်း စာကြည့်တိုက်အတွက် စာအုပ်စာတမ်းတွေ လှူဖြစ်တယ်၊ အခုထိလိုအပ်တာတွေရှိရင် တတ်နိုင်သမျှ လုပ်ပေးဖြစ်တယ်"ဟု ဦးတင်မြင့်က ပြောသည်။

ဆရာကြီးဦးရာဇတ်သည် ဗိုလ်ချုပ်အောင်ဆန်း၏ အစိုးရအဖွဲ့တွင် ဝန်ကြီးဖြစ်လာပြီးနောက် ရန်ကုန်တက္ကသိုလ်နှင့်အပြိုင် မန္တလေးဒီဂရီကောလိပ်အား ဖွင့်လှစ်ရန် ဗိုလ်ချုပ်အား တင်ပြတောင်းဆိုရာတွင် ထိုစဉ်အခါက ရန်ကုန်တွင် တက္ကသိုလ်တစ်ခုရှိသည့်အတွက် မန္တလေးတွင် တက္ကသိုလ်နောက်ထပ်တစ်ခု ဖွင့်လှစ်ရန် သင့်၏၊ မသင့်၏ကို အချက်ကျကျ အကျိုးသင့် အကြောင်းသင့် တင်ပြတောင်းခံခဲ့ရာ နောက်ဆုံး မန္တလေးဒီဂရီကောလိပ်အား ဖွင့်ခွင့်ရခဲ့ကြောင်း သိရသည်။

"အဲဒီခေတ်က အထက်အောက် ဆက်ဆံရေးက တစ်ယောက်နဲ့ တစ်ယောက်က လေးစားတယ်၊ ပြောရဲဆိုရဲရှိတယ်၊ ဒီလိုဖြစ်ပဲ့မလားဆိုတာနဲ့ ဟုတ်ကဲ့ပါဗျာဆိုပြီး ရပ်နေတာမဟုတ်ဘူး၊ အကျိုးအကြောင်း ပြန်ပြောတယ်၊ ဒါမှလည်း အထက်လူကြီးက မှန်၊ မမှန် စဉ်းစားလို့ရမှာပေါ့၊ လူကြီးပြောတိုင်း မှန်တယ်ဆိုတာ မဟုတ်သေးဘူး"ဟု ဦးတင်မြင့်က ၎င်း၏ အမြင်နှင့်ယှဉ်ကာ သုံးသပ်ပြသည်။

မန္တလေးဒီဂရီကောလိပ်အား ဖွင့်လှစ်ရန် မန္တလေး ဥပစာကောလိပ်ကျောင်းသားဟောင်း ဘီလပ်ပြန် ဦးကိုလေးအား တာဝန်ပေးခဲ့ရာ ကျောင်းအုပ်ကြီး ဦးကိုလေးက အရင်ဆုံးပြီးစီးခဲ့သည့် အဆောက်အအုံကို ရာဇတ်ခန်းမဟု အမည်ပေးခဲ့သည်။ ထို့မှတစ်ဖန် တက္ကသိုလ်ကျောင်းသားဟောင်းများက ဆရာကြီး ဦးရာဇတ်ကြေးရုပ်တုကို ထားချင်ခဲ့သော်လည်း လွန်ခဲ့သည့် နှစ်နှစ်ခန့်ကမှစ၍ ရာဇတ်ခန်းမရှေ့တွင် ဦးရာဇတ်၏ ကြေးရုပ်တုကို ထားခွင့်ရခဲ့ကြောင်း သိရသည်။

"အဖေက မန္တလေးတက္ကသိုလ်ကိုတင် မဟုတ်ဘူး၊ ဒါပြီးရင် ပါဠိတက္ကသိုလ်ကိုပါ သူလုပ်ချင်တာ၊ သူကွယ်လွန်သွားလို့သာ"ဟု ဖခင်ဖြစ်သူ၏ ဆန္ဒမပြည့်ဝလိုက်ခြင်းအပေါ် ဦးတင်မြင့်က မချင့်မရဲ ပြောသည်။

မြန်မာ့လွတ်လပ်ရေးရရှိရန် ကြိုးပမ်းအားထုတ်ခဲ့ရုံသာမက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေသည့် အမျိုးသားကျောင်းများ ပေါ်ထွန်းလာစေရန်နှင့် ပညာရေး၊ စစ်ရေး၊ နိုင်ငံရေးအသိအမြင်များ နိုးကြားလာစေရန် မျိုးစေ့ချပေးခဲ့သည့်အပြင် ပါဠိစာပေထွန်းကားပြန့်ပွားရေးအတွက်လည်း ဆောင်ရွက်ခဲ့သူဖြစ်သည့် အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်နှင့်ပတ်သက်၍ သားဖြစ်သူ ဦးတင်မြင့်က "အဖေက ဘာသာအယူဝါဒတွေကို သိပ်ဂရုမစိုက်ဘူး၊ တိုင်းပြည်အတွက် ဘာတွေလိုသလဲ၊ ဖြည့်ဆည်းပေးချင်တာပဲရှိတယ်၊ လွတ်လပ်ရေးရပြီးလို့ အားလုံး အနည်ကျသွားရင် သူ့ကျောင်းပြန်ပြီး ကျောင်းဆရာလုပ်မှာ သေချာတယ်"ဟု သူ့ဖခင်၏ စိတ်ဆန္ဒကို တွေးတွေးဆဆပြောပြခဲ့လေသည်။ ။

# ရခိုင်ပြည်နယ်ဝန်ကြီးများ ငပလီနှင့် သံတွဲမြို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**သံတွဲ ဇူလိုင် ၁၄**

ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်နှင့် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့ နံနက် ၈ နာရီက ငပလီမြို့ မြပြင်ရပ်ကွက်ရှိ တံတားရေစီးရေလာကောင်းမွန်ရေး၊ လင်းသာရပ်ကွက်ရှိ အများပြည်သူ အပန်းဖြေအနားယူ မြေနေရာကမ်းခြေတွင် ပြည်သူများ အပန်းဖြေနေရာများ ဆောက်လုပ်ရေး၊ ရေချိုးခန်း၊ သန့်စင်ခန်းများ ဆောက်လုပ်ရေး၊ မြေထိန်းနံရံ ဆောက်လုပ်ရေးနှင့် ကမ်းခြေသာယာလှပရေးလုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများအဖွဲ့သည် သံတွဲမြို့ ဒွါရာဝတီမြို့မဈေးသို့ ရောက်ရှိပြီး သံတွဲမြို့နယ် စည်ပင်ကော်မတီနှင့် ဈေးသူ ဈေးသားများ ပူးပေါင်းဆောင်ရွက်ထားရှိသည့် ဈေးလမ်းအပေါ်မိုးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဈေးသန့်ရှင်းသာယာလှပရေးဆိုင်ရာများကို ကြည့်ရှုစစ်ဆေးပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ဂွမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**



**○ စာမျက်နှာ ၃ မှ**

ပြန်လည်ထူထောင်ရေး၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းနှင့် အကောင်အထည်ဖော်မှုအဆင့်တိုင်းတွင် အမျိုးသမီးများ ၃၀ ရာခိုင်နှုန်း ပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော အားလုံးအကျုံးဝင် ပညာရေးစနစ်ဖော်ဆောင်ရန်၊ လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) စနစ်ကို ဖော်ဆောင်ရန်၊ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များအပါအဝင် အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် လူမှုသဟဇာတ (Social Cohesion) သဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အလွဲသုံးမှုဆိုင်ရာ အန္တရာယ်လျှော့ချရေး(Harm Reduction)၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ထိရောက်စွာစီမံဆောင်ရွက်ရန်၊ ကလေးသူငယ် အခွင့်အရေးရရှိရန်နှင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးအတွက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို လေးစားလိုက်နာရေးနှင့် ကလေးသူငယ်များအတွက် ကြီးလေးသော ချိုးဖောက်မှုခြောက်ချက် (Six Grave Violations) ပပျောက်ရေးကိုဦးတည်၍ စီမံချက် ချမှတ်ဆောင်ရွက်ရန်ဟု သဘောတူအဆိုပြုထားကြောင်း သိရသည်။

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုလွှာနှင့် စပ်လျဉ်း၍ အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများကဏ္ဍတွင် နိုင်ငံတွင်းရှိ မြေယာများအား နိုင်ငံသားများသာ ပိုင်ဆိုင်ခွင့်ရှိပြီး နိုင်ငံခြားသားနှင့် တရားမဝင်နေထိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခွင့်မရှိစေရဟု UPDJC ၏ သဘောတူညီချက်အဖြစ် အဆိုပြုထားရာ ယင်းကို နိုင်ငံတွင်းရှိ မြေယာများကို နိုင်ငံသားများသာ ပိုင်ဆိုင်ခွင့်ရှိပြီး နိုင်ငံခြားသားနှင့် တရားမဝင်နေထိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခွင့်မရှိစေရဟု အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် နိုင်ငံရေးပါတီအစုအဖွဲ့များက သဘောတူအဆိုပြုထားကြောင်း။

မြေယာကိုအသုံးပြု၍ စီမံကိန်းလုပ်ငန်းအမျိုးမျိုး ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ပြုလုပ်ရမည်ဟု UPDJC ၏ သဘောတူညီချက်အဖြစ် အဆိုပြုထားရာ ယင်းကို မြေယာကိုအသုံးပြု၍ စီမံကိန်းလုပ်ငန်းအမျိုးမျိုးဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ပြုလုပ်ရမည်ဟု အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်အစုအဖွဲ့တို့က သဘောတူအဆိုပြုထားကြောင်း သိရသည်။

ယနေ့ကျင်းပသည့် စတုတ္ထနေ့ အစည်းအဝေးတွင် အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အထက်ဖော်ပြပါအချက်များနှင့် သဘောထားကွဲလွဲမှုရှိသည့် အချက်များကို သက်ဆိုင်ရာအစုအဖွဲ့အလိုက် ညှိနှိုင်းဆွေးနွေးအတည်ပြုကြကြောင်း သိရသည်။

**သတင်းစဉ်**

**○ ရန်ကုန်တိုင်းဒေသကြီးမှ**

အလှမယ် ၂၀ ထဲမှ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်ကိုယ်စားပြု အလှမယ်လေးဦးအား Miss Golden Land Myanmar ပြိုင်ပွဲကြီးအတွက် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် Title Award ဆုများအဖြစ် People's Choice ဆုနှင့် Best in Fitness & Lifestyle ဆုကို ခါးနံပါတ် ၁၀ ဆုမြတ်နိုးဇင်က လည်းကောင်း၊ Best Complexion ဆုကို ခါးနံပါတ် ၂၁ ရွှေနဒီက လည်းကောင်း၊ Best in Evening Gown ဆုကို ခါးနံပါတ် ၁၆ ဆုလဲ့နဒီက လည်းကောင်း၊ Best Friendship ဆုကို ခါးနံပါတ် ၂၄ ချိုကိုကိုကလည်းကောင်း ရရှိခဲ့သည်။

ပြိုင်ပွဲဝင်အလှမယ်များအဖြစ် ခါးနံပါတ် ၁ သန့်စင်ဟိန်း၊ ခါးနံပါတ် ၂ အဲလစ်ရှာ၊ ခါးနံပါတ် ၃ သက်မှူးအိမ်၊ ခါးနံပါတ် ၄ ရူဘီ၊ ခါးနံပါတ် ၅ နန်းလပြည့်ဝန်း၊ ခါးနံပါတ် ၇ မိုးယုယ၊ ခါးနံပါတ် ၈ နန်းထက်စံခင်၊ ခါးနံပါတ် ၉ ဖြိုးသီရိ၊ ခါးနံပါတ် ၁၀ ဆုမြတ်နိုးဇင်၊ ခါးနံပါတ် ၁၁ ကိန္နရီကျော်၊ ခါးနံပါတ် ၁၃ ထက်ထက်အောင်သိန်း၊ ခါးနံပါတ် ၁၄ အေးအိန္ဒြာသော်၊ ခါးနံပါတ် ၁၅ ဝင်းထက်ထက်ဆွေ၊ ခါးနံပါတ် ၁၆ ဆုလဲ့နဒီ၊ ခါးနံပါတ် ၁၇ နန်းချယ်ရီ၊ ခါးနံပါတ် ၂၀ သီရိထွန်း၊ ခါးနံပါတ် ၂၁ ရွှေနဒီ၊ ခါးနံပါတ် ၂၂ အိသန္တာအောင်၊ ခါးနံပါတ် ၂၃ နန်းမြင့်စံ၊ ခါးနံပါတ် ၂၄ ချိုကိုကို စသည့် ပြိုင်ပွဲဝင် ၂၀ တို့က ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပွဲပြိုင်သည် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အလှမယ်များအား စိစစ်ရွေးချယ်ပြီး Miss Golden Land Myanmar ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်အဖြစ် အလှမယ်ငါးဦးအား ရွေးချယ်သွားမည်ဖြစ်သည်။ Miss Golden Land Myanmar ပြိုင်ပွဲကြီးကို တစ်နှစ်တစ်ကြိမ် ကျင်းပလာခဲ့ပြီး ယခုနှစ်ဆိုလျှင် ခြောက်ကြိမ်မြောက်အဖြစ် လာမည့်ဩဂုတ်လ ၁၄ ရက်တွင် ဂရင်းဖိုင်နယ်ပွဲကြီးကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

**✻ ကျောဖုံးမှ**

ပြိုင်ပွဲနောက်ဆုံးနေ့တွင် ရှုံးပွဲကြုံတွေ့ခဲ့ပြီး မြန်မာ (က)အသင်းသည် ထိုင်းအသင်းကို ၂၅-၂၀ မှတ်၊ ၂၅-၁၆ မှတ်၊ ၂၅-၁၈ မှတ်ဖြင့် သုံးပွဲပြတ်ရှုံးနိမ့်ခဲ့သည်။ မြန်မာ (ခ)နှင့် မလေးရှားအသင်းပွဲတွင်လည်း အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး မလေးရှားအသင်းက ၁၃-၂၅ မှတ်၊ ၂၅-၁၆ မှတ်၊ ၂၂-၂၅ မှတ်၊ ၂၅-၂၀ မှတ်၊ ၁၅-၁၁ မှတ်ဖြင့် အနိုင်ရခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက သုံးပွဲနိုင်ဖြင့် အုပ်စုပထမ၊ မြန်မာ (က)အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယ၊ မလေးရှားအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် အုပ်စုတတိယ၊ မြန်မာ (ခ) အသင်းက သုံးပွဲစလုံးရှုံးကာ အုပ်စုစတုတ္ထနေရာရရှိခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၅ ရက် (ယနေ့) တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မွန်းတည့် ၁၂ နာရီတွင် ထိုင်းအသင်းနှင့် မြန်မာ (ခ) အသင်း၊ မွန်းလွဲ ၂ နာရီတွင် မြန်မာ (က) အသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**



**မိုးကောင်းမြို့နယ် အထက(၁)ကျောင်းဝင်း၌ ဇူလိုင် ၁၄ ရက်တွင် စာသင်ကျောင်းသန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းနှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။** သန်းလွင်ဦး(ပြန်/ဆက်)


## သတိပေးနှိုးဆော်ချက်

၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့(အာဇာနည်နေ့)တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသူပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဗိုလ်ချုပ်ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက်ပိတ်ချိန်အထိ မော်တော်ယာဉ်များ သွားလာခွင့်မပြုဘဲ ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**


# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ဖယ်ခုံ ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့ ညောင်ကုန်းရပ်ကွက်တွင် ယနေ့နံနက် ၆ နာရီခွဲမှစတင်၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများကို ပူးပေါင်းအဖွဲ့များက နံနက် ၆ နာရီခွဲ၌ ညောင်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင်စုစည်း၍ အဆိုပါညောင်ကုန်းရပ်ကွက်ရှိ ညောင်ကုန်း(၁၊ ၂၊ ၃၊ ၄၊ ၅)ရပ်ကွက်များမှ နယ်မြေ ၂၁ ခုသို့ အဖွဲ့များခွဲ၍ လူနေအိမ်ခြံဝင်းများအတွင်း ချုံနွယ်ပိတ်ပေါင်းများနှင့် ခြင်ခိုအောင်းနိုင်သော နေရာများမှတစ်ဆင့် ခြင်၊ ယင်၊ ပိုးလောက်လန်းများပေါက်ဖွား၍ ပြည်သူလူထုအတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် အခြားရောဂါများ ဖြစ်ပွားမှုမရှိစေရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**

# မူခင်းလျော့နည်းကျဆင်းရေး ပညာပေးဟောပြော

**လှည်းကူး ဇူလိုင် ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်း မူခင်းလျော့နည်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီက ပြည်တော်သာရပ်ကွက် အထက(၁) အောင်ဆန်းခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါဟောပြောပွဲတွင် လှည်းကူးမြို့မရဲစခန်းမှူး ဒုရဲမှူး မောင်မောင်ဦးက မူခင်းလျော့နည်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရန် ကြိုတင်ကာကွယ်ခြင်းများနှင့်ပတ်သက်၍ မူခင်းကျဆင်းရေးဆိုင်ရာများကို အကျယ်တဝင့် အသိပညာပေးဟောပြောခဲ့ရာ တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ သိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ပြီး မူခင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

# ဖားကန့်မြို့နယ်၌ စွန့်ပစ်မြေစာပုံပြိုကျ၍ ၁၅ ဦးသေဆုံးကာ ၄၅ ဦး ဒဏ်ရာရ

**ဖားကန့် ဇူလိုင် ၁၄**


ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်၌ ဇူလိုင် ၁၄ ရက် မွန်းလွဲ ၂ နာရီခန့်က စွန့်ပစ်မြေစာပုံပြိုကျ၍ ဈေးရောင်းလာသူ အမျိုးသမီးတစ်ဦးနှင့်အတူ အမျိုးသား ၁၄ ဦးသေဆုံးကာ ၄၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆန်ခါကျေးရွာအနီး မဟာကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီလုပ်ကွက်၏ အကျယ်ပေ ၇၀၀၊ အမြင့်ပေ ၃၀၀ ခန့်ရှိ စွန့်ပစ်မြေစာပုံပြိုကျခဲ့ကာ ကုဋ္ဌေကျေးရွာနေ ဦးတန်ဂွန်း(၅၀)နှစ်၊ ဆိုင်းရာရွာသစ်နေ ရှယ်ဘဲ(၂၀)နှစ်၊ ကထန်ကျေးရွာနေ လဇယ်ဒေါင်းခေါင်(၄၅)နှစ်၊ ဖဝါကျေးရွာနေ ဆိုင်းမုန်ဂမ်(၃၇)နှစ်၊ တင်မိုးဦး(၂၁)နှစ်၊ ဈေးရောင်းလာသူ ကြက်တစ်ကောင်ကုန်းနေ ဒေါ်ရင်လှ(၆၃)နှစ်နှင့်အတူ ကိုယ်ရေးအချက်အလက်စုံစမ်းဆဲ ရှစ်ဦး စုစုပေါင်း ၁၅ ဦး မြေစာပုံပိ၍သေဆုံးခဲ့ကာ ၄၅ ဦးဒဏ်ရာရရှိခဲ့သည်။

မြေစာပုံပြိုကျရာသို့ လုံးခင်းနယ်မြေရဲစခန်းမှူး ဒုတိယရဲမှူး စိန်မြင့်ထွန်း ဦးစီးတပ်ဖွဲ့ဝင်များ၊ လုံးခင်းမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးမင်း ဦးစီးမီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်ကာ သေဆုံးသူနှင့် ဒဏ်ရာရရှိသူများအား လုံးခင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှာရစ်ဖ်အား လန်ဒန်မြို့မှ ပါကစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိစဉ် အာဏာပိုင်များက ဖမ်းဆီး



**အစ္စလမ္မာဘတ် ဇူလိုင် ၁၄**
ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှာရစ်ဖ်အား လန်ဒန်မြို့မှ ပါကစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိစဉ် အာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

လွန်ခဲ့သော ရက်သတ္တပတ်တွင် ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှာရှစ်ဖ်သည် လန်ဒန်မြို့သို့ သွားရောက်နေစဉ် ၎င်းအား အဂတိလိုက်စားမှုများဖြင့် စွဲချက်တင်ကာ ထောင်ဒဏ်ကျခံရန် တရားရုံးက အမိန့်ချမှတ်ခဲ့သည်။

ဇူလိုင် ၁၃ ရက်တွင် ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှာရှစ်ဖ်သည် လာဟိုးမြို့ရှိ လေဆိပ်တစ်ခုသို့ ရောက်ရှိခဲ့စဉ် အာဏာပိုင်များက ၎င်းအား အစ္စလာမ္မာဘတ်မြို့အနီး အကျဉ်းထောင်တစ်ခုသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှာရှစ်ဖ်ကို ထောက်ခံသူများက လာဟိုးမြို့လေဆိပ်ဝန်းကျင်သို့ စုဝေးရောက်ရှိကာ လမ်းများကို ပိတ်ဆို့ခဲ့သည်။ လာဟိုးမြို့နေ ပြည်သူအများအပြားက ဝန်ကြီးချုပ်ဟောင်းကို ထောက်ခံကြကြောင်း သိရသည်။

လွန်ခဲ့သောရက်သတ္တပတ်က ဝန်ကြီးချုပ်ဟောင်းအား အဂတိလိုက်စားမှုများနှင့်ပတ်သက်ပြီး ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀ သန်းကို ဒဏ်ငွေအဖြစ်ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။ ဝန်ကြီးချုပ်ဟောင်းသည် ပနားမားစာရွက်စာတမ်းများကိစ္စနှင့်ပတ်သက်ပြီး သတင်းပေါက်ကြားမှုများ ထွက်ပေါ်လာခဲ့ပြီးနောက် အဂတိလိုက်စားမှုဖြင့် စွဲချက်တင်ခြင်းခံခဲ့ရသည်။

တရားရုံး၏အမိန့်ချမှတ်မှုအပေါ် ဝန်ကြီးချုပ်ဟောင်းက အသနားခံစာတင်သွင်းနိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။ ဝန်ကြီးချုပ်ဟောင်းသည် ဇူလိုင် ၂၅ ရက်တွင်ကျင်းပမည့် ပါကစ္စတန်နိုင်ငံရွေးကောက်ပွဲမတိုင်မီ အချိန်မီ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း ဖမ်းဆီးခံရမှုကြောင့် ၎င်းဦးဆောင်သော ပါတီအနေဖြင့် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များတွင် အကျပ်အတည်းများဖြင့် ရင်ဆိုင်နိုင်ဖွယ်ရှိကြောင်း နိုင်ငံရေး စောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**



# ဓာတုစက်ရုံပေါက်ကွဲမှုနှင့်ပတ်သက်၍ သံသယမကင်းသူ ၁၉ ဦးကို တရုတ်အာဏာပိုင်များက ထိန်းသိမ်းခဲ့

**ပေကျင်း ဇူလိုင် ၁၄**
တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် လူ ၁၉ ဦး သေဆုံးပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာရခဲ့သော ဓာတုပစ္စည်းထုတ်လုပ်သည့် စက်ရုံတစ်ရုံ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ယင်းပေါက်ကွဲမှုနှင့်စပ်လျဉ်း၍ သံသယမကင်းသူ ၁၉ ဦးအား တရုတ်အာဏာပိုင်များက ထိန်းသိမ်းခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနက ပြောကြားသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ယီဘင်မြို့ရှိ အဆိုပါ ဓာတုပစ္စည်းထုတ်လုပ်သည့်စက်ရုံသည် ဇူလိုင်၁၂ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၃၀ တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဒေသတွင်း လုပ်ငန်းခွင်လုံခြုံမှုစီမံခန့်ခွဲရေးက ၎င်း၏အင်တာနက်ဝက်ဘ်ဆိုက်၌ ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ယင်းစက်ရုံအဆောက်အအုံကို ဓာတုပစ္စည်းများထုတ်လုပ်သည့် ဟန်ဒါကုမ္ပဏီကပိုင်ဆိုင်ကြောင်း၊ အဆိုပါအဆောက်အအုံသည် တရားမဝင်တည်ဆောက်ထားခြင်းဖြစ်ပြီး ဘေးကင်းလုံခြုံမှုနှင့် မီးဘေးအန္တရာယ်ထိန်းချုပ်ရေးစစ်ဆေးမှုအောင်မြင်မှုမရှိကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများ၏ပြောကြားချက်ကို ကောက်နုတ်၍ ဆင်ဟွာသတင်းဌာနက ဇူလိုင် ၁၃ ရက်တွင် ဖော်ပြသည်။

ယင်းပေါက်ကွဲမှုဖြစ်ပွားသည့်စက်ရုံသို့ အရေးပေါ်လုပ်ငန်းများစီမံခန့်ခွဲရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကိုစေလွှတ်ကာ ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းရင်းများကို စုံစမ်းစစ်ဆေးမည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယမန်နှစ်နိုဝင်ဘာလအတွင်းက ရှန်ဟိုင်းမြို့တောင်ပိုင်းရှိ နန်ပေါင် အပျော်စီးစက်မှုလုပ်ငန်းဒေသတွင် မီလ္လာကန်တစ်ကန်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အဆိုပါ စက်မှုလုပ်ငန်းဒေသတစ်ခွင်တစ်ပြင်တွင် ပျက်စီးမှုများဖြစ်ပွားခဲ့သည်။

၂၀၁၅ ခုနှစ်ကလည်း တရုတ်နိုင်ငံ မြောက်ပိုင်းရှိ ပင်လယ်ဆိပ်ကမ်းမြို့ တီအန်ကျင်းတွင် ကုန်သေတ္တာများ သိုလှောင်သည့် ဆိပ်ကမ်းတစ်ခုတွင် ကြီးမားသော ဓာတုပစ္စည်းပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၆၅ ဦးထက်မနည်း သေဆုံးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ကျော် ရှိခဲ့သည်။

ယင်းဓာတုပစ္စည်းပေါက်ကွဲမှုကြီးနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုတစ်ခုကို တရုတ်အစိုးရက ပြုလုပ်ခဲ့ပြီး ယင်းဖြစ်ရပ်အတွက် လူပေါင်း ၁၂၃ ဦးအား ပြစ်ဒဏ်ပေးရန် စုံစမ်းရေးကော်မရှင်က အကြံပြုခဲ့သည်။ အဆိုပါပေါက်ကွဲမှုကြီးဖြစ်စဉ်အချိန်က တီအန်ကျင်းမြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်သူအား အဂတိလိုက်စားမှုဖြင့် ယခုနှစ်စက်တင်ဘာလတွင် ထောင်ဒဏ် ၁၂ နှစ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။

**အေအက်ဖ်ပီ**

# ပါကစ္စတန်နိုင်ငံ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး လူစုလူဝေးပွဲ၌ အသေခံဗုံးပေါက်ကွဲ၊ ၁၃၀ ကျော် သေဆုံး

**အစ္စလာမ္မာဘတ် ဇူလိုင် ၁၄**
ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်း ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး လူစုလူဝေးပွဲတစ်ခု၌ အသေခံဗုံးတစ်လုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လူ ၁၃၀ ကျော် သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဇူလိုင် ၁၃ ရက် ကွီတာမြို့အနီး လူပေါင်း ၁၀၀၀ ခန့် စုဝေးရောက်ရှိနေသည့်အချိန်တွင် အဆိုပါဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ဗုံးပေါက်ကွဲမှုကြောင့် လူပေါင်း ၁၃၀ ကျော် သေဆုံးခဲ့ပြီး ၁၅၀ ကျော် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ပါကစ္စတန်အစိုးရအဖွဲ့ တာဝန်ရှိသူများက ဆိုသည်။ သေဆုံးသူများအနက် ပြည်နယ်လွှတ်တော်အမတ်လောင်းတစ်ဦး ပါဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါဗုံးပေါက်ကွဲမှုသည် အိုင်အက်စ် စစ်သွေးကြွများ၏ လုပ်ရပ်ဖြစ်ကြောင်း စစ်သွေးကြွအဖွဲ့နှင့် ဆက်စပ်လျက်ရှိသော The Amaq သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ဇူလိုင် ၁၀ ရက်တွင် ပက်ရှ်ဝါမြို့ အနောက်မြောက်ပိုင်း၌ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးပွဲတစ်ခုကျင်းပနေစဉ် အသေခံဗုံးပေါက်ကွဲခဲ့ရာ ပြည်နယ်လွှတ်တော်အမတ်လောင်းတစ်ဦး အပါအဝင် လူ ၂၀ ကျော် သေဆုံးခဲ့ရသည်။

အဆိုပါအကြမ်းဖက်မှုကို ပါကစ္စတန်-တာလီဘန် အကြမ်းဖက်အဖွဲ့က ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ကြေညာခဲ့သည်။

ဇူလိုင် ၂၅ ရက်တွင် ပါကစ္စတန်နိုင်ငံ ပြည်သူများက အောက်လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အမတ်နေရာများအတွက် ဆန္ဒမဲများပေးမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# ဂါဇာကမ်းမြောင်ရှိ စစ်ဘက်အဆောက်အအုံများကို အစ္စရေးလေကြောင်းမှ စီးနင်းတိုက်ခိုက်

**ဂါဇာစီးတီး ဇူလိုင် ၁၄**
အစ္စရေး ဂျက်တိုက်လေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များက ဇူလိုင် ၁၄ ရက်တွင် ဂါဇာကမ်းမြောင်ရှိ ဟားမားစ်လှုပ်ရှားမှုအဖွဲ့နှင့် အခြားစစ်သွေးကြွအုပ်စုများ၏ စစ်ဘက်ဆိုင်ရာ အဆောက်အအုံများကို စီးနင်းတိုက်ခိုက်မှု ခြောက်ကြိမ်ခန့်ပြုလုပ်ခဲ့ကြောင်းနှင့် ယင်းလေကြောင်းမှ စီးနင်းတိုက်ခိုက်မှုကြောင့် အရပ်သားနှစ်ဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း ဂါဇာဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်နှင့် ဒေသတွင်းသတင်းဌာနများက ဖော်ပြသည်။

ဇူလိုင် ၁၃ ရက် ညပိုင်းနှင့် နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်မတိုင်မီအထိ အစ္စရေးဂျက်တိုက်လေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များက ဂါဇာကမ်းမြောင်ကမ်းခြေဒေသနယ်မြေတွင် ပျံဝဲနေကြပြီး ဇူလိုင် ၁၄ ရက် နံနက်ပိုင်း အချိန်ထိ ပေါက်ကွဲသံများ အချိန်နှင့်အမျှ ကြားနေရကြောင်း သတင်းတွင်ဖော်ပြသည်။

စစ်သွေးကြွအုပ်စုများက အစ္စရေးနိုင်ငံတောင်ပိုင်းနယ်မြေအတွင်းသို့ ဂါဇာကမ်းမြောင်မှနေ၍ ဒုံးကျည်အစင်း ၂၀ ခန့်နှင့် စိန်ပြောင်းများဖြင့်ပစ်ခတ်ခဲ့ခြင်းကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးက လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းသတင်းများတွင် ဖော်ပြသည်။ စစ်သွေးကြွများ၏ ဒုံးကျည်များ၊ စိန်ပြောင်းများဖြင့် ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရမှုများမရှိကြောင်း အစ္စရေးသတင်းဌာနများက ဖော်ပြသည်။

ဂါဇာကမ်းမြောင်တောင်ပိုင်း အစ္စရေးနိုင်ငံနယ်စပ်အနီးရှိ ရာဖာမြို့တွင် ဇူလိုင်လဆန်းပိုင်းက အစ္စရေးတပ်ဖွဲ့များအား လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးက လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့သည်။ ဇူလိုင် ၁၃ ရက်(သောကြာနေ့)က ဂါဇာကမ်းမြောင်အရှေ့ဘက်ပိုင်းရှိ အစ္စရေးနယ်စပ်အနီးတွင် ရာပေါင်းများစွာသော ပါလက်စတိုင်းဆန္ဒပြသမားများနှင့် အစ္စရေးတပ်ဖွဲ့များအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး အစ္စရေးတပ်ဖွဲ့မှ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းလူငယ်တစ်ဦးသေဆုံးပြီး ၂၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။

**ဆင်ဟွာ**

# ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဘယ်လ်ဂျီယံအသင်း တတိယဆုရရှိ

ရုရှားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ဇူလိုင် ၁၄ ရက်တွင် စိန့်ပီတာစဘတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘယ်လ်ဂျီယံအသင်းက အင်္ဂလန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့ပြီး ဘယ်လ်ဂျီယံအသင်းတွင် ပွဲပယ်ပြစ်ဒဏ်ကြောင့် ပြင်သစ်အသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့သော ဆီမီးဖိုင်နယ်ပွဲစဉ်ကို လွဲချော်ခဲ့သည့် ကွင်းလယ်ကစားသမား မူနီယာ ပြန်လည်ပါဝင်လာခဲ့သည်။ အင်္ဂလန်အသင်းသည်လည်း ခရိုအေးရှားအသင်းနှင့်ပွဲစဉ်မှ ပွဲထွက်လူစာရင်းကို အပြောင်းအလဲများပြုလုပ်ပြီး ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဉ်၌ ပွဲကစားချိန် ၄ မိနစ်တွင် ဘယ်လ်ဂျီယံအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး တောင်ပံကစားသမား ချက်ဒလီ၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် မူနီယာက အနီးကပ်ပိတ်သွင်းယူခဲ့သည်။ အင်္ဂလန်အသင်း ဒုတိယပိုင်းအစတွင် ချေပဂိုး ပြန်လည်ရရှိရန် လူစားပြောင်းလဲမှုများပြုလုပ်ခဲ့ပြီး ခံစစ်ကစားသမား ဒန်နီရိုစ်နေရာတွင် ကွင်းလယ်ကစားသမား လင်ဂတ်၊ တောင်ပံတိုက်စစ်ကစားသမား စတာလင်နေရာတွင် မာကတ်ရက်ဖို့ဒ်တို့ကို ထည့်သွင်းပြီး တိုက်စစ်ကို မြှင့်တင်လာခဲ့သည်။ သို့သော်လည်း ပွဲကစားချိန် ၈၂ မိနစ်တွင် ဘယ်လ်ဂျီယံအသင်း ဒုတိယမြောက် ဦးဆောင်ဂိုးထပ်မံရရှိခဲ့ပြီး ကွင်းလယ်ကစားသမား ဒီဘရိုင်း၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် တိုက်စစ်မှူး ဟာဇက်က သွင်းယူပေးခဲ့သည်။

**ကျော်သူရ**






# စီရီနယ်လ်ဒိုနေရာတွင် အစားထိုးရန် ဟာဇက်အား ပေါင်သန်း ၁၅၀ ဖြင့် ခေါ်ယူရန် ရီးယဲလ် ပြင်ဆင်

ရီးယဲလ်မက်ဒရစ်အသင်းသည် အသင်းမှ ထွက်ခွာသွားသည့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုနေရာတွင် အစားထိုးရန် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလအတွင်း ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်မှူး ဟာဇက်အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၅၀ ဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းက တိုက်စစ်မှူး စီရိုနယ်လ်ဒိုအား ဂျူဗင်တပ်အသင်းသို့ ရောင်းချခဲ့ပြီးနောက် အသင်းအတွက် လိုအပ်နေသည့် တိုက်စစ်မှူးနေရာအတွက် ဘယ်လ်ဂျီယံ တိုက်စစ်မှူး ဟာဇက်ကို အဓိကပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ဘယ်လ်ဂျီယံအသင်းခေါင်းဆောင် ဟာဇက်သည် လက်ရှိ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသေးသော်လည်း ချန်ပီယံလိဂ်ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းက ဟာဇက်အား ခေါ်ယူရန် ပထမဦးစားပေးအဖြစ် စီစဉ်နေခြင်းဖြစ်သည်။

ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇက်သည် လက်ရှိကစားနေသည့် စတမ်းဖို့ဒ်ဘရစ်ချ်တွင် ပျော်ရွှင်မှုရရှိနေသည်ဟု ဆိုသော်လည်း ဘာနေဗျူးတွင် ကစားရန် ဆန္ဒရှိကြောင်း မကြာခဏ ပြောကြားခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက ဟာဇက်အား ခေါ်ယူနိုင်မည်ဟု ယုံကြည်ထားခြင်းဖြစ်သည်။ သို့ရာတွင် ချယ်လ်ဆီးအသင်းကလည်း တိုက်စစ်မှူး ဟာဇက်အား တစ်ပတ်လုပ်ခ လစာပေါင်သုံးသိန်းဖြင့် စာချုပ်သစ် ထပ်မံချုပ်ဆိုရန် စီစဉ်လျက်ရှိကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

**ငွေကြယ်**

# ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

၂၀၁၈ ခုနှစ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံး ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိပြီး ယနေ့နံနက် ၇ နာရီခွဲ တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အုပ်စု(က)မှ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အသင်းကို ၁၀ ဂိုး- တစ်ဂိုးဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃) ၌ အုပ်စု(ခ) မှ ပညာရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း ကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အုပ်စု(ဂ)မှ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ အုပ်စု(ဃ)မှ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နေပြည်တော်စည်ပင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ပညာရေးဝန်ကြီးဌာနအသင်းနှင့် နေပြည်တော်စည်ပင်အသင်း၊ ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူရ(ကြေးမုံ)**




# ခရိုအေးရှား တောင်ပံကစားသမား ပါရီဆစ် ကမ္ဘာ့ဖလားဗိုလ်လုပွဲ လွဲချော်မည်

ခရိုအေးရှားအသင်းနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် ခရိုအေးရှားတောင်ပံကစားသမား ပါရီဆစ်မှာ ဒဏ်ရာပြဿနာကြောင့် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

တောင်ပံကစားသမား ပါရီဆစ်သည် ခရိုအေးရှားအသင်းက အင်္ဂလန်အသင်းကို အနိုင်ရရှိခဲ့သည့် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါဒဏ်ရာသက်သာရေးအတွက် မော်စကိုမြို့ရှိ ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ပါရီဆစ်သည် ရုရှားနိုင်ငံ လုဇ်နီကီကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အင်္ဂလန်အသင်းအား ခရိုအေးရှားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်ပြီးကတည်းက မန်ယူအသင်း၏ အဓိကပစ်မှတ်ထားခြင်း ခံထားရသူဖြစ်ပြီး ခရိုအေးရှားအသင်း ယှဉ်ပြိုင်ကစားရမည့် ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲကိုလည်း ပါဝင်ကစားခွင့်ရရှိရန် စိတ်အားထက်သန်နေသူဖြစ်သည်။

လက်ရှိတွင် တောင်ပံကစားသမား ပါရီဆစ်သည် ဘယ်ဘက်ပေါင်တွင် ရရှိထားသည့် ဒဏ်ရာကို ဆေးကုသနေပြီး ဗိုလ်လုပွဲတွင် ပါဝင်နိုင်မည်မဟုတ်ကြောင်း သတင်းများထွက်ပေါ်နေသော်လည်း ခရိုအေးရှားအသင်းနည်းပြ ဇလက်ကိုဒါလစ်ကမူ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ကာလအတွင်း တောင်ပံကစားသမား ပါရီဆစ် ဒဏ်ရာမှ ပြန်လည်သက်သာလာမည် သို့မဟုတ် မသက်သာနိုင်ဆိုသည့် အကြောင်းအရာများနှင့်စပ်လျဉ်းပြီး ပြောရန် စောနေသေးကြောင်း ပြောကြားခဲ့သည်။

**ငွေကြယ်**

# ကျိုက်ထိုမြို့နယ် ကော့ထင်းစံပြကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသက်တင်နှင့် အုပ်ချုပ်ရေးမှူးဟောင်း ဦးမြင့်လွင်တို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ စီရင်ချက်အမိန့်ချမှတ်

**နေပြည်တော် ဇူလိုင် ၁၄**
အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခံရသည့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကော့ထင်းစံပြကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသက်တင်နှင့် အုပ်ချုပ်ရေးမှူးဟောင်း ဦးမြင့်လွင်တို့အပေါ် အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်စီ ချမှတ်လိုက်ကြောင်း သိရသည်။

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကော့ထင်းစံပြကျေးရွာ သောင်နုမြေအား ခြံကွက်ရိုက် ရောင်းချခြင်းကိစ္စနှင့် စပ်လျဉ်း၍ စစ်ဆေးဖော်ထုတ် အရေးယူပေးရန် မွန်ပြည်နယ်လွှတ်တော်မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့သဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးခဲ့ရာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကော့ထင်းစံပြကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသက်တင်သည် ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း သောင်နုမြေများကို သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်မရှိဘဲ ခြံမြေအကွက်ရိုက်၍ ရောင်းစားခြင်း၊ ရရှိသောငွေများနှင့် စပ်လျဉ်း၍ စာရင်းရှင်းတမ်းများ တင်ပြရာတွင် အမှန်တကယ် ဆောင်ရွက်ခဲ့ခြင်းမရှိသည့် လုပ်ငန်းများကို ပြေစာအတုများဖြင့် တင်ပြခဲ့ခြင်းတို့ကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူး၏ လုပ်ပိုင်ခွင့်အာဏာကို အသုံးပြု၍ အဂတိလိုက်စားမှုကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဦးသက်တင်အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရလည်းကောင်း၊ ကော့ထင်းစံပြကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟောင်း ဦးမြင့်လွင်သည် လုပ်ပိုင်ခွင့်အာဏာမရှိသော်လည်း ဦးသက်တင်၏လုပ်ပိုင်ခွင့်အာဏာကို အသုံးပြုပြီး အဂတိလိုက်စားမှုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်သူဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဦးမြင့်လွင်အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆/၆၃ အရလည်းကောင်း ၂၀၁၇ ခုနှစ် ဧပြီ ၂၇ ရက်တွင် မွန်ပြည်နယ် တရားလွှတ်တော်၌ တရားစွဲတင်ပို့ခဲ့ပြီး ရာဇဝတ်ကြီးမှု အမှတ် ၂/၂၀၁၇ ဖြင့် လက်ခံစစ်ဆေးခဲ့သည်။

မွန်ပြည်နယ် တရားလွှတ်တော်မှ ၂၀၁၈ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ဦးသက်တင်အား အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်၊ ဦးမြင့်လွင်အား အလုပ်နှင့် ထောင်ဒဏ် သုံးနှစ် အသီးသီးကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၄**
ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ဇူလိုင် ၁၃ ရက်က TOYOTA HIACE ယာဉ်တစ်စီး၊ CROWN MAJESTA ယာဉ်တစ်စီး၊ TOYOTA MARK II GRANDE ယာဉ်တစ်စီး၊ TOYOTA HIACE GRAND CABIN-G ယာဉ်တစ်စီးနှင့် NISSAN WIN ROOD ယာဉ်တစ်စီးပေါ်တွင် ပိတောက်ခားရွေ ၅ ဒသမ ၈၂၉ တန်၊ ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံး ၂၂၉ ကီလိုဂရမ်နှင့် အဆိုပါပစ္စည်းများ သယ်ဆောင်သည့်ယာဉ် ငါးစီး(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉ ဒသမ ၄၃၁ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၇၅ စီး၊ သွင်းကုန် ၉၅၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၈ စီး၊ သွင်းကုန် အစီး ၂၀၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၃ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ၁၁ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀ ဒသမ ၄၈၁ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၀၇၆ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၆ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၈ ဒသမ ၅၅၇ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**
- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ လေ့လာစရာစုံလင်အမိမြန်ပြည် တစ်ခွင်(မြတ်ဗုဒ္ဓရုပ်ပွား ရေဆန်ကျွန်းဘုရား)
- ၈း၃၅ "ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး (စတုတ္ထနေ့) စကားသံများ"
- ၉း၀၀ "အာဇာနည်နေ့ဘယ်ခါမေ့နိုင် သည့်ပြည်သူတို့ရဲ့စကားသံ" (စည်သူဗိုလ်ကလေးတင့်အောင် နှင့်အဖွဲ့)
- ၁၀း၃၀ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၁း၀၀ လှပစုံလင်အာဆီယံတစ်ခွင်
- ၁၁း၀၅ ကဗျာရိပ်မြုံ "စကားထာ"
- ၁၁း၂၅ ကျန်းမာရေးမဂ္ဂဇင်း "အသည်းခြောက်ရောဂါ အကြောင်းသိကောင်းစရာ" (အပိုင်း -၂)
- ၁၁း၃၀ "အာဇာနေယျအာဇာနည်" (ဦးသန်းလွင်နှင့်ကလေးများ)
- ၁၂း၃၀ This Week Special Interest
- ၁၂း၄၅ မြန်မာဂန္ထဝင်ရုပ်ရှင် "စက္ကောမ" (ခင်မောင်ဇင်၊ ကြည်ကြည်ဌေး) (ဒါရိုက်တာ-အောဝမ်းမောင်ချစ်)
- ၁၅း၀၀ Sunday Talk

**ညပိုင်း**
- ၁၅း၄၅ Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Myawady Fc Vs Zwekapin United Fc)
- ၁၈း၂၀ လေ့လာစရာစုံလင်အမိမြန်ပြည် တစ်ခွင် "လွတ်လပ်ရေးသင်္ကေတ ရှိရာအပန်းဖြေလည်ပတ်စရာ နေရာဆီ"
- ၁၈း၃၅ "မြန်မာနိုင်ငံရှိ လူကုန်ကူးခံရသူ များအတွက် အခွင့်အရေးနှင့် ပြစ်မှု တရားစီရင်ရေးလုပ်ထုံးလုပ် နည်းများ"
- ၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၆)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
  - "၂၀၁၈ ခုနှစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲပိတ်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်"
  - "၂၀၁၈ ခုနှစ်ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီ အစဉ်" (ဗိုလ်လုပွဲ) (ပြင်သစ်အသင်း နှင့် ခရိုအေးရှားအသင်း)
  - အစီအစဉ်ပြီး၏။



# မိုးကောင်းမြို့၌ တရားမဝင်တင်ဆောင်လာသည့် ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိ

**မိုးကောင်း ဇူလိုင် ၁၄**
ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့ ကျွန်းတောရပ်ကွက်ရှိ ဗန်းမော် မန်းမော်တော်ယာဉ်ဂိတ်တွင် ယနေ့ နံနက် ၆ နာရီခွဲက ဗန်းမော် မန်းခရီးသည်တင်မော်တော်ယာဉ်ဖြင့် တရားမဝင်တင်ဆောင်လာသည့် ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ခင်မောင်ထွေး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ မန္တလေး-တနိုင်း ပြေးဆွဲနေသည့် ခရီးသည်ယာဉ်လိုင်းမှ စစ်ကိုင်းမြို့ မင်းလမ်းရပ်နေ ယာဉ်မောင်း ဦးခင်မောင်ရီ(၅၀)နှစ် မောင်းနှင်ပြီး ပုသိမ်မြို့ ရွှေဝါထွန်းလမ်းနေ ယာဉ်နောက်လိုက် သူထူးပိုင်(၂၀)နှစ် လိုက်ပါလာသည့် ယာဉ်အမှတ် MDY/3E(----) ခရီးသည်တင်မှန်လုံယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် ကျွန်းတံခါးပြုလုပ်ရန် အိတ် ၁၀ အိတ်နှင့် ယာဉ်၏ဝမ်းဗိုက်ပစ္စည်းသိုလှောင်ခန်းမှ အိတ် ၁၃ အိတ် စုစုပေါင်း တရားမဝင်ကျွန်းသစ်ခွဲသား ၁ ဒသမ ၂၂၉၆ တန်ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ တရားမဝင်ကျွန်းသစ်ခွဲသားများမှာ ကသာခရိုင် အင်းတော်မြို့နယ် မော်လူးမြို့မှ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် သူဌေးကုန်းကျေးရွာသို့ ပို့ဆောင်ပေးရန် သယ်ဆောင်လာသည့် ကျွန်းသစ်ခွဲသားများဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား မိုးကောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ခင်ဦးမြို့နယ်၌ စပါးရိတ်စက် နောက်ပြန်ဆုတ်ရာ လူငယ်တစ်ဦးကိုနင်းမိ၍ သေဆုံး

**ခင်ဦး ဇူလိုင် ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယနေ့ နံနက် ၁၁ နာရီခွဲခန့်က စပါးရိတ်သိမ်းစက် နောက်ပြန်ဆုတ်ရာမှ လူငယ်တစ်ဦးအား နင်းမိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခင်ဦးမြို့နယ် ဗအိုးကျေးရွာနေ ဦးသိန်းဇော်လင်း၏ လယ်ကွင်း၌ စက်မောင်း နန်းလင်းအောင်သည် စပါးရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းပြီး၍ နောက်ပြန်ဆုတ်ရာ မောင်အောင်နိုင်ထူး(ခ) မောင်သုန်အား နင်းမိသဖြင့် နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ခင်ဦးမြို့မရဲစခန်းက နန်းလင်းအောင်အား အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

# အငှားယာဉ်အား လုယက်မောင်းနှင်ထွက်ပြေးသူ သုံးဦးအား ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၁၄**
ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အဝေးပြေးလမ်းမကြီးပေါ် ဝါယာလက်ဈေးအနီး၌ ဇူလိုင် ၁၃ ရက် ညနေ ၆ နာရီကျော်ခန့်က လူသုံးဦးက ယာဉ်မောင်းကို ထိုးကြိတ်ရိုက်နှက်၍ ယာဉ်အား မောင်းနှင်ထွက်ပြေးသွားသူ သုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



အငှားယာဉ်မောင်းသည် ဇူလိုင် ၁၃ ရက် ညနေ ၆ နာရီခန့်က ဒညင်းကုန်း လမ်းဆုံမရောက်မီ စိန်မင်္ဂလာခန်းမရှေ့အရောက်တွင် လူသုံးဦးက ထောက်ကြန့်လမ်းဆုံဈေးအနီး စကိတ်ကွင်းသွားမည်ဟု ပြောပြီး ငှားရမ်းခဲ့ရာ မင်္ဂလာဒုံ ဝါယာလက်ဈေးအလွန်၌ ၎င်းတို့သုံးဦးက ယာဉ်မောင်း၏ လည်ကုပ်ကို ကျဉ်စက်ဖြင့်ထိုး၍ လုယူသွားခဲ့သည်။

အငှားယာဉ်မောင်းက အမှုဖွင့်တိုင်တန်းခဲ့ရာ ပြစ်မှုကျူးလွန်သူများအား မင်္ဂလာဒုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဇူလိုင် ၁၃ ရက် ညပိုင်းတွင် လုယူသွားသည့် အငှားယာဉ်နှင့်အတူ ခရေပင်လမ်းဆုံမီးပွိုင့်၌ လုယက်သူသုံးဦးအား တွေ့ရှိ၍ ဖမ်းဆီးခဲ့ပြီး ပြစ်မှုကျူးလွန်သူ ဘတိုး(ခ)မိုးဟိန်းနှင့် ပိုင်ဟိန်းနှင့် စိုင်းကိုတို့အား မင်္ဂလာဒုံမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မရမ်းကုန်းကျေးရွာ၌ ငါးရှာဖွေသူတစ်ဦး ရေနစ်သေဆုံး

**သုဝဏ္ဏဝတီ ဇူလိုင် ၁၄**
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး မရမ်းကုန်းကျေးရွာ၌ ဇူလိုင် ၁၃ ရက် ညပိုင်းက ငါးရှာဖွေသူတစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည် ။

ယင်းနေ့ ည ၉ နာရီခွဲတွင် သိမ်ဆိပ်တိုက်နယ်ဆေးရုံမှ လူတစ်ဦး ရေနစ်သေဆုံးကြောင်း သတင်းအရ သိမ်ဆိပ်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ကိုကိုလတ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အသိသက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဂျိုးဖြူပိုင်း မရမ်းကုန်းကျေးရွာနေ ချစ်ကိုသည် ည ၇ နာရီခန့်က ကွင်းအမှတ်(၆၅၉-ခ)အတွင်း ငါးရှာဖွေရာမှ သေဆုံးနေသည်ကို လယ်ပိုင်ရှင် မစုမွန်အေးက တွေ့ရှိသဖြင့် မရမ်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ဝင်းထံ အကြောင်းကြားပြီး ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ချစ်ကို သေဆုံးခြင်းနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်နိုင်ရန် သိမ်ဆိပ်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူစစ်ဆေးနေကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးနှင့်မြန်မာ

ဒေါက်တာဝါဝါမောင်(စီမံ/ဘဏ္ဍာ)

မြန်မာနိုင်ငံသည် ၁၉၈၇ ခုနှစ်မှစ၍ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ ( Least Developed Countries- LDCs) စာရင်းတွင် ပါဝင်ခဲ့ပါသည်။ လက်ရှိတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့် စုစုပေါင်း ၄၇ နိုင်ငံရှိပြီး ၁၂ နိုင်ငံသည် အာရှ-ပစိဖိတ်ဒေသမှ ဖြစ်ပါသည်။ မူလက ၅၂ နိုင်ငံရှိခဲ့ရာ ယင်းတို့အနက် Botswana နိုင်ငံသည် ၁၉၉၄ ခုနှစ်တွင်လည်းကောင်း၊ Cape Verde နိုင်ငံသည် ၂၀၀၇ ခုနှစ်တွင်လည်းကောင်း၊ Maldives နိုင်ငံသည် ၂၀၁၁ ခုနှစ်တွင်လည်းကောင်း၊ ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သည့် Samoa နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ Equatorial Guinea သည်လည်း ၂၀၁၇ ခုနှစ်တွင်လည်းကောင်း ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ခဲ့ပြီး ဖြစ်ပါသည်။

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အဓိကပူးပေါင်းဆောင်ရွက်ရန် အဖွဲ့အစည်းများ**

UN ၏ ဖွဲ့စည်းမှုအောက်တွင် အဓိကပါဝင်သည့် စီးပွားရေးနှင့် လူမှုရေးကောင်စီ (Economic and Social Council - ECOSOC)၊ စီးပွားရေးနှင့်လူမှုရေးရာဌာန (Department of Economic and Social Affairs -DESA) လက်အောက်ရှိ ဖွံ့ဖြိုးမှု မူဝါဒကော်မတီ (Committee for Development Policy -CDP) နှင့် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုအဖွဲ့ (United Nations Conference on Trade and Development-UNCTAD) တို့သည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အဓိက ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများ ဖြစ်ပါသည်။

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် လုပ်ငန်းစဉ်**

CDP သည် နိုင်ငံများကို မူဝါဒရေးရာ အကြံဉာဏ်များပေးခြင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ခြင်းနှင့်ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်လုဆဲနှင့်လွတ်မြောက်ပြီးနိုင်ငံများအား စောင့်ကြည့်လေ့လာခြင်းတို့ကို ဆောင်ရွက်ပါသည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် စံသတ်မှတ်ချက်များ ပြည့်မီပါက သက်ဆိုင်ရာနိုင်ငံသို့ အသိပေးအကြောင်းကြားပြီး သုံးနှစ်တစ်ကြိမ် လေ့လာသုံးသပ်ခြင်းဖြင့် ဆက်လက်လေ့လာပါသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံ (UN General Assembly)မှ ဆုံးဖြတ်ချက် ချမှတ်ပြီးနောက်ထပ် သုံးနှစ်တာကာလပြည့်မှသာလျှင် အမှန်တကယ် လွတ်မြောက်သည့် အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးခြင်းဖြစ်ရာ နိုင်ငံတစ်နိုင်ငံသည် LDCs မှ လွတ်မြောက် ရန် အနည်းဆုံး ခြောက်နှစ်အချိန်ယူရမည် ဖြစ်ပါသည်။

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အထူးထောက်ပံ့ပေးမှုများ**

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အထူးထောက်ပံ့ပေးသည့် အတိုင်းအတာသုံးမျိုးရှိပါသည်။ ၎င်းတို့မှာ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (Official Development Assistance -ODA)၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး ( International Trade) နှင့်အခြားထောက်ပံ့မှုများ (Other forms of Support) တို့ ဖြစ်ပါသည်။ တရားဝင်ဖွံ့ဖြိုးမှုအကူအညီကဏ္ဍတွင် ဘဏ္ဍာငွေနှင့်နည်းပညာဆိုင်ရာပံ့ပိုးမှုများ (Financial Flows and Technical Assistance)၊ နိုင်ငံအချင်းချင်းနှင့် နိုင်ငံစုံအလှူရှင်များ ပံ့ပိုးကူညီမှုများ ပါဝင်ပါသည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအနေနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO obligations) အရ အထူးအခွင့်အရေးများ (Special and Differential Treatment – SDT) နှင့် ဈေးကွက်ရရှိမှု (Market Access) တို့တွင် အထူးအခွင့်အရေးများ (Generalized Special Preferences- GSP) ခံစားခွင့်ရှိပါသည်။ အခြားထောက်ပံ့ပေးမှုများအဖြစ် ကုလသမဂ္ဂသို့ နှစ်စဉ်ထည့်ဝင်ကြေး (Annual Contribution) ဆိုင်ရာ ဖြေလျှော့ပေးမှု၊ အပြည်ပြည်ဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ရေးအတွက် ခရီးသွားရန် ပံ့ပိုးပေးမှုနှင့် အခြားဆောင်ရွက်မှုများ ပါဝင်ပါသည်။

မိမိတို့နိုင်ငံသည် ၁၉၈၇ ခုနှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် ရောက်ရှိခဲ့ပါသည်။ နှစ်ပေါင်း ၃၀ ခန့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သော်လည်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့် အခွင့်အရေးများ အပြည့်အဝ ရရှိခဲ့ခြင်းမရှိပါ။ ယခုအခါ နိုင်ငံပေါင်း ၄၇ နိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများစာရင်းတွင် ကျန်ရှိပြီး အာရှ-ပစိဖိတ်ဒေသမှ ၁၂ နိုင်ငံပါဝင်ပြီး အာဆီယံနိုင်ငံများအနက် မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့်လာအိုနိုင်ငံတို့ ပါဝင်ပါသည်။ ကမ္ဘောဒီးယားနိုင်ငံနှင့်လာအိုနိုင်ငံတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် လျာထားကြောင်း သိရှိရပါသည်။

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်မှ လွတ်မြောက်ရေးအတွက် ညွှန်ကိန်းနှင့် စံသတ်မှတ်ချက်များ**

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်မှ လွတ်မြောက်ရေးအတွက် တစ်ဦးကျဝင်ငွေ၊ လူသားအရင်းအနှီး ညွှန်ကိန်းနှင့်စီးပွားရေးထိခိုက်လွယ်မှု စံသတ်မှတ်ချက်တို့အပေါ် အခြေခံ၍ တိုင်းတာရာ၌ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်လိုလျှင် အောက်ဖော်ပြပါအခြေအနေတစ်ခုခုနှင့်ကိုက်ညီရန် လိုအပ်ပါသည်။

(က) တစ်ဦးကျဝင်ငွေ ( GNI Per Capita) ၊ လူသားအရင်းအနှီး ညွှန်ကိန်း( Human Assets Index-HAI)၊ တစ်ဦးကျဝင်ငွေနှင့် စီးပွားရေး ထိခိုက်လွယ်မှု စံသတ်မှတ်ချက် ( Economic Vulnerability Index-EVI) ညွှန်ကိန်းသုံးခုထဲမှ အနည်းဆုံး ညွှန်ကိန်းနှစ်ခု စံသတ်မှတ်ချက် ပြည့်မီလျှင်လည်းကောင်း၊

(ခ) တစ်ဦးချင်းဝင်ငွေသည် သတ်မှတ်ချက်ထက် နှစ်ဆရှိပါကလည်းကောင်း ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဆင့်မှ လွတ်မြောက်နိုင်ပါသည်။

> **ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်မှ လွတ်မြောက်ရေးအတွက် တစ်ဦးကျဝင်ငွေ၊ လူသားအရင်းအနှီး ညွှန်ကိန်းနှင့်စီးပွားရေးထိခိုက်လွယ်မှု စံသတ်မှတ်ချက်တို့အပေါ်အခြေခံ၍ တိုင်းတာရာ၌ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး. . .**

အထက်ပါစံနှုန်းကိုက်ညီပါက စောင့်ကြည့်ကာလ သုံးနှစ်ပြည့်ပြီးနောက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အတည်ပြုချက်ဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်မှ လွတ်မြောက်နိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် စံသတ်မှတ်ချက်မှာ GNI အနေဖြင့် အမေရိကန်ဒေါ်လာ ၁၂၃၀ နှင့်အထက်၊ HAI အနေဖြင့် ၆၆ နှင့်အထက်နှင့် EVI အနေဖြင့် ၃၂နှင့်အောက်ရှိရမည်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် CDP အစီရင်ခံစာအရ လက်ရှိမြန်မာနိုင်ငံ၏ GNI မှာ အမေရိကန် ဒေါ်လာ ၁၂၅၅၊ HAI မှာ ၆၈ ဒသမ ၅ နှင့် EVI မှာ ၃၁ ဒသမ ၇ ဖြစ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ သတ်မှတ်ချက်များအပေါ် ပြည့်မီမှုရှိသည်ဆိုခြင်းမှာ သိသိလေး ပြည့်မီခြင်းသာဖြစ်ပြီး ဖွံ့ဖြိုးမှုအရှိန်အဟုန်အား မြှင့်တင်နိုင်ရန်၊ အရည်အသွေးရှိသည့် ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရန် လိုအပ်လျက်ရှိပါသည်။ သဘာဝဘေးဒုက္ခ ရေကြီးရေလျှံမှုများ၊ ပြည်တွင်းစစ်ဘေးရှောင်ကိစ္စရပ်များ၊ ပို့ကုန်ဈေးနှုန်းနှင့်ငွေလဲလှယ်မှုဈေးနှုန်း မတည်ငြိမ်မှုများသည် စီးပွားရေးထိခိုက်လွယ်မှု စံသတ်မှတ်ချက်များအား အမှတ်လျော့စေနိုင်ပါသည်။

*ဇာစ်မြစ်- 2018 triennial review, https://www.un.org/development/desa/dpad/least-developed-country-category-myanmar.html*

**ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံမှ လွတ်မြောက်ရေးဆောင်ရွက်ရာတွင် အကျိုးအပြစ်များ**

ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံမှ လွတ်မြောက်ရေးဆောင်ရွက်ရာတွင် အကျိုးအပြစ်များလည်းရှိပါသည်။ မိမိတို့နိုင်ငံ ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံဖြစ်ခြင်းအားဖြင့် ရရှိခံစားနိုင်သည့် အကျိုးကျေးဇူးများမှာ-

(က) အကြွေးလျော်ခြင်း၊

(ခ) ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အထူးအထောက်အပံ့များဖြစ်သည့် တရားဝင်ဖွံ့ဖြိုးမှုအကူအညီ၊ နိုင်ငံခြားအကူအညီ အထောက်အပံ့များရရှိခြင်း၊ အတိုးနှုန်းအနိမ့်ဆုံးဖြင့် ချေးငွေရရှိနိုင်ခြင်း၊

(ဂ) ကုလသမဂ္ဂထည့်ဝင်ကြေးလျှော့ပေါ့မှု၊

(ဃ) နိုင်ငံခြားအစည်းအဝေးများတက်ရောက်ရာတွင် သက်ဆိုင်ရာဖိတ်ကြားသည့် အဖွဲ့အစည်းများမှ ခရီးသွားရန် ရန်ပုံငွေထောက်ပံ့မှုများ၊ ပညာတော်သင်ဆုများ၊ နည်းပညာ လွှဲပြောင်းမှုဆိုင်ရာ သင်တန်းများအားရရှိခံစားစေနိုင်ခြင်း၊

(င) အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ဈေးကွက်ရရှိမှုတို့အတွက် အထူးအခွင့်အရေးများ (Generalized Special Preferences-GSP) ၊ Multi-donors များ၏ Enhanced Integrated Framework -EIF အစီအစဉ်အားဖြင့် နိုင်ငံဖွံ့ဖြိုးမှုအား အထောက်အပံ့ဖြစ်စေခြင်း၊

ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ခြင်းအားဖြင့် စွန့်လွှတ်ရမည့် အချက်များမှာ-

(က) ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအတွက် အထူးအထောက်အပံ့များဖြစ်သည့် တရားဝင် ဖွံ့ဖြိုးမှုအကူအညီနှင့် နိုင်ငံခြားအကူအညီအထောက်အပံ့များရရှိနိုင်တော့မည် မဟုတ်ပါ။

(ခ) ချေးငွေများရရှိသည့်တိုင် သက်သာသည့်အတိုးနှုန်းဖြင့်ချေးငွေ (Concessional Loan) မဟုတ်ဘဲ စီးပွားရေးချေးငွေ (Commercial Loan) အဖြစ်သာ ရရှိနိုင်ခြင်းကြောင့် ပေးရမည့် အတိုးနှုန်းများ ပိုမိုတက်သွားမည်ဖြစ်ပါသည်။

(ဂ) ကုလသမဂ္ဂထည့်ဝင်ကြေးများ တိုးတက်ထည့်ဝင်ရမည် ဖြစ်ပါသည်။

(ဃ) မိမိတို့နိုင်ငံအတွက် နိုင်ငံခြား ပညာသင်ဆု ခွဲဝေမှုလျော့နည်းသွားနိုင်မည် ဖြစ်သည်။ အပြည့်အဝထောက်ပံ့မှုများ မဟုတ်ဘဲ တစ်ဝက်တစ်ပျက်ထောက်ပံ့မှုများအသွင်သို့ ပြောင်းသွားနိုင်ပါသည်။

(င) အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအစည်းအဝေးများ၊ သက်ဆိုင်ရာ ဖိတ်ကြားသည့် အဖွဲ့အစည်းများ၊ နည်းပညာလွှဲပြောင်းမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်လိုပါက ခရီးသွားရန် ရန်ပုံငွေထောက်ပံ့မှုများ ရယူနိုင်မည် မဟုတ်ဘဲ နိုင်ငံတော်စရိတ်ဖြင့်သာ တက်ရောက်နိုင်မည် ဖြစ်ပါသည်။

(စ) အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့် ဈေးကွက်ရရှိမှုတို့အတွက် အထူးအခွင့်အရေးများ (Generalized Special Preferences-GSP) နှင့် Duty Free, Quota Free တို့ ရရှိနိုင်မည် မဟုတ်ပါ။ (သို့သော်လည်း ယခုလည်း GSP ရရှိအသုံးပြုမှု အလွန်နည်းပါးပါသည်)

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအား ပံ့ပိုးမည့်အစ္စတန်ဘူလ် လုပ်ငန်းအစီအစဉ်**(Istanbul Plan of Action)

ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် စံသတ်မှတ်ချက်များ ပြည့်မီရေးတို့အတွက် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရန် ရည်ရွယ်၍ ၂၀၁၁ ခုနှစ် မေလ ၉ ရက်နေ့မှ ၁၃ ရက်နေ့ထိ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကျင်းပခဲ့သော ကုလသမဂ္ဂ စတုတ္ထအကြိမ် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဆိုင်ရာ ညီလာခံအတွင်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs) မှ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစ္စတန်ဘူလ် လုပ်ငန်းအစီအစဉ် (Istanbul Plan of Action) ကို ချမှတ်ခဲ့ပါသည်။ လုပ်ငန်းအစီအစဉ်၏ အဓိကရည်မှန်းချက်မှာ ၂၀၂၀ ပြည့်နှစ်တွင် LDCs လွတ်မြောက်ရေး စံသတ်မှတ်ချက်ပြည့်မီ၍ LDCs နိုင်ငံ အရေအတွက် ထက်ဝက်လျှော့ချရေးအစီအစဉ်ဖြစ်ပါသည်။

ဆင်းရဲမှုလျှော့ချရေးနှင့်ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် ကြိုးပမ်းသည့် နိုင်ငံများအနေနှင့် ကုလသမဂ္ဂအစီအစဉ်အောက်တွင် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံမှ လွတ်မြောက်ရေးအတွက် အစ္စတန်ဘူလ် လုပ်ငန်းစဉ် (Istanbul Plan of Action-IPoA) ၏ အစီအစဉ်တို့အား ခံစားခွင့်ရှိပါသည်။ အဆိုပါအစီအစဉ်အရ တိုးတက်အောင် ဆောင်ရွက်သည့် အဓိကနယ်ပယ် (၈) ရပ်မှာ

(က) ထုတ်လုပ်မှုစွမ်းရည်တိုးတက်စေရေး (Productivity Capacity)

(ခ) စိုက်ပျိုးရေး၊ စားနပ်ရိက္ခာဖူလုံလုံခြုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး (Agriculture, Food Security and Rural Development)

(ဂ) ကုန်သွယ်မှုတိုးမြှင့်ရေး(Trade Promotion)

(ဃ) ကုန်စည်များ တိုးတက်အဆင့်မြှင့်တင် ထုတ်လုပ်နိုင်ရေး (Value Added Production)

(င) လူသားနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး (Human and Social Development)


(စ) မျိုးစုံသော အကျပ်အတည်းများ၊ အခြားသော စိန်ခေါ်မှုများအား စီမံခန့်ခွဲဖြေရှင်းနိုင်ရေး (Multiple Crisis and Other Emerging Challenges)

(ဆ) ဖွံ့ဖြိုးမှုအတွက် ဘဏ္ဍာငွေရင်းမြစ်နှင့် စွမ်းရည်ထူထောင်ရေး (Mobilizing Financial Resources for Development and Capacity Building)

(ဇ) ကောင်းမွန်သော အုပ်ချုပ်မှုစနစ် အဆင့်တိုင်းတွင် ဖြစ်ပေါ်စေနိုင်ရေး (Good Governance at all Levels) တို့ ဖြစ်ပါသည်။ **စာမျက်နှာ ၂၂ သို့**













# မဟာဗျူဟာ အကျိုးစီးပွား နေတိုးမှ ပြဝခံစားနိုင်မည်လား

ကိုရင်ညြ

၂၀၁၈ ခုနှစ် ဘရပ်ဆယ်ထိပ်သီးညီလာခံဟု ခေါ်တွင်သော မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ထိပ်သီးညီလာခံ ကျင်းပချိန်မှာ အဖွဲ့ဝင်နိုင်ငံများ၏ လုံခြုံရေးနှင့် ဥပဒေစည်းမျဉ်းအခြေပြုသော နိုင်ငံတကာဆက်ဆံရေး ယန္တရားတို့ စိန်ခေါ်ခံရချိန်ဖြစ်ကြောင်း ညီလာခံအပြီး ထုတ်ပြန်သောပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြထားပေရာ နေတိုးအဖွဲ့၏ ရှေ့ရေးအလားအလာများနှင့် ပတ်သက်၍ သုံးသပ်လေ့လာရန်အကြောင်းဆိုက်ခဲ့လေ၏။

ဥရောပ-အတ္တလန္တိတ် ဧရိယာတစ်ခုလုံးတွင် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်မှုတို့အတွက် အဖွဲ့ဝင်နိုင်ငံများက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် နေတိုးအဖွဲ့ခေါင်းဆောင်များက အသိအမှတ်ပြုခဲ့ကြပေရာ ယင်းအဖွဲ့၏ လှုပ်လှုပ်ရွရွ အနေအထားကို ရင်သပ်ရှုမောဖြစ်ရပြန်၏။

မိုးရေစက်ထိလျှင်သော်လည်းကောင်း၊ လေတိုက်လျှင်သော်လည်းကောင်း၊ လက်ဖြင့်တို့ထိမိလျှင်လည်းကောင်း အရွက်များညှိုးလိမ်သွားတတ်သော ထိကရုံးပင်များပုံပမာ နေတိုးအဖွဲ့ဝင်နိုင်ငံများမှာ စိန်ခေါ်မှုများအကြား လူးလွန့်လှုပ်ရှားနေကြရဆဲဖြစ်သည်။

## စိန်ခေါ်

နေတိုးအဖွဲ့ကို အနီးကပ်စိန်ခေါ်လာသူတစ်ဦးမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဖြစ်ပြီး နေတိုးခေါင်းဆောင်များ၏ နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေး ဇူလိုင် ၁၁ ရက်တွင် စတင်လုဆဲမှာပင် နိုင်ငံတကာမှကြွရောက်လာကြသော မဟာမိတ်နိုင်ငံများမှ အကြီးအကဲများအတွက် ရာဇအိန္ဒြေပျက်ရလောက်သည့် ပြောဆိုချက်တစ်ရပ်ဖြင့် ဆိုင်းမဆင့်ဗုံမပါဘဲ မြည်ဟိန်းခဲ့သည်။ ထိပ်သီးညီလာခံ စတင်လုဆဲဆဲ နံနက်စာစားသုံးရန် စုဝေးထိုင်နေကြစဉ်မှာပင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မဟာမိတ်ခေါင်းဆောင်များကို ပေါ်ပေါ်ထင်ထင် စိန်ခေါ်လိုက်သည်မှာကား -

“ခင်ဗျားတို့နိုင်ငံတွေက ကျုပ်နိုင်ငံအပေါ် အကြွေးတင်နေကြတာ နည်းနည်းနောနောမှမဟုတ်ဘဲ၊ နှစ်ပေါင်းကြာရှည်တင်လာတဲ့အကြွေးတွေလည်းဖြစ်တယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်၊ အနှစ် ၂၀ ကာလကနေ တွက်စစ်ကြည့်ရင် ခင်ဗျားတို့တင်နေတဲ့ အကြွေးတွေက တစ်ပုံတစ်ပင်ကြီးပဲ”။

သမ္မတထရန့် ဆိုလိုသည်မှာ နေတိုးအဖွဲ့ရန်ပုံငွေကိစ္စနှင့် ပတ်သက်နေသည်။ နေတိုးအသုံးစရိတ်များအတွက် အဖွဲ့ဝင်နိုင်ငံများက ထည့်ဝင်နေသော ငွေကြေးပမာဏမှာ လောက်လောက်ငင မရှိဟုဆိုသည်။ နေတိုး မဟာမိတ်နိုင်ငံများသည် လျော့ကြဲစီးသည့်ပုံစံမျိုး ပြုမူခဲ့ကြသည်ဟု သမ္မတထရန့်က စွပ်စွဲခဲ့လေသည်။

နေတိုးထိပ်သီးညီလာခံ အကြိုကာလမှာပင် မဟာမိတ်ဥရောပနိုင်ငံများနှင့် အမေရိကန်အကြား နှုတ်လှန်ထိုး ပြောဆိုသံများ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်ခဲ့သည်။ သမ္မတထရန့်သည် ဥရောပမဟာမိတ်နိုင်ငံများကို နေ့စဉ်လိုလို ဝေဖန်ထိုးနှက်သည့်အလုပ်ကိုသာ အရေးတကြီးလုပ်ဆောင်နေသည်ဟု ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တပ်ခ်က ပြောကြားခဲ့သည်။ ဥရောပထက် ပိုမိုကောင်းမွန်သည့် မဟာမိတ်နိုင်ငံများဟူ၍ ကမ္ဘာ့အခြားဒေသတွင် ရှိလိမ့်မည် မဟုတ်ကြောင်း၊ ယနေ့ကာလတွင် ဥရောပနိုင်ငံများသည် ရုရှားက သုံးစွဲသော ကာကွယ်ရေးအသုံးစရိတ်ထက် အဆပေါင်းများစွာ ပိုမိုသုံးစွဲနေပြီး တရုတ်နိုင်ငံကသုံးစွဲသော ကာကွယ်ရေးအသုံးစရိတ်တမျှ သုံးစွဲလျက်ရှိကြောင်း တပ်ခ်က ပြောကြားသည်။

သမ္မတထရန့်သည် ဇူလိုင် ၁၀ ရက်က ဘယ်လ်ဂျီယံနိုင်ငံ မြို့တော်သို့ ဦးတည်လာရောက်နေစဉ်မှာပင် နေတိုးရန်ပုံငွေကိစ္စနှင့်ပတ်သက်၍ လူမှုကွန်ရက်မီဒီယာတွစ်တာမှတစ်ဆင့် ဥရောပနိုင်ငံများကို ဝေဖန်ထိုးနှက်ခဲ့သေးသည်။ နေတိုးအဖွဲ့ဝင်နိုင်ငံအများစုမှာ ကာကွယ်ရေးအသုံးစရိတ်နှင့် ပတ်သက်၍ ယင်းနိုင်ငံများ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)၏ နှစ်ရာခိုင်နှုန်း သုံးစွဲရေးဟူသော အမေရိကန်၏အကြံပြုချက်ကို လိုက်နာခဲ့ကြခြင်း မရှိဟုဆိုသည်။ ဤအချက်နှင့်ပတ်သက်၍ သမ္မတထရန့်က ထပ်တလဲလဲ ပြစ်တင်ပြောဆိုခဲ့သည်။

နေတိုးထိပ်သီး ဆွေးနွေးပွဲတွင် ဂျီဒီပီ၏ ၄ ရာခိုင်နှုန်းထိ တိုးမြှင့်သုံးစွဲသင့်ပုံကို သမ္မတထရန့်က ထောက်ပြခဲ့ရာ အမေရိကန်၏ အကျပ်ကိုင်ချက်အဖြစ် အဖွဲ့ဝင်နိုင်ငံများက ရှုမြင်ခဲ့ကြသည်။



ဓာတ်ပုံ- VOX

အမေရိကန်အစိုးရသည် ကာကွယ်ရေးလုပ်ငန်းအတွက် ကျခံသုံးစွဲနေရသည့် ငွေကြေးပမာဏမှာ အခြားသော နေတိုးအဖွဲ့ဝင်နိုင်ငံများထက် များစွာပိုမိုနေကြောင်း၊ မိမိနိုင်ငံတစ်နိုင်ငံတည်းက ရန်ပုံငွေပုံအောထည့်နေရခြင်းသည် အမေရိကန်အခွန်ထမ်းပြည်သူများအပေါ် မမျှမတပြုမှုရာရောက်ကြောင်း သမ္မတထရန့်က ထိုးနှက်တိုက်ခိုက်ခဲ့သေးသည်။

“နေတိုးနိုင်ငံတွေ ရန်ပုံငွေများများထည့်ကြ၊ အမေရိကန်က နည်းနည်းပဲထည့်တော့မယ်၊ မတရားလိုက်တဲ့ နိုင်ငံတွေ”ဟူ၍ ထရန့်က ထိပ်သီးဆွေးနွေးပွဲ ကျင်းပလုဆဲကပင် ထော်လော်ကန့်လန့်ပြောကြားခဲ့သေးသည်။

ဥရောပအဖွဲ့ဝင် ၂၇ နိုင်ငံအနက် ခုနစ်နိုင်ငံသည် ရန်ပုံငွေထည့်ဝင်ရေးရည်မှန်းချက်ဖြစ်သော ဂျီဒီပီ၏ နှစ်ရာခိုင်နှုန်းပြည့်မီရန် လုပ်ဆောင်လျက်ရှိကြောင်း နေတိုးအဖွဲ့ဝင်နိုင်ငံများက တုံ့ပြန်ပြောဆိုခဲ့သည်။ ယင်းနိုင်ငံ ခုနစ်နိုင်ငံမှာ ဗြိတိန်၊ ဂရိ၊ လတ်ဗီးယား၊ အက်စ်တိုးနီးယား၊ ပိုလန်၊ လစ်သူယေးနီးယားနှင့် ရိုမေးနီးယားတို့ ဖြစ်ကြသည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများသည် ကာကွယ်ရေးအသုံးစရိတ်များ တိုးမြှင့်ကျခံလာကြသည့်တိုင်အောင် ယခုအချိန်အထိ သမ္မတထရန့်၏ နင်ပဲငဆ ပြောဆိုမှုအပေါ် ခံနေကြရဆဲဖြစ်သည်။ ထရန့်သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် အာဏာရရှိခဲ့ချိန်မှ သူ၏ နေတိုးမဟာမိတ်များကို ပြောင်ပြောင်တင်းတင်း ဝေဖန်ခဲ့သူဖြစ်သည်။

## အရှေ့ဥရောပမျှော်လင့်ချက်

ယခုတစ်ကြိမ် ထိပ်သီးညီလာခံတွင် အရှေ့ဥရောပနိုင်ငံများက ရုရှားနိုင်ငံကို အာခံသည့်အနေဖြင့် အင်အားပြသလိုကြပြီး ယင်းတို့၏နိုင်ငံများ၌ နေတိုးတပ်ဖွဲ့များ အင်အားတိုးဖြန့်ကြက်ပေးရန် တောင်းဆိုကြသည်။ နေတိုးအဖွဲ့ဝင်နိုင်ငံများအနက် အရှေ့ဥရောပနိုင်ငံများမှာ မျက်နှာငယ်ငယ်နှင့်ရှိနေခဲ့ကြသည်။ အကြောင်းမှာ စီးပွားရေးအရ အနောက်ဥရောပနိုင်ငံများကဲ့သို့ တောင့်တင်းခိုင်မာခြင်းမရှိလှသဖြင့် ကာကွယ်ရေးမျက်နှာစာတွင် နေတိုးတပ်ဖွဲ့များ၏ စစ်ရေးအကူအညီပေါ်တွင်သာမှီခိုနေရသည်ဟု ပိုလန်သံအမတ်ကြီးဟောင်း လူကာစီဝစ် ကပြောကြားသည်။ မိမိတို့၏နိုင်ငံများ၌ နေတိုး၏ အမြဲတမ်းတပ်စခန်း၊ ယာယီတပ်စခန်းမျှပင် မရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ပိုလန်နိုင်ငံ၌ စစ်သည်တင် သံချပ်ကာတပ်ရင်းတစ်ခုကို ပူးတွဲဖြန့်ကြက်ထားရှိရန် ပိုလန်ကာကွယ်ရေး ဝန်ကြီးဌာနက အဆိုပြုခဲ့သည်။ ယင်းတပ်ရင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၅၀၀၀၊ သံချပ်ကာကားနှင့် စစ်သည်တင် သံချပ်ကာယာဉ် အစီး ၂၅၀ ပါဝင်သင့်သည်ဆို၏။

အရှေ့ဥရောပဒေသမှာ ရုရှား၏ဘေးရန်ကို စိုးရွံ့နေကြရသည်ဟု အကြောင်းပြပြောဆိုလေ့ရှိကြသည်။ ရုရှားသည် အရှေ့ဥရောပနိုင်ငံများအား ရန်စောင်သည့် အမူအရာကို တိုးမြှင့်ပြသလာနေသည်ဟု ဆိုသည်။

## ရုရှား ခြိမ်းခြောက်မှု

အရှေ့ဥရောပ၌ နေတိုးတပ်ဖွဲ့များ ပိုမိုဖြန့်ကြက်ထားနိုင်မှသာလျှင် ရုရှား၏ အတင့်ရဲသော ခြိမ်းခြောက်မှုမှ ကာကွယ်နိုင်လိမ့်မည်ဖြစ်ကြောင်း အရှေ့ဥရောပခေါင်းဆောင်များက ပြောကြားကြသည်။ လတ်ဗီးယားနိုင်ငံ၌ ကနေဒါ၏ စစ်ရေးတည်ရှိမှုကို နောက်ထပ် လေးနှစ် သက်တမ်းတိုးမည်ဟု ကနေဒါအစိုးရက ကြေညာတော့မည်ဟု ဆိုသည်။

အမေရိကန်၏ အမြဲတမ်းစစ်ရေး တည်ရှိမှုကို အထူးလိုအပ်နေသည်မှာ ပိုလန်နိုင်ငံဖြစ်သည်။ ပိုလန်တွင် အမေရိကန်တပ်ဖွဲ့ကို အမြဲတမ်းဖြန့်ကြက်ရန် ယင်းနိုင်ငံက တောင်းဆိုသည်။ သို့ရာတွင် မိမိ၏ အနောက်ပိုင်း နယ်မြေဒေသအနီးအပါးအထိ နေတိုးတပ်ဖွဲ့များ တိုးချဲ့ဖြန့်ကြက်လာမည်ဆိုပါက လက်တုံ့ပြန်ရလိမ့်မည်ဟု ရုရှားက သတိပေးခဲ့သည်။

အရှေ့ဥရောပနိုင်ငံများ၏ စစ်အင်အားမြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းနေလင့်ကစား သမ္မတထရန့်၏ ဝေဖန်ချက်ကြောင့် အက်စ်တိုးနီးယားနိုင်ငံ၌ အမေရိကန်၏ နိုင်ငံရေးပါဝါ အားနည်းသွားခဲ့ရသည်။ အက်စ်တိုးနီးယားနိုင်ငံ၏ သမ္မတဖြစ်သူက နေတိုးနှင့် ဥရောပသမဂ္ဂ(အီးယူ)တို့အား ဝေဖန်ခဲ့သည်ကို အကြောင်းပြု၍ အမေရိကန်သံအမတ်ကြီး ဂျိမ်းဒီမယ်ဗီးလ်ရာထူးမှနုတ်ထွက်မှုဖြစ်ပေါ်ခဲ့သည်။

“အမေရိကန်အားသားချက်ရဖို့ အီးယူကို ထူထောင်ခဲ့တယ်။ နေတိုးအဖွဲ့ဟာ မြောက်အမေရိက ကုန်သွယ်ရေးအဖွဲ့ (နက်ဖ်တာအဖွဲ့)လောက် ဆိုးရွားလှတယ် ဆိုပြီး အက်စ်တိုးနီးယားသမ္မတက ဝေဖန်ပြောကြားခဲ့တာဟာ လုံးဝမှားယွင်းတယ်” ဟုဆိုကာ အမေရိကန်သံအမတ်ကြီး ရာထူးမှ နုတ်ထွက်ခဲ့သည်။

သမ္မတထရန့်၏ မူဝါဒများသည် အမေရိကန်နှင့် ယင်း၏ ဥရောပမဟာမိတ်နိုင်ငံများအကြား အကွဲအပြဲ ဖြစ်စေသကဲ့သို့ အမေရိကန်အစိုးရ အထက်တန်းတာဝန်ရှိသူများ အသိုက်အဝန်းတွင်လည်း အကွဲအပြဲဖြစ်ရသည်မှာ ထင်ရှားလှသည်။

သမ္မတထရန့်သည် နေတိုး ထိပ်သီးညီလာခံပြီးဆုံးသည့်အခါ ဗြိတိန်နိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်ရန်စီစဉ်ထားပြီး ထိုမှတစ်ဆင့် ဖင်လန်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ ဖင်လန်နိုင်ငံတွင် သမ္မတထရန့်နှင့် ရုရှားသမ္မတ ပူတင်တို့ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ဟယ်လ်ဆင်ကီမြို့၌ ဇူလိုင် ၁၆ ရက်တွင် သမ္မတပူတင်နှင့်တွေ့ဆုံမည့် အစီအစဉ်နှင့် ပတ်သက်၍ သမ္မတထရန့်က အကောင်းဘက်မှ ရှုမြင်ထားသည်။

ဗြိတိန်နိုင်ငံကဲ့သို့သော အမေရိကန် မဟာမိတ်နိုင်ငံများကမူ ပူတင်အား အထီးကျန်ထားရှိရန် လိုလားကြသည်။ ရုရှားအပေါ်ထားရှိသည့် သမ္မတထရန့်၏ သဘောထားရပ်တည်ချက်နှင့်ပတ်သက်၍ ယင်းနိုင်ငံများက နှစ်သက်လိုလားဖွယ် မရှိကြပေ။

သမ္မတထရန့်နှင့် သမ္မတပူတင်တို့အကြား တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်းမှာ အမေရိကန်အမျိုးသားရေး အကျိုးစီးပွားနှင့် အညီအညွတ်ဖြစ်သည်ဟု အမေရိကန်-ရုရှား ထိပ်သီးဆွေးနွေးပွဲနှင့်ပတ်သက်၍ သမ္မတထရန့်၏ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်က ကာကွယ်ပြောကြားခဲ့သည်။

နေတိုးအဖွဲ့အကြီးအကဲ စတိုတင်ဘာ့ဂ်ကမူ နေတိုး၏ မူဝါဒများနှင့်အညီ ရုရှားနှင့် စကားပြောစေလိုသည်။ နေတိုး၏မူဝါဒများမှာ စစ်အေးခေတ်အသစ်တဖန် ပေါ်ထွန်းလာခြင်းကို လိုလားမှုမရှိကြောင်း၊ မိမိတို့ အနေဖြင့် ရုရှားကိုအထီးကျန်ဖြစ်အောင် လုပ်ဆောင်လိုခြင်းလည်း မရှိကြောင်း၊ နေတိုးအဖွဲ့နှင့်ရုရှားအကြား ဆက်ဆံရေးကောင်းမွန်ရေးအတွက် လုပ်ဆောင်သွားရန်သာ မိမိတို့လိုလားကြောင်း ၎င်းက ပြောကြားသည်။

## ကာကွယ်ရေး အသုံးစရိတ်မြှင့်

ရုရှားနိုင်ငံအား တန်ပြန်နိုင်ရေးအတွက် နေတိုးထိပ်သီးညီလာခံတွင် အစီအမံသစ်များ ရေးဆွဲဆောင်ရွက်ကြရန် လုပ်ဆောင်ရာတွင် ဥရောပခေါင်းဆောင်များအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်များကို ပိုမိုသုံးစွဲလာရမည်ကား သေချာလှသည်။ သို့ရာတွင် ဥရောပနိုင်ငံအချို့နှင့် ရုရှားနိုင်ငံအကြား စီးပွားရေး အဆက်အဆံပြုမှုများက နိုင်ငံတကာ လုံခြုံရေးဗျူဟာ ခင်းကျင်းမှုအပေါ် အကျိုးသက်ရောက်လာနိုင်သည်ဟု ရှုမြင်ရသည်။ ဂျာမနီသည် ရုရှားစွမ်းအင်အပေါ် မှီခိုအားထားနေရခြင်းနှင့် ပတ်သက်၍ သမ္မတထရန့်က ပြောင်ပြောင်တင်းတင်းပင် ဝေဖန်ခဲ့ပုံကို တွေ့မြင်ခဲ့ရသည်။ သမ္မတထရန့်နှင့် ဥရောပခေါင်းဆောင်များ အမြင်မကြည်လင်ရှိနေသရွေ့ နေတိုးအဖွဲ့ကြီးအား အမေရိကန်က ဆက်လက်ထောက်ခံမှုပေးရေးတွင် အတားအဆီးများ ရှိနေဦးမည်ဟုယူဆရသည်။

အဖွဲ့အစည်းအတွင်း အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် ရည်မှန်းခဲ့သော နေတိုးအဖွဲ့သည် စိန်ခေါ်မှုများ ရှိနေသည့်ကြားမှ ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားကြမည်ဟု မျှော်လင့်မိရင်း “မဟာဗျူဟာ အကျိုးစီးပွား နေတိုးမှပြဝခံစားနိုင်မည်လား” ဟု ကွန့်ပ် ကျူးရင့်မိပါသတည်း။ ။

*Ref:*
*NATO summit 2018: All you need to know ( AL Jazeera ); Trump blasted US allies within minutes of arriving at NATO Summit. (VOX)*

# မြန်မာနိုင်ငံ၏ပထမဆုံးသော ဆစ်ကွန်ရုပ်သံဇာတ်လမ်းတွဲ "စမ်းချောင်းဆစ်ကွန် ဆစ်ကွန်စမ်းချောင်း" အား ဇူလိုင် ၁၈ ရက်တွင် စတင်ပြသသွားမည်

**ရန်ကုန် ဇူလိုင် ၁၄**

မြန်မာနိုင်ငံ၏ ပထမဆုံးသော ဆစ်ကွန်အမျိုးအစား ရုပ်သံဇာတ်လမ်းတွဲဖြစ်သည့် "စမ်းချောင်းဆစ်ကွန် ဆစ်ကွန်စမ်းချောင်း" အမည်ရ ရုပ်သံဇာတ်လမ်းတွဲကို ဇူလိုင် ၁၄ ရက်တွင် စတင်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်တွင် ပြုလုပ်သည့် အဆိုပါ ဇာတ်လမ်းတွဲ မိတ်ဆက်အခမ်းအနားမှ သိရ သည်။



"စမ်းချောင်းဆစ်ကွန် ဆစ်ကွန်စမ်းချောင်း" ရုပ်သံဇာတ်လမ်းတွဲသည် အမျိုးသားစာပေဆုရှင် စာရေးဆရာမကြီး နုနုရည်(အင်းဝ) ဖန်တီးသောဇာတ်လမ်းဖြစ်ပြီး ဇာတ်ညွှန်းကို နေသန်မောင်နှင့် နီလာတင်ဝင်းတို့က ရေးသားထားကာ ဒါရိုက်တာ ရှင်ဒေဝီက ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်သည်။

ဇာတ်လမ်းတစ်ခုသည် ၁၂ နာရီစာကြာမြင့်ရမည်ဟူသော ဇာတ်လမ်းတွဲ၏စံနှုန်းနှင့်အညီ အပိုင်းတစ်ပိုင်းလျှင် မိနစ် ၃၀ ရှိမည့် အပိုင်း ၂၄ ပိုင်းအတွက် တစ်ပိုင်းစီ၏ ရည်ရွယ်ချက်နှင့် အကြောင်းအရာတို့ကို ဖျော်ဖြေရေးနှင့် ပညာပေးရောမွှေကာဖန်တီးထားကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရွှေ့ပြောင်းအခြေချနေထိုင်ကြသော လူမှုရေးစီးကြောင်းနှင့် မြို့ပြလူမှုဒုက္ခများ၊ ခေတ်သစ်လူမှုရေးရှုထောင့် မတူကွဲပြားမှုနှင့် ဒေသအသီးသီးမှ အမြင်၊ အတွေးအခေါ်၊ အယူအဆ မတူညီကြသည့်သူများ၊ အသက်အရွယ်မတူညီသူများ၏ ခေတ်ပေါ်အမြင်သဘောထားတို့ကို စနစ်တကျ ပေါင်းစပ်ထားသည့် ဇာတ်ကောင်စရိုက်များကို အခြေပြုကာ ဇာတ်လမ်းကို ဖန်တီးထားခြင်းဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲကို စီစဉ်သည့် ကမာရွတ်မီဒီယာမှ သိရသည်။

"ရုပ်သံဇာတ်လမ်းတွဲဆိုတာ မိသားစုဝင်တွေစုစည်းပြီး ကြည့်ရှုတဲ့ဝလေ့အားကောင်းတာကြောင့် မိသားစုလိုက် စိတ်လက်ကြည်နူးပျော်ရွှင်စွာ ကြည့်ရှုခံစားနိုင်မယ့် ဇာတ်လမ်းအမျိုးအစားကို စဉ်းစားကြည့်တဲ့အခါ အနောက်နိုင်ငံတွေမှာ ဆယ်စုနှစ်အတန်ကြာ ခေတ်စားခဲ့တဲ့ အခုထိလည်း လက်မလွှတ်နိုင်သေးတဲ့ ဆစ်ကွန်အမျိုးအစားကို ထုတ်လုပ်ဖို့ ကျွန်တော်တို့ပြင်ဆင်ခဲ့ပါတယ်။ ဒီရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့အတွက် ခေတ်ကိုထင်ဟပ်စေမယ့် အကြောင်းအရာ၊ စကားလုံးနဲ့ သရော်မှုဆန်ဆန်၊ ဟာသစွက်ထားတဲ့ ဒီဇာတ်လမ်းကို သေသေချာချာ ပြင်ဆင်ရေးသားပြီး ရိုက်ကူးထုတ်လုပ်ခဲ့တာမို့လို့ အားလုံးအတွက် အကျိုးများမယ်လို့ ယူဆပါတယ်" ဟု ကမာရွတ်မီဒီယာမှ အမှုဆောင်အရာရှိချုပ် ဦးသက်မောင်က ပြောသည်။

စမ်းချောင်းဆစ်ကွန် ဆစ်ကွန်စမ်းချောင်း ရုပ်သံဇာတ်လမ်းတွဲကို ထုတ်လုပ်ပြသနိုင်ရန်အတွက် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစတင်ကာ အကြိုထုတ်လုပ်ရေးကာလ၊ ရိုက်ကူးရေးကာလနှင့် ထုတ်လုပ်ပြသရန်အတွက် ကာလတို့ကို ခြောက်လကျော်ကြာ အချိန်ယူလုပ်ဆောင်ခဲ့ရကြောင်း၊ တစ်ပိုင်းလျှင် မိနစ် ၃၀ ခန့်ကြာမြင့်သော အပိုင်း ၂၄ ပိုင်းကို ဇူလိုင် ၁၈ ရက်မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ည ၉ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)တွင် ပြသသွားမည်ဖြစ်ပြီး ယခုနှစ် ဒီဇင်ဘာလနောက်ဆုံးသီတင်းပတ်အထိ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း၊ အွန်လိုင်းထုတ်လွှင့်မှုအဖြစ် ဇူလိုင် ၂၀ ရက်မှ စတင်ကာ iflix စာမျက်နှာမှလည်း အပတ်စဉ် သောကြာနေ့တိုင်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ရည်ရွယ်မျှော်လင့်တာက Digital Streaming လမ်းကြောင်း အားကောင်းလာတဲ့အပေါ် အရုပ်ကိုဖန်တီးရတဲ့ မီဒီယာတစ်ခုအနေနဲ့ မြန်မာပြည်သူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ပါ၊ သတင်း၊ ပညာပေး၊ ဖျော်ဖြေရေး ကဏ္ဍသုံးခုလုံးကို ဖော်ဆောင်တဲ့အခါမှာ ကျွန်တော်တို့က ပလက်ဖောင်းထက် Content ကို ဦးစားပေးပြီး ခေတ်ကိုမျက်ခြည်မပြတ်ချင်တဲ့ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ ကြိုးစားတာပါ" ဟု ယင်းဇာတ်လမ်းတွဲ၏ ဇာတ်ညွှန်းရေးသူလည်းဖြစ်၊ ထုတ်လုပ်သူလည်းဖြစ်သည့် ဦးနေသန်မောင်က ပြောသည်။

အဆိုပါဇာတ်လမ်းတွဲတွင် ဝါရင့်သရုပ်ဆောင်များဖြစ်သည့် အကယ်ဒမီ မေသဥ္စာဦး၊ အကယ်ဒမီ မျိုးသန္တာထွန်း၊ ဇော်ဝင်းနိုင်၊ သန်းသန်းစိုးတို့ ပါဝင်သလို သရုပ်ဆောင်သစ်များဖြစ်သည့် ညီနိုင်း၊ ဇေယျာထွန်းပိုင်၊ မာန်ဟိန်းခန့်၊ ရွှေဖူးသစ်၊ နန့်အင်ကြင်းမာန်နှင့် ဂျေထွယ်အောင်တို့ ပါဝင်သရုပ်ဆောင်ထားကြပြီး ဇာတ်လမ်းတွဲ ၂၄ ပိုင်းလုံးတွင် အကြောင်းအရာ တစ်မျိုးစီပါဝင်ကာ ကျားကြောက်ခြင်း၊ သက်သတ်လွတ်စားခြင်း၊ စမ်းချောင်းရေကြီးခြင်း၊ အော်ဂဲနစ်အသီးအရွက် အစရှိသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အတွေးအခေါ်အယူအဆ၊ ယဉ်ကျေးမှု စသည့် အကြောင်းအရာများကို လှပစွာထည့်သွင်းပုံဖော်ထားကြောင်း သိရသည်။

**သတင်း-ရာမည**

**ဓာတ်ပုံ-ဟိန်းထက်လင်း(ကြေးမုံ)**

# မင်္ဂလာပွဲကို အကျဉ်းချုံးပြုလုပ်သွားဖို့ စီစဉ်ထားတဲ့ ဂျက်စတင်ဘီဘာ

ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာက ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဟေးလေးဘော်ဝင်နဲ့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေ ထွက်လာခဲ့ပါတယ်။ မကြာမီမှာပင် ဂျက်စတင်ဘီဘာကိုယ်တိုင်က ဒီသတင်းတွေ မှန်ကန်ကြောင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ စေ့စပ်ပြီးဖြစ်တဲ့ ကြယ်ပွင့်စုံတွဲဟာ မင်္ဂလာပွဲကို အကျဉ်းချုံးပြုလုပ်သွားဖို့ရာ စီစဉ်ထားကြောင်း လတ်တလောမှာတော့ ဂျက်စတင်ဘီဘာနဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းက ပေါ်ထွက်လာခဲ့တဲ့ သတင်းတွေအရ သိရပါတယ်။ ဒီအကြောင်းအရာကိုတော့ ကော့စမိုပိုလီတန်ဒေ့ါကွန်းမှာ ရေးသားဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

ဂျက်စတင်ဘီဘာနဲ့ ရင်းနှီးသူ ထုတ်ဖော်ပြောကြားချက်အရ ကြယ်ပွင့်စုံတွဲဟာ မင်္ဂလာပွဲကို မိဘဆွေမျိုးတွေနဲ့သာ အကျဉ်းချုံးကျင်းပသွားလိုတာဖြစ်ကြောင်း သိရပါတယ်။ ဂျက်စတင်ဘီဘာရဲ့ လက်ထပ်ခွင့်တောင်းဆိုမှုကို လက်ခံခဲ့ပြီး စေ့စပ်လက်စွပ်ကိုလည်း ဆင်မြန်းထားပြီးဖြစ်တဲ့ ဟေးလေးဘော်ဝင်နဲ့ ဂျက်စတင်ဘီဘာတို့ဟာ လက်ရှိမှာတော့ သူတို့ရဲ့ မင်္ဂလာပွဲကို သာမန်မင်္ဂလာပွဲတစ်ပွဲကဲ့သို့ ကျင်းပသွားလိုတာပါ။ သူတို့နှစ်ဦးဟာ မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပဖို့ရာ စီစဉ်ထားခြင်းမရှိသလို ကြယ်ပွင့်တွေရဲ့ မင်္ဂလာပွဲလိုမျိုး ခမ်းခမ်းနားနား လုပ်ဆောင်သွားလိုခြင်းလည်း မရှိပါဘူး။ သူတို့နှစ်ဦးဟာ အချစ်ကြောင့် လက်ထပ်ခဲ့ကြတာဖြစ်ပြီး အပေါ်ယံဆန်တဲ့ မင်္ဂလာပွဲမျိုးကို မလိုလားဘူးလို့လည်း သိရပါတယ်။



ဂျက်စတင်ဘီဘာဟာ ဟေးလေးဘော်ဝင်ရဲ့ မိသားစုဆီကိုလည်း သွားရောက်နှုတ်ဆက်ခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ သူ့အတွက် အပျော်ဆုံးသော အချိန်တွေလည်း ဖြစ်တယ်လို့ ခံစားနေရကြောင်း ရင်းနှီးသူတစ်ဦးရဲ့ ပြောကြားချက်တွေအရ သိရပါတယ်။ ဂျက်စတင်ဘီဘာက သူနဲ့ ဟေးလေးဘော်ဝင်တို့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ရာမှာတော့ ဟေးလေးဘော်ဝင်ဟာ သူ့ဘဝရဲ့ အချစ်ဖြစ်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာဟာ နာမည်ကျော်မော်ဒယ်လ်တစ်ဦးဖြစ်သူ ဟေးလေးဘော်ဝင်နဲ့ တစ်ကျော့ပြန်လက်တွဲခဲ့ပြီးနောက် တစ်လခန့်အကြာမှာပင် စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာပါတယ်။ ဟေးလေးဘော်ဝင်အနေနဲ့ ကြီးမားတဲ့ စိန်လက်စွပ်ကို ဝတ်ထားတာတွေ့ရတာကနေ အစပြုလို့ သူတို့နှစ်ဦး စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေ ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။ ဟေးလေးဘော်ဝင်ဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကမ်းခြေမှာရှိတဲ့ ဘားတစ်ခုကို ဂျက်စတင်ဘီဘာနဲ့အတူ လာရောက်ခဲ့ရာမှာတော့ စိန်လက်စွပ်ကို ဝတ်ဆင်လာခဲ့ပါတယ်။



ပြီးခဲ့တဲ့ သီတင်းပတ်အကုန် မှာတော့ ဂျက်စတင်ဘီဘာက ဟေးဘေးဘော်ဝင်ကို ဘဟားမားက စားသောက်ဆိုင်တစ်ဆိုင်မှာ ညစာအတူစားနေစဉ် လက်ထပ်ခွင့်တောင်းလိုက်တာဖြစ်တယ်လို့ တီအမ်ဇက်ဒေ့ါကွန်းက ဦးစွာဖော်ပြခဲ့ပါတယ်။

ဒီသတင်းနဲ့ ပတ်သက်ပြီး သူတို့ရဲ့အသိုင်းအဝိုင်းနဲ့ ဆွေမျိုးတွေကတော့ မှတ်ချက်ပြုဖော်ပြတာတွေ ရှိနေပါတယ်။ ဂျက်စတင်ဘီဘာရဲ့ဖခင် ဂျရေမီဘီဘာကသားဖြစ်သူရဲ့ ဓာတ်ပုံတစ်ပုံနဲ့အတူ နောက်ထပ် အခန်းသစ်အတွက် စိတ်လှုပ်ရှားနေမိကြောင်း ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။ ဂျက်စတင်ဘီဘာရဲ့ မိခင်ကလည်း ချစ်တယ်လို့ အဓိပ္ပာယ်ရတဲ့ စာသားတွေကို ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဟေးလေးဘော်ဝင်ရဲ့ ဖခင်ဖြစ်သူ မင်းသားစတက်ဖန်ဘော်ဝင်ကလည်း သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ဂျက်စတင်ဘီဘာနဲ့ ဟေးလေး ဘော်ဝင်တို့ရဲ့ ဘဝအတွက် ဆုမွန်ကောင်းတွေ တောင်းဆိုကြောင်း ရေးသား ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒ့ါအပြင် ဂျက်စတင်ဘီဘာဟာ ဟေးလေးဘော်ဝင်ကို လက်ထပ်ခွင့်မတောင်းမီ သူ့ရဲ့ဖခင်ဖြစ်သူနဲ့ သွားရောက်တွေ့ဆုံကာ ခွင့်ပြုချက်တောင်းခံခဲ့ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့မှာတော့ ကြယ်ပွင့်စုံတွဲဟာ ဆင်တူစိန်နာရီကို ဝတ်ဆင်ရိုက်ကူးထားတဲ့ဓာတ်ပုံကို ဟေးလေးဘော်ဝင်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒီဓာတ်ပုံကိုပဲ ဂျက်စတင်ဘီဘာကလည်း သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ အဲဒီနေ့မှာပဲ တိုက်ခန်းကနေ အထုပ်အပိုးတွေနဲ့ ထွက်လာတဲ့ ဟေးလေးဘော်ဝင်ကို ဂျက်စတင်ဘီဘာက ကူညီခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီအချိန်မှာလည်း သူတို့နှစ်ဦးဟာ ဆင်တူစိန်နာရီကို ဝတ်ဆင်ထားတာ တွေ့ရပါတယ်။ အဲဒီနေ့ မတိုင်မီမှာတော့ ဂျက်စတင်ဘီဘာဟာ လမ်းဘေးအုတ်ခုံပေါ်ထိုင်ကာ ဖုန်းပြောခဲ့ပါတယ်။ ဒီလိုခံစားချက်တွေ ပေါက်ကွဲကာ ဖုန်းပြောခဲ့ပြီး နောက်နေ့မှာတော့ ချစ်သူကို တိုက်ခန်းကနေ အထုပ်အပိုးတွေနဲ့ ခေါ်ယူခဲ့တာလည်း ဖြစ်ပါတယ်။

ဂျက်စတင်ဘီဘာက ဟေးလေးဘော်ဝင်အတွက် စေ့စပ်လက်စွပ်ပေးခဲ့ရာမှာတော့ အဲဒီလက်စွပ်မှာပါတဲ့ စိန်ရဲ့ တန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီစိန်ကို ရွေးချယ်ဝယ်ယူဖြစ်ခဲ့တာနဲ့ပတ်သက်ပြီး ဂျက်စတင်ဘီဘာက စိန်အတွင်း ဟေးလေးဘော်ဝင်ရဲ့မျက်နှာကို မြင်လိုက်ရတာကြောင့် ရွေးချယ်လိုက်တာဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကနေဒါလူမျိုး ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့ ၂၁ နှစ်အရွယ် မော်ဒယ်လ်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဟေးလေးဘော်ဝင်တို့ဟာ ဆယ်ကျော်သက်အရွယ်မှာပင် စတင်တွေ့ဆုံခင်မင်ခဲ့သူတွေပါ။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ချစ်သူတွေဖြစ်ခဲ့ကြပြီး ၂၀၁၆ ခုနှစ်မှာတော့ လမ်းခွဲခဲ့ပါတယ်။ အဲဒီနောက် ယခုနှစ် ဇွန်လအတွင်း ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲခဲ့ကြပါတယ်။ နယူးယော့ခ်နဲ့ မိုင်ယာမီမှာ အလည်အပတ်ခရီးတွေ အတူထွက်ခဲ့ကြပြီး ချစ်သူသက်တမ်းတစ်လခန့်မှာ စေ့စပ်လိုက်ကြပါတယ်။ စေ့စပ်ခြင်းအထိမ်းအမှတ်အဖြစ် အပျော်စီးသင်္ဘောနဲ့ နှစ်ဦးသား အပန်းဖြေခရီးလည်း ထွက်ခဲ့ကြပြီး လတ်တလောမှာတော့ နှစ်ဦးသား မင်္ဂလာပွဲကျင်းပသွားတော့မှာဖြစ်ကြောင်း သတင်းတွေ ထွက်လာခဲ့ပါတယ်။ မင်္ဂလာပွဲကျင်းပမယ့်ရက်နဲ့ နေရာနဲ့ပတ်သက်ပြီးတော့ သတင်းတွေ ထွက်လာခဲ့ခြင်းမရှိသေးသလို ကာယကံရှင်တွေကလည်း မင်္ဂလာသတင်းနဲ့ ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခြင်းမရှိသေးပါဘူး။

**အေးပြည့် - ရေးသားသည်**

# ထိုင်းလူငယ်ဘောလုံးအသင်းဝင်များ ကျန်းမာရေးအခြေအနေတိုးတက် လာမည့်တစ်ပတ် နေအိမ်ပြန်ကြမည်

**မယ်ဆိုင် ဇူလိုင် ၁၄**

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ ပုံဖာရပ်ကွက် ဒွိုင်းနန်းနွန်းတောင်ခြေရှိ ထမ့်လုံခွန်နမ့်လိုဏ်ဂူအတွင်း၌ ပိတ်မိခဲ့ကြသော လူငယ်ဘောလုံးအသင်းဝင်များနှင့် နည်းပြတို့မှာ ချင်းရိုင်ပြည်သူ့ဆေးရုံကြီးရှိ အထူးကြပ်မတ်ဆောင် သီးသန့်အခန်းများ၌ ဆေးကုမှု ခံယူလျက်ရှိရာ ယခုအခါ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်နေပြီဖြစ်သောကြောင့် လာမည့်တစ်ပတ်တာကာလအတွင်း နေအိမ်ပြန်ရဖွယ်ရှိကြောင်း ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောကြားလိုက်ကြောင်း ယနေ့ထိုင်းနိုင်ငံမှ သတင်းများအရ သိရသည်။

လက်ရှိအနေအထားအရ လူငယ်ဘောလုံးအသင်းဝင်များအားလုံး ပုံမှန်အတိုင်းစားသောက်နိုင်ကြပြီဖြစ်ပြီး လူငယ်များနှင့် ၎င်းတို့၏မိသားစုဝင်များအား ပိုးသတ်ဝတ်စုံများဖြင့် နှစ်မီတာအကွာမှ တွေ့ဆုံခွင့်ပေးထားပြီဖြစ်ကြောင်း သိရသည်။ ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ပြုလုပ်ပေးလျက်ရှိပြီး ၎င်းတို့အား နေအိမ်သို့ ပြန်လွှတ်ပြီးနောက် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့်စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပကတိကျန်းမာလာသည်အထိ ကုသမှုများကို ရက်ပေါင်း ၃၀ ကြာ ဆက်လက်ကြည့်ရှုစောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံရှိ Thai PBS News မှလည်း ဖော်ပြခဲ့သည်။




ယနေ့နံနက်ပိုင်းမှစတင်၍ လိုဏ်ဂူအနီးတစ်ဝိုက် သန့်ရှင်းရေးပြုလုပ်ရန် စာရင်းပေးသွင်းထားကြသည့် ထောင်ချီရှိသော လုပ်အားပေးပရဟိတအဖွဲ့များမှာ လိုဏ်ဂူအနီးတစ်ဝိုက်သန့်ရှင်းရေး ဆောင်ရွက်နေကြပြီဖြစ်ကြောင်းနှင့် ထမ့်လုံခွန်နမ့်လိုဏ်ဂူအား ကမ္ဘာလှည့်ခရီးသွားများ ဆွဲဆောင်ရာနေရာတစ်ခုအနေဖြင့် သတ်မှတ်ပြီး ခြောက်လကြာ ပြုပြင်မွမ်းမံသွားမည်ဖြစ်ကြောင်း ကယ်ဆယ်ရေးကို ကြီးကြပ်ခဲ့သည့် ချင်းရိုင်ခရိုင်အုပ်ချုပ်ရေးမှူး နလုန်းဆတ်အိုစထာနကွန်း၏ ပြောကြားထားချက်အရ သိရသည်။

**ပွင့်သစ္စာ**

## အသက်၉၀နှင့်အထက် အဘိုးအဘွားများအား ထောက်ပံ့ငွေပေးအပ်

မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အသက် ၉၀ နှင့်အထက် အဘိုးအဘွားများအား အိမ်တိုင်ရာရောက် ငွေများ ထောက်ပံ့လှူဒါန်းခြင်းကို ဇူလိုင် ၁၃ ရက်က ပြုလုပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစစ်နိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှအောင်ညွှန့်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၂ ရက်က မင်းပြားမြို့ပေါ်ရှိ ဈေးဟောင်းပိုင်း၊ အလယ်ပိုင်း၊ ပြည်တော်သာ၊ ပြည်တော်လှ၊ မင်းဘာကြီးရပ်ကွက်ရှိ အသက် ၉၀ နှင့်အထက် အဘိုး ငါးဦး၊ အဘွား ၁၉ ဦး ပေါင်း ၂၄ ဦးတို့ကို တစ်ဦးလျှင် တစ်လငွေကျပ်တစ်သောင်းနှုန်းစီဖြင့် သုံးလစာ ငွေကျပ်သုံးသောင်းအား အိမ်တိုင်ရာရောက် ထောက်ပံ့လှူဒါန်းပေးအပ်ကြကြောင်း သိရသည်။

## ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေရှင်းလင်း

**မင်္ဂလာဒုံ ဇူလိုင် ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်တွင် ၂၀၁၈ ခုနှစ် ပြည်ထောင် စု၏ အခွန်အကောက်ဥပဒေရှင်းလင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်လင်းကျော်က ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မင်္ဂလာဒုံမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးကျော်ထင်က အခွန်ဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းပြောကြားခဲ့သည်။ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ် အမှတ်(၂) မှ ဒေါ်သန္တာမိုး၊ မင်္ဂလာဒုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဒေဝ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများတက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြကြောင်း သိရသည်။

**ဆောင်းဦး(ပြန်/ဆက်)**

## သားသမီးရတနာလိုချင်ပြီး မရနိုင်ဖြစ်နေကြသည့် အိမ်ထောင်သည်များ မကွေးတိုင်းဒေသကြီး ဆေးရုံကြီး၌စစ်ဆေးမှုခံယူနိုင်

**မကွေး ဇူလိုင် ၁၄**

သားသမီးရတနာလိုချင်ပြီး မရနိုင်ဖြစ်နေကြသည့် အိမ်ထောင်သည်များအနေဖြင့် မိမိတို့တွင် မည်သည့်လိုအပ်ချက်များရှိနေပြီး မည်သို့ကုသမှုခံယူရန်လိုအပ်နေကြောင်းကို သိရှိနိုင်ရန်အတွက် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး၌ စနစ်တကျ စမ်းသပ်စစ်ဆေးမှုများခံယူနိုင်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

မကွေးဆေးတက္ကသိုလ် ပါမောက္ခ၊ ဌာနမှူး ဒေါက်တာခင်မေသင်းက "သားသမီးလိုချင်တဲ့စုံတွဲတွေအတွက် စစ်ဆေးတဲ့ဆေးခန်းလေးကို ဖွင့်ပေးထားပါတယ်။ ကလေးရအောင် ၁၀၀ ရာခိုင်နှုန်း လုပ်ပေးနိုင်တဲ့စင်တာကြီးတော့ မဟုတ်ပါဘူး။ အခြေခံကျတဲ့ စမ်းသပ်စစ်ဆေးမှုတွေလုပ်ပေးမယ်။ ဓာတ်ခွဲခန်းမှာ အမျိုးသားတွေရဲ့ သုက်ပိုးစစ်ဆေးတာ၊ အမျိုးသမီးတွေကို မေးစရာရှိတဲ့ရာဇဝင်လေးတွေ မေးပြီး ရေအိတ်တွေ၊ အလုံးတွေရှိသလား၊ အာထရာဆောင်းတွေနဲ့စမ်းသပ်ပေးမယ်။ တစ်ခုခုတွေ့ခဲ့တယ်ဆိုလို့ရှိရင် တိုင်းဆေးရုံမှာရော၊ သင်ကြားရေးဆေးရုံမှာပါ မှန်ပြောင်းနဲ့ လိုအပ်သလိုခွဲစိတ်ကုသပေးဖို့ အဆင့်လေးတွေကို ရည်ရွယ်ထားပါတယ်" ဟု ပြောသည်။

မကွေးဆေးရုံကြီး၌ ဆေးစစ်ခံရန်လာရောက်သူတစ်ဦးက "အိမ်ထောင်ကျတာ ငါးနှစ်ရှိပြီ။ နတ်တွေ၊ ဗေဒင်တွေမေးတာလည်း စုံနေပြီ။ သူများတွေများ မလိုချင်လို့ တားကိုထားရတယ်။ ကံကိုချည်းပုံချနေလို့ မဖြစ်တော့ဘူးဆိုပြီး ဆေးစစ်ခံဖို့လာတာပါ။ ကိုယ့်မျိုးဆက်လေးတော့ ရှိချင်သေးတာပေါ့" ဟု သူ့ခံစားချက်ကို ပြောပြသည်။

လတ်တလောတွင် ဆေးခန်းအနေအထားအရ ဌာနပေါင်းစုံအသုံးပြု OPD ဖြစ်နေသည့်အတွက် တစ်ရက်တွင် ဗုဒ္ဓဟူးနေ့ နေ့လယ် ၂ နာရီတိုင်း စစ်ဆေးပေးနေကြောင်း၊ နောက်ပိုင်းလူနာများလာပါက တစ်ပတ်တွင်နှစ်ရက်ဖွင့်ပေးသွားမည်ဖြစ်ကာ ကုန်ကျစရိတ်အများစုကို ဆေးရုံမှတာဝန်ခံပြီး လိုအပ်သည့်ဆေးဝါးအနည်းငယ်မျှသာ ဝယ်ယူရမည်ဖြစ်ကြောင်း သိရသည်။

**ဧယျတု(မကွေး)**

## ပရဆေးပင်မျိုးစုံ ၁၃၀ ကျော် စိုက်ပျိုးထားသည့် ပရဆေးဥယျာဉ်ဖွင့်

**မိတ္ထီလာ ဇူလိုင် ၁၄**

မိတ္ထီလာတက္ကသိုလ်တွင် တက္ကသိုလ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကော်မတီမှ တည်ထောင်သည့် ပရဆေးပင်မျိုးစုံ ၁၃၀ ကျော် စိုက်ပျိုးထားသည့် ပရဆေးဥယျာဉ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက်နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ပရဆေးဥယျာဉ်ဆိုင်းဘုတ်အား တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာကေသီသင်၊ တက္ကသိုလ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန္တာ၊ ပါမောက္ခ(ဌာနမှူး)၊ ရုက္ခဗေဒဌာနတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဒေါက်တာသန္တာ ပါမောက္ခ(ဌာနမှူး) ရုက္ခဗေဒဌာနက တက္ကသိုလ်တွင် ပရဆေးဥယျာဉ်တည်ထောင်ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ ပရဆေးဥယျာဉ်ဖြစ်မြောက်ရေးအတွက်ပါဝင် ကူညီဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်က ပေးအပ်ချီးမြှင့်သည်။

ယင်းအခမ်းအနားသို့ ခရိုင်ပညာရေးမှူး ဒေါက်တာကျော်လွင်၊ တက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဒုတိယပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဆရာ၊ ဆရာမများ၊ ရုက္ခဗေဒဘာသာရပ်မှ ကျောင်းသူ၊ ကျောင်းသားများနှင့် သစ်ပင်ချစ်မြတ်နိုးသည့် ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ကြသည်။

အဆိုပါပရဆေးဥယျာဉ်တွင် ဗောက်ခွေး၊ ကရဝေး၊ ဧကရာဇ်၊ ဂုံဂမံ၊ စိန်တံချူ၊ ဇော်ဂျီတောင်ဝှေး၊ သိကြားမကိုင်မှိ၊ ရှဥ့်မတက်၊ သဘော်မည်ိုး၊ မုရာကြီး၊ ပိစပ်၊ ကျောက်ကပ်ကွဲ၊ ကိုယ်ရံကြီး၊ ဆူးကောက်နက်၊ သက်ရင်းကြီး၊ ကျွဲကျောင်းမှင်ဆေး၊ ဆေးမခန်း၊ လောက်သေ၊ ကြောင်ရိုသေ၊ ဇီယာ၊ တပင်တိုင်မြနန်း၊ သံမနိုင်ကျောက်မနိုင်၊ ဇမ္ဗူပနီ စသည့်ပရဆေးပင်မျိုး ၁၃၀ ကျော်ကို ပြုစုပျိုးထောင် စိုက်ပျိုးထားကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ကျောင်းသား ကျောင်းသူများအန္တရာယ်ကင်းရေး ဆိုင်ကယ်စီးဦးထုပ်များပေးအပ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ အသက်အန္တရာယ်လုံခြုံစိတ်ချနိုင်ရေးအတွက် ရည်ရွယ်၍ အမှတ်(၃) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲနှင့် Rainbow Bridge Co,Ltd တို့ပူးပေါင်း၍ ENOSE မှ လှူဒါန်းသော ဆိုင်ကယ်စီးဦးထုပ်များပေးအပ်ခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောခြင်းအခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက အဖွင့်အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံ Nippon Oil&Energy Asia ကုမ္ပဏီမှ ဒေသဆိုင်ရာတာဝန်ခံ မစ္စတာယိုရှီကိကီအူချီက ကျောင်းသား၊ ကျောင်းသူများ အသက်အန္တရာယ်လုံခြုံစိတ်ချစေရေး မော်တော်ဆိုင်ကယ်စီးဦးထုပ်များ လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ချောစုလွင်ထံပေးအပ်ရာ လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ အမှတ် (၉၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးရဲလွင်က အသိပညာပေးဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များဝေငှသည်။

အခမ်းအနားသို့ အမှတ်(၃)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးကံသိန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးများ၊ ချမ်းအေးသာစံမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့မနယ်မြေရဲစခန်းမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ENOSE မှ မန္တလေးခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင်လည်း ဆိုင်ကယ်စီးဦးထုပ်များ၊လမ်းတားဆိုင်းဘုတ်များအား လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



တိုတိုထွာထွာဖတ်စရာ

## သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဆွေးနွေး

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဝါဆိုရပ်ကွက်ဓမ္မာရုံ၌ ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်အောင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းထွန်းနိုင်တို့က သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြပြီး ဝါဆိုရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးနှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်နေပြည်သူ ၈၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုရဲ**

## အာဇာနည်နေ့ အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်

**ညောင်တုန်း**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Woman Club တို့ပူးပေါင်းကျင်းပသည့် အာဇာနည်နေ့အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက ညောင်တုန်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှိုင်က အာဇာနည်ခေါင်းဆောင်ကြီးများ၏အကြောင်းကို ဟောပြောပြီး ကဗျာရွတ်ဆိုပြိုင်ပွဲသို့ လူမှုဝန်ထမ်းကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ပေးခဲ့ကြသည်။ **ဝဠာနိုင်(ညောင်တုန်း)**

## မှူခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးဟောပြော

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် (၄)ရပ်ကွက်လှည်းတန်းလမ်းရှိ အ. ထ. က(၂) ကျောင်းရှေ့၌ ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှူခင်းပညာပေးယာဉ်ဖြင့် လမ်းမတော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ညွန့်လွင်ဦးနှင့်အဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့(၄၉)မှ ဒုရဲမှူးမင်းသူနှင့်အဖွဲ့၊ မူးယစ်တပ်ဖွဲ့စု(၆)မှ တပ်ကြပ်ကြီး ဇော်မင်းလွင်နှင့်အဖွဲ့တို့မှ မြို့နယ်ပညာရေးမှူး ဒေါ်သီဂီဦးဆောင်သော အ. ထ. က(၂)မှ ဆရာ၊ ဆရာမ ၁၀ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၆၂၃ ဦးနှင့် အ. လ. က(၂)မှ ဆရာ၊ ဆရာမ ရှစ်ဦး၊ ကျောင်းသား၊ ကျောင်းသူ ၂၁၇ ဦးတို့အား မူးယစ်ဆေးဝါး၏ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းသိကောင်းစရာများနှင့် မှုခင်းမဖြစ်ပွားရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **နီးတူး(ကျောက်တန်း)**

# ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ကျောက်စိမ်းပန်းပုပညာရှင်များဆွေးနွေး

**မန္တလေး ဇူလိုင် ၁၄**
ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ကျောက်စိမ်းပန်းပုပညာရှင်များ လက်တွေ့ကြုံတွေ့နေရသော လုပ်ငန်းအခက်အခဲများအား ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှတစ်ဆင့် နိုင်ငံတော်သို့ တင်ပြနိုင်ရေး အကြံပြုသုံးသပ်ဆွေးနွေးပွဲကို ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ Relax Business Group Co.,Ltd. အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ (၂) ဦးလှစိုးဦးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ကျောက်စိမ်းပန်းပုပညာရှင်များ၊ ကျောက်သွေး၊ ကျောက်ဖြတ်လုပ်ငန်းရှင်များက ပြည်တွင်း၊ ပြည်ပ ကျောက်မျက်ရတနာ(အချော၊ အရိုင်း) ဈေးကွက်တည်ဆောက်ရေး၊ နည်းပညာအဆင့်မြှင့်တင်ရေး၊ အချောထည်လက်ဝတ်ရတနာလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး၊ ကျောက်မျက်ရတနာဥပဒေနှင့် အခွန်အကောက်ကိစ္စရပ်များအား တင်ပြဆွေးနွေးကြသည်။ ဆက်လက်၍ Mandalay Yatanar Mall ကျောက်မျက်ရတနာဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ Mall အတွင်း ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ကြုံတွေ့ရသည့်အခက်အခဲများ၊ ဈေးကွက်ဖွံ့ဖြိုးရေးအကောင်အထည်ဖော်ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များ၊ နိုင်ငံတကာအဆင့်မီ ကျောက်မျက်ခတ်ခွဲခန်းထားရှိရေး၊ ပြည်ပဝယ်လက်များအား အာမခံလက်မှတ်ထုတ်ပေးရေး၊ အကောက်ခွန်ရှင်းလင်းရေး၊ အခွန်ဆောင်ပြီး လေဆိပ်တို့မှ လွယ်ကူစွာသယ်ယူနိုင်ရေးတို့အား အကြံပြုဆွေးနွေးသည်။ ထို့နောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ (၃) ဒေါက်တာအောင်ကျော်ဝင်းက ဆွေးနွေးချက်များအပေါ် ဖြည့်စွက်သုံးသပ်ပြီး ဒုတိယဥက္ကဋ္ဌ (၂) ဦးလှစိုးဦးက ပြန်လည်ဖြေကြားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# စည်းကမ်းပျက်ရေယာဉ်များကို အရေးယူမှုများ လုပ်ဆောင်လျက်ရှိ

**မုံရွာ ဇူလိုင် ၁၄**
ချင်းတွင်းမြစ်ကြောင်းအတွင်း သွားလာလျက်ရှိသော ရေယာဉ်များ မတော်တဆမှုများမဖြစ်စေရေးအတွက် စစ်ဆေးကြပ်မတ်မှုများ ပြုလုပ်သကဲ့သို့ စည်းကမ်းပျက်ရေယာဉ်များကိုလည်း အရေးယူမှုများ ပြုလုပ်လျက်ရှိကြောင်း တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"လူစီးအမြန်ရေယာဉ်တွေကတော့ နေ့စဉ်စစ်ဆေးနေတယ်၊ လမ်းကြောင်းတစ်လျှောက်က မြို့နယ်တွေမှာလည်း စစ်ဆေးကြပ်မတ်မှုကြောင့် မတော်တဆမှုတွေ အဖြစ်နည်းသွားတယ်၊ ကုန်တင်ရေယာဉ်တွေမှာလည်း အခုနောက်ပိုင်းမှာ ကြပ်မတ်စစ်ဆေးမှုတွေ လုပ်ဆောင်ပေးတဲ့အတွက် တစ်နှစ်ထက်တစ်နှစ် မတော်တဆဖြစ်ပွားမှုနှုန်းတွေလည်း ကျဆင်းလာတယ်၊ ရေယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်လည်း လက်ကမ်းစာစောင် ဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောပွဲတွေ လုပ်ဆောင်ပေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းတို့ကို လုပ်ဆောင်ပေးပါတယ်၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ ကြပ်မတ်မှုနဲ့ ရေယာဉ်ပိုင်ရှင်တွေရဲ့ပူးပေါင်းပါဝင်ပြီး စည်းကမ်းလိုက်နာမှုတွေကြောင့် လျော့ကျလာတာပါ" ဟု တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သန်းက ပြောသည်။

ရေယာဉ်မတော်တဆဖြစ်ပွားမှု အခြေအနေနှင့်ပတ်သက်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ ဟုမ္မလင်းမြို့နယ်တွင် မြင်းကောင်ရေ ၂၀ အောက် လူစီးရေယာဉ်တစ်စီး နစ်မြုပ်မှုတစ်ကြိမ်သာဖြစ်ပွားခဲ့ကြောင်းနှင့် ၎င်းနှင့်ကာလတူ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ ကုန်တင်ရေယာဉ်အချင်းချင်း တိုက်မှုဖြစ်ပွားခြင်း နှစ်ကြိမ်၊ ကုန်တင်ရေယာဉ်နှင့်လူစီးရေယာဉ်တိုက်မှုတစ်ကြိမ်၊ ရေယာဉ်မီးလောင်မှုနှစ်ကြိမ်နှင့် ကုန်တင်ရေယာဉ်နစ်မြုပ်မှုတစ်ကြိမ် စုစုပေါင်းခြောက်ကြိမ်ဖြစ်ပွားခဲ့ကြောင်း တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ဧရာဝတီတံတား(မကွေး) သံပေါင်တိုင်တစ်ခုလှုပ်ရှား၊ ဖြတ်သန်းသွားလာရေးအတွက် စိုးရိမ်ဖွယ်မရှိ



**မကွေး ဇူလိုင် ၁၄**
ဧရာဝတီမြစ် အရှေ့ခြမ်းနှင့် အနောက်ခြမ်းဒေသများကို ဆက်သွယ်ပေးထားသော ဧရာဝတီတံတား(မကွေး)၏ တံတားတိုင် P-4 နှင့် P-5 အကြား ရေစွန်းဘက်အခြမ်း သံပေါင်တိုင်လှုပ်ခတ်နေသည့် ဗီဒီယိုဖိုင် လူမှုကွန်ရက်၌ပျံ့နှံ့နေမှုအပေါ် တံတားဦးစီးဌာန အင်ဂျင်နီယာချုပ်နှင့် တံတားအထူးအဖွဲ့များက ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် စစ်ဆေးခဲ့ပြီး ဖြတ်သန်းသွားလာနေမှုများအတွက် စိုးရိမ်စရာမရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

"ကျွန်တော်တို့ရောက်တဲ့အချိန်မှာတော့ လှုပ်တာမတွေ့ရဘူး၊ ဒါကိုစောင့်ကြည့်နေပါတယ်၊ ရုံးချုပ်က တိုင်းတာရေးအဖွဲ့တွေလာနေပြီ၊ ဒီနေ့စစ်ဆေးမယ်၊ ပုံမှန်အတိုင်းကားအသွားအလာအရ တံတားလှုပ်တာတော့ရှိတယ်၊ ခုဟာက ဘာတီကယ်တစ်တိုင်တည်း ခါနေတာကို လူမှုကွန်ရက်မှာတင်ထားတာတွေ့တဲ့အတွက် အဲဒါကိုစောင့်ကြည့်နေပါတယ်၊ စစ်ဆေးရေးအဖွဲ့တွေနဲ့ တံတားတိုင်တွေရဲ့ Level တွေဖတ်ကြည့်မယ်၊ သံပေါင်တွေရဲ့ Stress တွေကိုတိုင်းမယ်၊ လောလောဆယ် မျက်မြင်တွေ့ရတဲ့ ဘုတ်နပ်တွေ၊ တံတားပတ်ဝန်းကျင်က အခြေအနေတွေကို စစ်နေပါတယ်၊ ဖြတ်သန်းသွားလာရေးအတွက် စိုးရိမ်စရာတော့ မရှိသေးပါဘူး" ဟု တံတားဦးစီးဌာန အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးမောင်မောင်ညွန့်က ပြောသည်။

ဧရာဝတီတံတား(မကွေး)အား ဆာဗေးလုပ်ဆောင်သွားရန်ရှိပြီး အရည်အသွေးစစ်ဆေးသည့် QC အဖွဲ့များနှင့် စစ်ဆေးလိုက်ပါက မည်သည့်အတွက်ကြောင့် ဖြစ်ရသည်ဆိုသည့်အဖြေပေါ်လာမည်ဖြစ်ပြီး ဖြစ်ပျက်ခဲ့သည့်အခြေအနေများအား တံတားဦးစီးဌာန MOC ဝက်ဘ်ဆိုက်မှ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း အင်ဂျင်နီယာချုပ်ထံမှ သိရသည်။

"ညနေပိုင်းဆိုရင် တံတားပေါ်မှာ လမ်းလျှောက်နေကျပါ၊ တိုင်လှုပ်တာတွေ့တာ တစ်ပတ်လောက်ရှိပါပြီ၊ တစ်ခါတလေ အသွား တစ်ခါတလေ အပြန်မှာ လှုပ်နေတာတွေ့တယ်၊ ပြီးခဲ့တဲ့သုံးရက်လောက်က တိုင်က လှုပ်နေတာ ဘာမှန်းမသိဘူးဆိုပြီး တံတားရဲ့သွားခေါ်ပြီးပြခဲ့ပါတယ်၊ အမြဲတမ်းကြီးလှုပ်နေတာမျိုးတော့မဟုတ်ဘူး၊ ငြိမ်သွားလိုက် ပြန်လှုပ်လိုက်နဲ့၊ ဗီဒီယိုရိုက်ဖြစ်တဲ့နေ့ကတော့ တော်တော်လေးကိုလှုပ်လို့ ရိုက်ထားမိတာပါ၊ အသွားအလာရှင်းနေတုန်းမှာကို လှုပ်တာပါ၊ ဘေးတိုင်တွေလည်း မလှုပ်ဘူး၊ ဒီတစ်တိုင်တည်း လှုပ်နေတာပါ၊ ပြင်စရာရှိရင်လည်း စောစောပြင်ပြီး အချိန်ကုန်ငွေကုန်သက်သာမယ်၊ ရှောင်ရမယ်ဆိုရင်လည်း ရှောင်လို့ရအောင် ဗီဒီယိုဖိုင် တင်လိုက်တာပါ" ဟု လူမှုကွန်ရက်တွင် ဗီဒီယိုဖိုင်ဖြင့် တင်ပြအသိပေးခဲ့သူ မကွေးမြို့ ပွဲကြိုရပ်ကွက်နေကိုမိုးက ရှင်းပြသည်။

ဧရာဝတီတံတား (မကွေး)မှာ ပင်မတံတား ၆၉၆၉ ပေ၊ ချဉ်းကပ်တံတား ပေ ၂၀၂၀ စုစုပေါင်းတံတားအရှည် ၈၉၈၉ ပေအရှည်ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် ခြောက်ပေစီ၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေ အကျယ်ပေ ၃၆၀၊ အမြင့် ၅၇ ပေ ရှိကြောင်း၊ တံတားအပေါ်ထည်၌ သံမဏိသံပေါင်၊ ကြိုတင်အားဖြည့် ကွန်ကရစ်၊ သံကူကွန်ကရစ်၊ အောက်ထည်၌ သံကူကွန်ကရစ်တိုင်၊ ပင်မတံတားအုတ်မြစ်မှာ ၁ ဒသမ ၈ မီတာအချင်းရှိ သံကူကွန်ကရစ်လွန်တူးပိုင်၊ ချဉ်းကပ်တံတားအုတ်မြစ်မှာ ၁ ဒသမ ၅ မီတာ၊ ၁ ဒသမ ၆၇ မီတာ အချင်းရှိ သံကူကွန်ကရစ်လွန်တူးပိုင်တို့ဖြင့် တည်ဆောက်ဖွဲ့စည်းထားကြောင်း၊ ယာဉ်တစ်စီးချင်း တန် ၆၀ အလေးချိန်ဖြင့် ဖြတ်သန်းခွင့်ပြုထားပြီး ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် တည်ဆောက်ပြီးစီးကာ နိုဝင်ဘာ ၂၄ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဧယျာတု(မကွေး)**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၁၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်အောင်ဝင်းဦး တက်ရောက်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းသားသမီးများမှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ၄၀၁၄ ဦးအနက် အောင်မြင်သူ ၁၄၉၀ ဖြစ်၍ ၃၇ ဒသမ ၁၂ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း၊ ဂုဏ်ထူးရရှိမှုအနေဖြင့် ခြောက်ဘာသာ ကိုးဦး၊ ငါးဘာသာ ၂၅ ဦး၊ လေးဘာသာ ၃၇ ဦး၊ သုံးဘာသာ ၆၃ ဦး၊ နှစ်ဘာသာ ၁၀၀၊ တစ်ဘာသာ ၂၅၇ ဦး စုစုပေါင်း ၄၉၁ ဦးရရှိခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က ဂုဏ်ထူးဖြင့် အောင်မြင်သူကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသူနှစ်ဦးတို့အား ဂုဏ်ပြုဆုများနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။




**သတင်းစဉ်**

# ခေါ်နူးစုမ် (နတ်မတောင်)တွင် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စွာ ထိန်းသိမ်းနိုင်ရန် သင်တန်းပေး

**ခေါ်နူးစုမ် ဇူလိုင် ၁၄**

ခေါ်နူးစုမ် (နတ်မတောင်) အမျိုးသားဥယျာဉ်အတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများအား ရေရှည်တည်တံ့စွာ ထိန်းသိမ်းကာကွယ်နိုင်စေရန်အတွက် ဝန်ထမ်းနှင့် ဒေသခံပြည်သူ ၅၀ အား သင်တန်းပေးလျက်ရှိသည်။

ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးသိန်းလွင်က ကန်ပက်လက်မြို့နယ်၊ မင်းတပ်မြို့နယ်နှင့် မတူပီမြို့နယ်တို့အတွင်း တည်ရှိသော ခေါ်နူးစုမ် (နတ်မတောင်) အမျိုးသားဥယျာဉ်အတွက် ဒေသခံများအနေဖြင့် ဥယျာဉ်ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုနားလည်စေရန်၊ ပူးပေါင်းပါဝင်လာစေရန် လူထုအခြေပြုသဘာဝနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းသင်တန်းကို ဒေသခံသင်တန်းသား၊ သင်တန်းသူ ၃၀ နှင့် အမျိုးသားဥယျာဉ်ဝန်ထမ်းများ စွမ်းဆောင်ရည်ပိုမိုမြင့်တက်လာစေရန် သင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၂၀ တို့ကို သင်တန်းပေးလျက်ရှိကြောင်း ပြောကြားသည်။



သားငှက် ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ သုတေသနလက်ထောက် ဦးရဲလင်းအောင်၊ ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးသိန်းလွင်၊ ကန်ပက်လက်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးဆန်းဦး၊ ဒေါက်တာ သီရိဒေဝီအောင် (BANC) နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) မှ ဝန်ထမ်းများက ကန်ပက်လက်မြို့ နတ်မတောင်အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးတွင် ဇူလိုင် ၁၀ ရက်မှ ၁၄ ရက် အထိ သင်တန်းပေးလျက်ရှိသည်။

နတ်မတောင်အမျိုးသားဥယျာဉ်သည် အာဆီယံအမွေအနှစ်စာရင်းဝင်ဥယျာဉ်ဖြစ်ပြီး ကမ္ဘာပေါ်တွင် နတ်မတောင်ဧရိယာတစ်ခု တည်းတွင်သာတွေ့နိုင်သော မျက်ခုံးဖြူငှက်ပြာခြောက်၏ နေရင်းဒေသ၊ နိုင်ငံအတွက် အရေးကြီးသော ရေဝေရေလဲဒေသ၊ ကျားသစ်၊ အင်းကျား၊ ဝက်ဝံ၊ တောင်ဆိတ်၊ ဆတ်၊ သင်းခွေချပ်တို့အပြင် အခြားသော ရှားပါးတောရိုင်းတိရစ္ဆာန်များ နေထိုင်ကျက်စားရာဒေသလည်းဖြစ်သည်။

ထို့အပြင် မျိုးသုဉ်းလုနီးပါးမျိုးစိတ်များအပါအဝင် ဇီဝမျိုးစုံလင်သော၊ လှပရှုမောဖွယ်ကောင်းသော တောင်စဉ် တောင်တန်းများနှင့်အတူ တောင်ပေါ်အမြဲစိမ်းတောများ၊ ထင်းရှူးတောများ၊ တောင်ပေါ်မြက်ခင်းတောများ စသဖြင့် တောအမျိုးအစားစုံလင်သော ဥယျာဉ်ဖြစ်သည်။

**ညီတူး**

## တိုတိုထွာထွာဖတ်စရာ

### GAP စနစ်ဖြင့် မိုးစပါးသရုပ်ပြစိုက်ပျိုး

**ထန်တလန်**

ချင်းပြည်နယ် ထန်တလန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ဦးဆောင်မှုဖြင့် မိုးစပါး ရွှေရင်အေး မျိုးသန့်အား GAP စနစ်ဖြင့် သရုပ်ပြစိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက ထန်တလန်မြို့နယ် ကြောင်ထီးယားကျေးရွာ တောင်သူဦးမန်ကျုံး၏လယ်ကွက်၌ သရုပ်ပြစိုက်ပျိုးပွဲ ကျင်းပသည်။

ထန်တလန်မြို့နယ်အတွင်း ဒေသမျိုးစပါးဖြင့် စိုက်ပျိုးပါကတစ်ဧကလျှင် တင်း ၅၀၊ ၆၀ ခန့်သာ ထွက်ရှိနိုင်သော်လည်း ဒေသနှင့်ကိုက်ညီသည့် မိုးစပါး ရွှေရင်အေးမျိုးသန့်ကို GAP စနစ်ဖြင့်စိုက်ပျိုးပါက တစ်ဧကလျှင် တင်း ၈၀၊ ၉၀ ထွက်ရှိနိုင်ကြောင်းနှင့် ဒေသခံတောင်သူများအတွက် အကျိုးရှိမည့် စိုက်ပျိုးနည်းစနစ်ဖြစ်ကြောင်း သိရသည်။

**ထန်တလန်(ပြန်/ဆက်)**

### လီဆူးစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဘောလုံးပြိုင်ပွဲကျင်းပ

**ပူတာအို**

ပူတာအိုမြို့နယ် လီဆူးစာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသော အမျိုးသားအလွတ်တန်း မိုးရာသီဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ဒုတိယပတ်က ပူတာအိုမြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။ ပြိုင်ပွဲတွင် ၂၂ သင်းပါဝင်ယှဉ်ပြိုင်ကြပြီး တစ်ရက်လျှင်နှစ်ပွဲစီယှဉ်ပြိုင်သွားမည်ဖြစ်ရာ ဩဂုတ် ၁၇ ရက်တွင် ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနား ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### နောင်ပိုကျေးရွာ၌ ဘက်စုံသုံးကျေးရွာခန်းမဆောင်ဖွင့်

**ဆီဆိုင်**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဘက်စုံသုံးကျေးရွာခန်းမဆောင်ဖွင့်ပွဲကို ဇူလိုင်လ ဒုတိယပတ်က ဆီဆိုင်မြို့နယ် တောင်ရှေ့ကျေးရွာအုပ်စု နောင်ပိုကျေးရွာခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါဘက်စုံသုံးကျေးရွာခန်းမဆောင်သည် အလျား ပေ ၃၀၊ အနံ ၂၆ပေ၊ အမြင့် ၁၂ ပေဖြစ်ပြီး စီမံကိန်းထောက်ပံ့ငွေကျပ်သိန်း ၇၀၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၇၀၁၂၄၀ စုစုပေါင်းကုန်ကျငွေကျပ် ၇၇၀၁၂၄၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**ယင်းမာပင်**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ရဲတပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇူလိုင်လ ဒုတိယပတ်က ယင်းမာပင်မြို့ အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ခန်းမ၌ ကျင်းပသည်။

ယင်းမာပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးခိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဆောင်ရန်ရှောင်ရန်များကိုလည်းကောင်း၊ ရဲအုပ်တင်မောင်လတ်က သက်ငယ်မုဒိမ်းမှုများအကြောင်းနှင့် လူကုန်ကူးမှုအကြောင်း သိကောင်းစရာများအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြပွဲကျင်းပ

**ကြို့ပင်ကောက် ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဘွက်ရိုးကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ တောင်သူဦးသာဒင်၏ လယ်ကွက်တွင် မျိုးစေ့ချကိရိယာ ( DRUM SEEDER) အသုံးပြု၍ စိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြသပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရ သည်။

ကြို့ပင်ကောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာမာအောင်က မျိုးစေ့ချကိရိယာအသုံးပြုရခြင်း၏ ရည်ရွယ်ချက်၊ အသုံးပြုပုံ၊ သမန်းဆောင်ရွက်မှု၊ မျိုးစေ့အညှောင့်ဖောက်ထားမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ သရုပ်ပြပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြသည်။

**ပေါက်စ(မင်းလှ)**

## ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးနှင့်. . .

စာမျက်နှာ ၁၅ မှ

မိမိတို့နိုင်ငံမှ အဆိုပါ အမျိုးအစားထဲမှ အကျိုးခံဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက် ခံစားခွင့်ရှိသည့် အမျိုးအစားများအား စိစစ်၍ ခံစားခွင့်များအား ရရှိနိုင်စေရန် နိုင်ငံစုံ (Multilateral) နှင့် နိုင်ငံအချင်းချင်း (Bilateral) အကြား ညှိနှိုင်းဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ၁၉၈၇ ခုနှစ် ကတည်းက ဖွံ့ဖြိုးမှု အနိမ့်ဆုံးနိုင်ငံဖြစ်ခဲ့ပါသော်လည်း ပိတ်ဆို့မှု (Sanction) များကြောင့် LDC နိုင်ငံများကို ပံ့ပိုးပေးသည့် နိုင်ငံတကာမှ အကူအညီများ၊ အထူးအခွင့်အရေးများကို ရရှိခံစားခွင့် မရှိခဲ့ပါ။ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခဲ့ပြီးနောက်ပိုင်း အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးတိုးတက်လာမှုတို့ကြောင့် အကြွေးလျှော်ခြင်းများ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ဈေးကွက်ရရှိမှုတို့အတွက် အထူးအခွင့်အရေးများ အထူးညှိနှိုင်းမှုများဖြင့် ၂၀၁၂ ခုနှစ်နောက်ပိုင်းမှသာလျှင် စတင်ရရှိခံစားခဲ့ရပါသည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမှ လွတ်မြောက်ပြီးပါက အဆိုပါ အထူးခံစားခွင့်နှင့် အခွင့်အရေးများအား စွန့်လွှတ်ရမည်ဖြစ်ပါသည်။ သို့သော်လည်း မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံရေးပုံရိပ်ကိုမူ ကောင်းမွန်စေမည် ဖြစ်ပါသည်။ အသွင်ကူးပြောင်း ကာလ သုံးနှစ်အတွင်းတွင်မူ အချို့သော အထူးအခွင့်အရေးရရှိခံစားနိုင်ဦးမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးကို ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယသမ္မတ ဦးဆောင်သည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ရေး ကော်မတီကို ဖွဲ့စည်းထားရှိခဲ့ပါသည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးသည် သီးခြား အထူးကြိုးပမ်းရန်မလိုအပ်ဘဲ နိုင်ငံဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်ရင်း မိသားစုများ ဝင်ငွေမြင့်မားကာ လူနေမှုအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ ကျွဲကူးရေပါ ဆိုသကဲ့သို့ အလိုလို လွတ်မြောက်စေနိုင်သော်လည်း မိမိတို့နိုင်ငံအတွက် LDCs နိုင်ငံအဖြစ်မှ လွတ်မြောက်ရန် ကြိုးပမ်းနေစဉ်အချိန်အတွင်း ရသင့်ရထိုက်သည့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက် ခံစားခွင့်ရှိသည့် အခွင့်အရေးများအရယူ၍ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် ခပ်သော့သော့နှင်နိုင်ရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံအနေဖြင့် LDCs နိုင်ငံအဖြစ်မှ လွတ်မြောက်ရန် ကြိုးပမ်းနေစဉ်အချိန်အတွင်း ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအတွက် ခံစားခွင့်ရှိသည့် အခွင့်အရေးများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ဈေးကွက်ရရှိမှုတို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ အပါအဝင် အခွန်အကောက်ပေးရန်မလို၊ အရေအတွက် အကန့်အသတ်မရှိ (Duty Free, Quota Free) ကုန်သွယ်မှု အထူးအခွင့်အရေးများ ကျယ်ကျယ်ပြန့်ပြန့် သိရှိကျင့်သုံးနိုင်စေရန်အတွက် အသိပညာနှင့် နည်းပညာများ ဖြန့်ဖြူးခြင်း၊ ပညာတော်သင်ဆုများ၊ နည်းပညာလွှဲပြောင်းရယူရေး၊ အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံများ လေ့လာနိုင်ရေး၊ အကူအညီအထောက်အပံ့များ အကျိုးရှိထိရောက်မြန်ဆန်စွာ ရရှိအသုံးပြုနိုင်မှု၊ သက်သာ နိမ့်ကျသည့် အတိုးနှုန်းဖြင့် တရားဝင်ဖွံ့ဖြိုးမှု အကူအညီများ ဆက်လက်ရရှိရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍ တည်ဆောက်ရေး (Financial Inclusion)၊ အင်တာနက် အသုံးပြုမှုနှင့် (Mobile Banking)၊ စားနပ်ရိက္ခာဖူလုံရေးစသည်တို့ကို မဟာဗျူဟာကျကျဖြင့် ထိရောက်၍ စွမ်းဆောင်ရည်ရှိစေရေး ဦးစားပေး ဆောင်ရွက်ရန်ဖြစ်ပါသည်။ မြန်မာ ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု စီမံကိန်း ( Myanmar Sustainable Development Plan-MSDP) ကို အကောင်အထည်ဖော်သည့်အနေဖြင့် အခြားသော ဖွံ့ဖြိုးမှုယန္တရားများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ LDCs နိုင်ငံအဖြစ်မှ လွတ်မြောက်မည်ဆိုပါက အဆိုပါ စွန့်လွှတ်ရမည့် အထူးအခွင့်အရေးများအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် Transition Plan တစ်ခုကို ကြိုတင် ပြင်ဆင်ချမှတ်ဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ။

ဆီးဝမ်းလေမှန် အပူငြိမ်း၍ ရုပ်ပေါ်လှန်းဆန်းအံ့ဖွယ်လောက်တဲ့ဆေး
ဆီးချိုသွေးတိုးပျက်စီးရောဂါတာကွယ်စေတဲ့ ဆေးစွမ်းထက်မြက်စိန်ဘယက်
အကြောပြေသောက်ဆေး

ထုံကျဉ်ကိုက်ခဲလျှင် လိမ်း မူးမောလျှင် ရှူ
ကောင်းသတင်းမွှေးကျော် ဆင်ဖြူတော်
အကြောပြေဒက်ကြေလိမ်းဆေး

Visit
The 5th International Processing & Packaging Exhibition for Myanmar
PROPAK MYANMAR
Including: Over 200 Exhibitors from 13 countries
6 International Pavilions from China, Italy, Japan, Singapore, Taiwan, Thailand
Industry Conferences & Seminars
13-15 September 2018
New Venue
Yangon Convention Centre (YCC), Yangon
Located within Inya Lake Hotel compound on Kabar Aye Pagoda Rd.
Pre-register at www.propakmyanmar.com
Incorporating: DRINKTECH MYANMAR, INGREDIENTS MYANMAR, PLASPAK MYANMAR
Contact Ya Mone at Tel: +95 1378 975 or Yamone.oo@ubm.com

STANDARD ECO ZONE
SG Eco laminate floor New Designs
Week 29 (12 ~ 18 July 2018)
လက်ကားအထူးဈေးနှုန်း
(Floor Only) ၁ ကျင်း
8 mm ပုံမှန် လက်လီ ဈေး 90,000 Ks.
8 mm ၃၀ ကျင်း အထက် 75,000 Ks.
8 mm ၅၀ ကျင်း အထက် ???
အလည်အပတ်နှင့် ဈေးနှုန်းမျိုးစုံစွာ ဝယ်ယူနိုင်သည်
Hotline: 09 4555 444 30, 09 4555 444 03

GW 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

အလယ်တန်းနှင့် အထက်တန်းအဆင့်
မရှိမဖြစ် အက်ဆေးများ
Essential Essays
(အင်္ဂလိပ်+မြန်မာ)
Net Litt Publications
(09 421023843, 09 260422897)

GS Learning Hub
Logistics & Supply Chain Management
Purchasing Management
Warehousing Management
Distribution Management
Top Management for Logistics, Supply Chain Management
PRICE 60,000 Ks
Duration : 2 Days Date : Sat & Sun Time : 9:00 am to 6:00 pm
2 Days Training
Starting Date : 21 & 22 July 2018
Ground Solution Learning Hub
Tel : 09 5071186

ပညာရေးဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း
အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၁၂၃)ရှိ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း(SITE)ဝင်းအတွင်းရှိ ပင်မဆောင်အကြီးစားပြုပြင်မွမ်းမံခြင်းမှ ရရှိလာသော ဆယ်တင်ပစ္စည်း (သံ၊ သစ်၊ သွပ်) များအား လေလံတင်ရောင်းချမည်ဖြစ်ပါ၍ လေလံအဆိုပြုလွှာများအား တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ လေလံအဆိုပြုလွှာများအား ၁၆-၇-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း၊ ငွေစာရင်းဌာနတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပြီး ၂၅-၇-၂၀၁၈ ရက် ညနေ(၄)နာရီ နောက်ဆုံးထားတင်သွင်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ
စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း
ဆက်သွယ်ရန်-ဖုန်း-၀၁-၅၅၆၅၈၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ကြီးမြို့၊ အဝေးပြေးကမ္ဘောဇဘဏ်အမ် အသင်းပိုင်ဂိတ်ဖြစ်သည့် "တောင်ကြီးမြို့၊ ကန်အောက်ရပ်အကွက်အမှတ်(၁၆)၊ အကွက်အမည်-မင်းကျောင်းရပ်၊ မြေကွက်အမှတ် (၁၀၆/၁၂၅)၊ ဦးပိုင်အမှတ်(၅၂-ဃ) ဧရိယာ (၀. ၁၀၃)ဧကရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်များ" ကို အသင်းဝင်ယာဉ်ပိုင်ရှင် အများစု၏ သဘောတူညီချက်အရ ရောင်းချနိုင်ရန်အတွက် ဝယ်ယူမည့်သူထံမှ စရန်ငွေ တစ်စိတ်တစ်ဒေသရယူ ရောင်းချထားပြီးဖြစ်ပါသည်။

ထိုသို့ရောင်းချထားခြင်းအပေါ် ကန့်ကွက်လိုပါက အများပိုင်ဥပစာဖြစ်၍ ယာဉ်ပိုင်ရှင်အများစု၏ သဘောတူညီချက်အပါအဝင် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့် ရက်မှစ၍(၇)ရက်အတွင်း သက်ဆိုင်ရာရုံးများတွင် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ယာဉ်ပိုင်ရှင်အများစု၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ထွေး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၂၂)
အမှတ်(၃၁-ဃ)၊ နယ်မြေ-(၇)၊ ဝန်ကြီးလမ်းခွဲ(၂)၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့။

# ခွင့်လွှတ်ပေးပါရန်တောင်းပန်ခြင်း

စစ်ကိုင်းမြို့၊ မအူပင်အနောက်ရွာနေ ကျွန်တော် ဦးအေးလွင်(ဘ)ဦးတင်ရွှေ[၅/စကန(နိုင်)၁၃၆၀၂၉]၊ စစ်ကိုင်းမြို့၊ ဒေါင်းမကျေးရွာနေ ကျွန်တော် ဦးကိုကိုသင်း (ဘ) ဦးသိန်းအောင်[၅/စကန(နိုင်)၁၉၇၇၈၈]နှင့် စစ်ကိုင်းမြို့၊ ဘော်ဂါရပ်နေ ကျွန်တော် ဦးခင်မောင်(ဘ)ဦးစောလှ[၉/မရတ(နိုင်)၀၁၆၁၅၂] တို့မှ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)၏ဥက္ကဋ္ဌ ဦးအောင်ကြီးနှင့် အလုပ်အမှုဆောင်များအား ဂုဏ်သိက္ခာကျဆင်းစေရန်၊ နစ်နာဆုံးရှုံးစေရန်၊ အခက်အခဲတွေ့စေရန်နှင့် တရားဝင်အသင်းအား ပျက်ဆီးစေရန်ရည်ရွယ်၍ တရားဝင်ခွင့်ပြုမိန့်ရရှိထားသည့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)၏ အမည်နှင့်အမှတ်တံဆိပ်တို့အား အကြိမ်ကြိမ်အတုပြုလုပ်ပြီး ဌာနဆိုင်ရာ များသို့ အထင်အမြင်လွဲမှားစေရန် တိုင်ကြားခဲ့ရာတွင် ကျွန်တော်တို့မှ လူတစ်စုနှင့်ပူးပေါင်းပြီး ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ သို့သော် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်း) ဥက္ကဋ္ဌ ဦးအောင်ကြီးနှင့် အလုပ်အမှုဆောင်များ၏ ပွင့်ပွင့်လင်းလင်း မှန်မှန်ကန်ကန် မျှမျှတတ ဆောင်ရွက်ခဲ့မှုများအပေါ် အချိန်ကြာမြင့်သည်နှင့်အမျှ နားလည်သဘောပေါက်လာသဖြင့် ယခင် မိမိမှန်မကန်ပြုလုပ်ခဲ့သော အမှားများအပေါ် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်း) ဥက္ကဋ္ဌ ဦးအောင်ကြီးနှင့် အလုပ်အမှုဆောင်များအား အသင်းရုံးသို့သွားရောက်ပြီး ခွင့်လွှတ်ပေးပါရန် ဝန်ချတောင်းပန်ခဲ့ပြီးဖြစ်သည့်အပြင် ကျွန်တော်တို့မှ နောက်နောင်တွင် အသင်းနှင့်ပတ်သက်သော ကိစ္စရပ်များအား ယခုကဲ့သို့ ထပ်မံပြုလုပ်တော့မည်မဟုတ်ပါကြောင်းနှင့် ယခုသတင်းစာပါ အကြောင်းအရာများအား ကျွန်တော်တို့၏စိတ်ဆန္ဒအရ ကြေညာခြင်းဖြစ်၍ ယခုသတင်းစာကြေညာပါ အကြောင်းအရာများအား မည်သည့်အကြောင်းကိစ္စနှင့်မျှ ပြန်လည်ရုပ်သိမ်းခြင်းပြုလုပ်မည်မဟုတ်ပါကြောင်း။

| | | |
|---|---|---|
| ဦးအေးလွင်(ဘ)ဦးတင်ရွှေ | ဦးကိုကိုသင်း(ဘ)ဦးသိန်းအောင် | ဦးခင်မောင်(ဘ)ဦးစောလှ |
| [၅/စကန(နိုင်)၁၃၆၀၂၉] | [၅/စကန(နိုင်)၁၉၇၇၈၈] | [၉/မရတ(နိုင်)၀၁၆၁၅၂] |

## ဒုတိယဗိုလ်မှူးကြီးစန်းဝေ(ငြိမ်း)
**B.E Mechanical 1975-1981**
**သံတွဲ-ခရမ်းမော်ကျေးရွာ**
**ဗ. သ. က(၆၄)**
### အသက် (၅၉) နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၅) လမ်း(ညာ)၊ တိုက် (၄၁/ခ)နေ (ဦးအောင်ကျော်ဇော-ဒေါ်လှမေ)တို့၏ သားထွေး၊ ဦးစိုးမြင့်ထယ်-ဒေါ်ခင်စန်းရီတို့၏သားသမက်၊ ဒေါ်ခင်စန်းရီ၊ ဦးစန်းထွန်း၊ ဦးစန်းမောင်တို့၏ညီ/မောင်၊ ဒေါ်မြစန္ဒာထယ်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ထက်ပိုင်(2nd Mate-FG)၊ မောင်ဖြိုးအာကာဝေ၊ မောင်စန်းမြင့်ထယ်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်သူရဖြိုးဝေ၏အဘိုး ဒုတိယဗိုလ်မှူးကြီး စန်းဝေ(ငြိမ်း)သည် ၁၄-၇-၂၀၁၈ (စနေနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဖေကြိုင်
**လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်**
**ဂျပန်ခေတ်မင်္ဂလာဒုံဗိုလ်သင်တန်း၊ ဒုတိယပတ်**
**ကုန်သွယ်/လယ်ယာ(ငြိမ်း)**
### အသက် (၉၆) နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်သက်(ငြိမ်း)-ဒေါ်ရီရီကြိုင်တို့၏ဖခင် ဦးဖေကြိုင်သည် ၁၁-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၁)မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအုန်း
### အသက် (၉၁) နှစ်

မန္တလေးတက္ကသိုလ်ကောလိပ် စတင်ဖွင့်လှစ်သည့် ၁၉၄၇ ခုနှစ် ဇူလိုင်လမှစ၍ ပထမနှစ် ဥပစာတန်းတွင် အတူတက်ခဲ့ကြပြီး နှစ်ပေါင်း ၇၀ မျှ ခင်မင်ခဲ့ပါသော ဦးအုန်း (သစ်တော) အသက် (၉၁)နှစ်သည် ၁၁-၇-၂၀၁၈ ရက်တွင် ကွယ်လွန်ခဲ့သဖြင့် အတိုင်းမသိ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။

**ဦးဘသန်း(မဟာဝိဇ္ဇာ)**
**ညွှန်ချုပ်(ငြိမ်း)၊ အင်္ဂလိပ်စာရေးဆရာ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးလှတင် (ငြိမ်း)
**ကြည်း/ ၉၃၀၈**
### အသက်(၉၀)

သူငယ်ချင်း ဗိုလ်မှူးမြင့်အေး (ငြိမ်း)-ဒေါ်သက်သက်ဦးတို့၏ ဖခင် ဗိုလ်ကြီးလှတင်(ငြိမ်း)သည် ၂၁-၄-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၁)မှ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင် (မော်လမြိုင်)
### အသက် (၉၀)

သူငယ်ချင်း ဒေါ်ဌေးဌေးလွင် (ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၏မိခင်ဖြစ်သူ ဒေါ်တင်တင်သည် ၁၂-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၈၁) ခုနှစ် ဥပဒေဘွဲ့ရသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ရည်
**လ/ထညွှန်ကြားရေးမှူး (ငြိမ်း)၊ စိုက်/မွေး**
### အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြတ်အိမ်ရာလမ်းသွယ်(၂)လမ်း၊ တည်းကုန်းအိမ်ရာ၊ တိုက်(၂၃)၊ အခန်း(၁၀၂)နေ ဒေါ်ခင်စိုးမြင့်(ဦးစီး အရာရှိ-ငြိမ်း၊ စိုက်/မွေး)၏ ခင်ပွန်း၊ ဦးအောင်လွင်-ဒေါ်စိုးမိုးနိုင်၊ (ဦးမောင်မောင်လေး)-ဒေါ်စိုးမိုးခိုင်(ကြီးကြပ်ရေးမှူး၊ စိုက်ပျိုးရေးဦးစီး ဌာန)၊ ဦးစိုးကျော်သူ (တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်မိုးမိုးလွင်(ကျောင်းအုပ်ဆရာမကြီး၊ ကျောက်တံခါး၊ အလက)၊ ဦးစိုးမိုးကျော်(CEO၊ မြန်မာနေရှင်နယ်လိုင်)-ဒေါ်ညိုညိုစမ်း(ဒု-ဦးစီးမှူး၊ ငြိမ်း၊ စီမံ/စာရင်း၊ သစ်တောရေးရာဝန်ကြီးဌာန)၊ ဦးကျော်စွာဝင်းလှိုင် (Home Renovation)-ဒေါ်စိုးမိုးအောင် (လ/ထ ဦးစီးမှူးစိုက်ပျိုးရေးဌာန) တို့၏ဖခင်သည် ၁၃-၇-၂၀၁၈ (သောကြာနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်ဇော်(ဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကျော့ရင် (ကော့မှူးမြို့နယ်၊ လက်ခိုက်)
### အသက် (၉၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ လက်ခိုက်ကျေးရွာနေ (ဦးဘိုးထွန်း-ဒေါ်သောင်းရွှေ)တို့၏သမီး၊ (ဦးဖိုးထန်-ဒေါ်ဇော်ခင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာလမ်း၊ အမှတ်(၅၅၄)နေ (ဦးဖေတင်)၏ဇနီး၊ (ဦးသန်းမောင်-ဒေါ်ညွန့်ရှင်)တို့၏အစ်မ၊ ဒေါ်စန်းနွဲ့(စိုက်/မွေး-ငြိမ်း)၊ ဦးမောင်မြင့်-ဒေါ်မာလာ(သ/မဦးစီး-ငြိမ်း)၊ မန္တလေးမြို့နေ ဦးဝင်းလှိုင်(ကကဌေ-ငြိမ်း)-ဒေါ်ခင်သီတာ၊ ဦးဝင်းကြိုင် (ဌာနစုမှူး-ငြိမ်း၊ စည်ပင်)-ဒေါ်ငုရွှေဝါ၊ (ဦးစိုးသိန်း)-ဒေါ်သန်းသန်းချို(အမက-၁၈၊ တောင်ဥက္ကလာ)၊ ဒေါ်ခင်လှဲ့ဝင်း(အမက-၁၇၊ တောင်ဥက္ကလာ)တို့၏ ချစ်လှစွာသောမိခင်၊ ဒေါ်တင်စိန်၊ တူ/တူမ လေးယောက်တို့၏ကြီးကြီး၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ကျော့ရင်သည် ၁၄-၇-၂၀၁၈ (စနေနေ့) နံနက် ၅း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၁၈ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူ သားသမီး၊ မြေးမြစ်များ

## ဦးတင်ရည် (၇၉)နှစ်
**လ/ထညွှန်ကြားရေးမှူး (ငြိမ်း) (စိုက်/မွေး)**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြတ်အိမ်ရာလမ်းသွယ်(၂)လမ်း၊ တည်းကုန်းအိမ်ရာ၊ တိုက်(၂၃)၊ အခန်း(၁၀၂)နေ ဒေါ်ခင်စိုးမြင့်(ဦးစီးအရာရှိ-ငြိမ်း၊ စိုက်/မွေး)၏ခင်ပွန်း၊ ဦးအောင်လွင်-ဒေါ်စိုးမိုးနိုင်၊ (ဦးမောင်မောင်လေး)-ဒေါ်စိုးမိုးခိုင် (ကြီးကြပ်ရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)၊ ဦးစိုးကျော်သူ (တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်မိုးမိုးလွင် (ကျောင်းအုပ်ဆရာမကြီး၊ ကျောက်တံခါး၊ အလက)၊ ဦးစိုးမိုးကျော် (CEO၊ မြန်မာနေရှင်နယ်လိုင်)-ဒေါ်ညိုညိုစမ်း(ဒုဦးစီးမှူး-ငြိမ်း၊ စီမံ/စာရင်း၊ သစ်တောရေးရာဝန်ကြီးဌာန)၊ ဦးကျော်စွာဝင်းလှိုင် (Home Renovation)-ဒေါ်စိုးမိုးအောင်(လ/ထဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)တို့၏ ဖခင်၊ မြေး ခြောက်ယောက်တို့၏အဖိုး၊ မြစ်တစ်ယောက်၏ဘေးသည် ၁၃-၇-၂၀၁၈ (သောကြာနေ့)ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးမြင့်လွင် (၆၆)နှစ်
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ငြိမ်း)၊ ယခင် မဟာစေတီတော် ဂေါပကအဖွဲ့ရုံး**

ပဲခူးမြို့ ကလျာဏီရပ်ကွက် အရှေ့မင်းလမ်းအမှတ်(၅၁၅)နေ (ဦးအောင်ထွန်း-ဒေါ်တင်ကြည်)တို့၏ သားကြီး၊ ဦးသန်းလွင် မြန်မာ့အသံ (ငြိမ်း)၊ ဒေါ်ခင်ခင်ထွေး လက်ထောက်ညွှန်ကြားရေးမှူး (တနင်္သာရီတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး) တို့၏အစ်ကိုကြီး၊ ဦးမင်းလွင်သိန်း(လျှပ်စစ်)၊ ကိုထက်အောင်ဖြိုး၊ ကိုကောင်းမြတ်စံ (MRTV-4)၊ မောင်ဖြိုးသစ်ကိုကို (ရေကြောင်းပညာတက္ကသိုလ်)၊ မကြည်သာရွှန်းလဲ့ (အမျိုးသားစီမံခန့်ခွဲမှုကောလိပ်)တို့၏ဘကြီးသည် ၁၄-၇-၂၀၁၈(စနေနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၈(တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၁၈ ရက်နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာယူပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ရည် (၇၉)နှစ်

မြန်မာနေရှင်နယ်လိုင် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၏ ချစ်လှစွာသောဖခင် ဦးတင်ရည် အသက်(၇၉)နှစ်သည် ၁၃-၇-၂၀၁၈ ရက် (သောကြာနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနေရှင်နယ်လိုင်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သင်းကြည်
**B.Ed၊ အထက်တန်းပြ(ငြိမ်း)**
### အသက် (၇၅) နှစ်

တပည့်အားလုံးအတွက် ဆရာကောင်း၊ သားသမီးများအတွက် မိခင်ကောင်း၊ အန်ကယ်ဦးခင်ဇော်အတွက် ဇနီးကောင်း၊ စိတ်ရင်းနှလုံး ဖြူစင်ကောင်းမွန်သော ဆရာမသည် ၁၂-၇-၂၀၁၈ ရက်တွင် ကွယ်လွန် သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အထက ထိန်တောတပည့်ဟောင်းများ**
**ဒေါ်ခင်တုတ်(ဦးစီးအရာရှိ-ငြိမ်း၊ သ/မဦးစီး၊ လက်ပံတန်းမြို့)**
**ဒေါ်မြင့်မြင့်အေး(ကျောင်းအုပ်ကြီး၊ အထက-ရွှေတံခါး၊ ပြည်မြို့)**
**ဒေါ်နွဲ့နွဲ့ရီ (အထက်တန်းပြ၊ အထက-၁၊ လက်ပံတန်းမြို့)**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်တင်
### အသက် (၇၁) နှစ်

ဗိုလ်ချုပ်လှမြင့်ရွှေ(ငြိမ်း)၊ ဒေါ်ချိုချိုသန်းတို့၏ဖခင် ဖြစ်သူ ဦးမောင်တင်သည် ၁၃-၇-၂၀၁၈ ရက် (သောကြာနေ့) တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၂)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## အနိစ္စ

## ဦးမြင့်သိန်း (ခ) ဦးရွှေထွန်း
**(ပေါင်းတည်မြို့)**
### အသက် (၈၃) နှစ်

ပေါင်းတည်မြို့၊ ဟင်္သာကန်ရွာနေ (ဦးကျော်-ဒေါ်စိန်ကျင်)တို့၏ သား၊ ခရမ်းမြို့၊ ရေကျော်ကျေးရွာနေ (ဦးစန်းမောင်-ဒေါ်စိန်မြ)တို့၏ သားသမက်၊ ဒေါပုံမြို့နယ်၊ (၅)လမ်း၊ ပုသိမ်မြေ၊ အမှတ် (၁၂၄)နေ ဒေါ်မြင့်မြင့်၏ ခင်ပွန်း၊ (ဦးလှသန်း-ဒေါ်မြတင်)၊ ဦးသန်းမြင့်-(ဒေါ်တင်အေး)တို့၏ အစ်ကို၊ ဦးဘဆွေ-ဒေါ်တင်တင်ဦး၊ ဦးအောင်မြင့်-ဒေါ်စန္ဒာဝင်း၊ ဦးခင်ဇော်-ဒေါ်ဖြူဖြူဝင်း၊ ဦးရဲအောင်-ဒေါ်သဇင်မြင့်၊ ဦးကြည်မိုး-ဒေါ်စမ်းယုမေတို့၏ဖခင်၊ ဒေါက်တာဝေဖြိုးအောင်-ဒေါက်တာဝင်းလဲ့လဲ့ကျော်၊ ကိုထက်ဝေယံ-မမေဖြိုးသော်၊ မောင်မင်းရဲအောင်-မဖြိုးဖြိုးထက်၊ မစုနန္ဒာလင်း၊ မဟန်နီအောင်၊ မောင်မင်းခန့်အောင်၊ မောင်ဟိန်းအုပ်စိုး၊ မောင်ဇေယျတုတို့၏အဘိုး၊ မောင်ဝေယံဘုန်းရှိန်၊ မောင်ခန့်သစ်တို့၏ဘိုးဘိုး ဦးမြင့်သိန်း(ခ)ဦးရွှေထွန်းသည် ၁၄-၇-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်မြင့်မြင့်သန်း
### အသက် (၄၇) နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် (၁၄၃၄)နေ ဦးခိုင်ဇော်ဝင်း (ဘဏ္ဍာရေးမှူး၊ အင်္ဂပူမြို့နယ်အသင်း)၏ဇနီး ဒေါ်မြင့်မြင့်သန်းသည် ၁၃-၇-၂၀၁၈ (သောကြာနေ့) ည ၉း၄၃ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၈ (စနေနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ၊ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)

---

## ဒေါ်ခင်မင်းမင်းမြင့်
### အသက် (၄၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၃)ရပ်ကွက်၊ သုခလမ်း၊ အမှတ် (၅၈၆)နေ ဦးလှမြင့်(အကြီးတန်းမန်နေဂျာ၊ Ga Mone Pwint Shopping Mall ကမ္ဘာအေး)-ဒေါ်ခင်အေးတို့၏ သမီးထွေး၊ ကျောက်ပန်းတောင်းမြို့နေ (ဦးကျော်ဝင်း)-ဒေါ်အမာကြည်တို့၏သမီးချွေးမ၊ ဦးမြင့်အောင်-ဒေါ်သိန်းသိန်းဦး၊ ဦးလွင်အောင်မြင့်၊ ဦးရန်နိုင်ဦး၊ ဒေါ်ဝါဝါမြင့် (အထက-၂ ဒဂုံအရှေ့)၊ ဦးသန်းထွန်း(GMP)-(ဒေါ်အေးသန္တာမြင့်)တို့၏ညီမ၊ မအေးချမ်းမေ၏အဒေါ်၊ (ဦးဝင်းနိုင်ဦး)၏ ချစ်လှစွာသောဇနီး၊ မောင်သူရဝင်း(1st Year E.major)၊ မမေမြတ်ဆုနိုင် (Grade-9)တို့၏ ချစ်လှစွာသောမိခင်သည် ၁၄-၇-၂၀၁၈ (စနေနေ့) နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၅၈၆)၊ သုခလမ်း၊ (၄၃)ရပ်ကွက်၊ မ/ဒဂုံ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကျော့ရင် (ကော့မှူးမြို့နယ်၊ လက်ခိုက်)
### အသက် (၉၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ လက်ခိုက်ကျေးရွာနေ (ဦးဘိုးထွန်း-ဒေါ်သောင်းရွှေ)တို့၏သမီး၊ (ဦးဖိုးထန်-ဒေါ်ဇော်ခင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာလမ်း၊ အမှတ် (၅၅၄)နေ (ဦးဖေတင်)၏ဇနီး၊ ကိုသော်ဇင်ဝင်း-မမူမူအောင်၊ ကိုကျော်စွာလင်း(ခ) ငြိမ်းချမ်း(ခေတ္တ-စင်ကာပူ)-မအိသက်နှင်း၊ ကိုအောင်မျိုးလွင်၊ Dr.ဝေလင်းကိုကို-Dr.ဝေဦးခိုင်၊ မစုမွန်လှိုင်(ခ) မီးမီး(MAB Bank)၊ ကိုထက်ဦးခန့်(AYA Bank)၊ မနွေးနွေးလှိုင်၊ မယဉ်ယဉ်မျိုး(FNI)၊ မနှင်းလဲ့ရွှန်းတို့၏အဘွား၊ ခခကျော်စွာ၊ စုစုစံတို့၏ဘွားဘွားကြီး ဒေါ်ကျော့ရင်သည် ၁၄-၇-၂၀၁၈ (စနေနေ့) နံနက် ၅း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမြေး၊ မြစ်များ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမောင်လှ
### အသက် (၇၇) နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၁)၊ (၉)လမ်း၊ (၄)ရပ်ကွက်၊ လမ်းမတော်မြို့နယ်နေ ဒေါ်ခင်ဆွေရီ၏ခင်ပွန်း၊ ကိုသိန်းထွန်း-မအေးအေးခိုင်၊ ကိုဇော်ဇော်လှိုင်-မဆွေဇင်မာ၊ ဒေါက်တာနေလင်း-ဒေါက်တာသက်ဆုမွန်တို့၏မွေးသဖခင်၊ မောင်မျိုးထက်၊ မောင်မင်းခန့်၊ မဇင်စံပယ်လှိုင်၊ မယုဇနလှိုင်တို့၏အဘိုးသည် ၁၄-၇-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂း၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမောင်လှ
### အသက် (၇၇) နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၁)၊ (၉)လမ်း၊ (၄)ရပ်ကွက်၊ လမ်းမတော်မြို့နယ်နေ (ဦးဘအေး-ဒေါ်ဖွားရှင်)တို့၏ သား၊ (ဦးသန်းမောင်-ဒေါ်ခင်စိန်)တို့၏ သားသမက်၊ (ဦးမောင်သိန်း)၊ ဦးအောင်သန်း-(ဒေါ်ညွန့်ညွန့်)တို့၏ ညီ၊ (ဦးစိုးသန်း)-ဒေါ်စန်းကြည်၊ ဒေါက်တာမျိုးသန်း-ဒေါ်ခင်ညိုသိန်း၊ ဦးမင်းသန်း-(ဒေါ်သန်းမြင့်)၊ ဦးကျော်ကျော်သန်း-ဒေါ်လှလှမြင့်၊ ဦးဝင်းသန်း-ဒေါက်တာသီတာဦးတို့၏အစ်ကိုသည် ၁၄-၇-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂း၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်ဦး
### အသက် (၆၆) နှစ်
**အဆင့်မြင့်ပညာ(ငြိမ်း)၊ အထက-၁ သဃ်န်းကျွန်း ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ဝဏ္ဏသိဒ္ဓိလမ်း၊ အမှတ်(၅၁၆)နေ (ဦးအောင်ကြီး-ဒေါ်စန်းတင်)တို့၏သားကြီး၊ (ဦးအုန်း-ဒေါ်နွဲ့)တို့၏ သားသမက်၊ ဒေါ်မေမေခင်(အလက-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမြတ်မိုးလွင်-မကေခိုင်ဦး(သွား/ဆေးတက္ကသိုလ်)တို့၏ဖခင်၊ မောင်ဟိန်းနန္ဒဇော်၏အဘိုး ဦးတင်ဦးသည် ၁၃-၇-၂၀၁၈ ရက် မွန်းလွဲ ၁း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ အသိမိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သုဝဏ္ဏနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၁၈ (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးသူ(သုဝဏ္ဏ)
### အသက် (၅၉) နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ကောက်လျင်လမ်း၊ တိုက်(၁၇၅)၊ အခန်း(၂)နေ (ဦးကြင်ဦး)-ဒေါ်စိန်စိန်တို့၏သား၊ ဦးဖေအောင်-ဒေါ်မိုးမိုးတင့်တို့၏ညီ၊ (ဦးတင့်လွင်)-ဒေါ်ညွန့်ရင်၊ ဒေါ်နှင်းသီတာ (American Vision)၏အစ်ကိုကြီး၊ ဒေါ်မေသက်ဝါ(KTT Group)၊ ဒေါ်ပြည့်ဖြိုးဖြိုးခိုင်(ရွှေတောင်ကုမ္ပဏီ)တို့၏ဖခင်၊ ဒေါ်ဝါဝါထွေး(တည်ဆောက်ရေး-၆၊ ဆည်/မြောင်း)၏ခင်ပွန်းသည် ၁၃-၇-၂၀၁၈ (သောကြာနေ့) ည ၇း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာချိုချိုစန်း
### အသက် (၅၂) နှစ်
**ပါမောက္ခ အင်ဂျင်နီယာသင်္ချာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်**
**B.Sc(Hons), M.Sc(Maths), Ph.D (Engg.Maths)**

ခေတ္တ စင်္ကာပူနေ ဦးကျော်မြသိန်း(ဒုတိယပါမောက္ခချုပ်-ငြိမ်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)-ဒေါ်စန်းစန်းမြင့်တို့၏သမီးကြီး၊ ဦးဇော်ဝင်းအောင်၊ ဦးဇာနည်သန်းဦး-ဒေါ်ခင်စန္ဒာတို့၏ အစ်မ၊ မောင်ကောင်းထက်ဇာနည်၏ ကြီးကြီး ဒေါက်တာချိုချိုစန်းသည် ၁၄-၇-၂၀၁၈ (စနေနေ့) နံနက် ၉း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ဝင်း(ခ)ဦးသီဟဝင်း(ခနှဖြူ)
**General Manager, Mel & Co Co., Ltd**
### အသက် (၄၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်လမ်း၊ ကျိုက္ကဆံရပ်ကွက်၊ အမှတ် (၈)၊ သုံးလွှာနေ ဦးတင်ဝင်း-ဒေါ်သန်းသန်းဟိန်တို့၏သား၊ ဒေါ်ကေခိုင်မြင့်၏ ခင်ပွန်း၊ ဦးဗိုလ်ဗိုလ်ဝင်း၊ ဦးမင်းမင်းမောင်၊ ဦးအောင်မျိုးပိုင်-မသဇင်အောင်၊ ဦးဖြိုးသာတိုးတို့၏အစ်ကို၊ မချိုးမြင့်မြတ်သာ၊ မဆန်းလဲ့ရတနာတို့၏ ဖခင်သည် ၁၃-၇-၂၀၁၈(သောကြာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



မြန်မာ(က)နှင့် ထိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။

# အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ ထိုင်းအသင်းက မြန်မာ(က)အသင်းကို အနိုင်ရ

**နေပြည်တော် ဇူလိုင် ၁၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၈ ခုနှစ် အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ယနေ့မွန်းတည့် ၁၂ နာရီမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပသည်။

အုပ်စုနောက်ဆုံးနေ့တွင် ထိုင်းအသင်းက မြန်မာ(က)အသင်းကို သုံးပွဲပြတ်၊ မလေးရှားအသင်းက မြန်မာ(ခ)အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းများသည်

**စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ✳**

# အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ မြန်မာအသင်း ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရ

**ပလန်ဘမ် ဇူလိုင် ၁၄**

၂၀၁၈ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာ ယူ-၁၉ အသင်းသည် မလေးရှား ယူ-၁၉ အသင်းကို လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ပြီး ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရသည်။ တတိယလုပွဲတွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းက ထိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် မလေးရှားအသင်းကို အုပ်စုပွဲမှ ရှုံးကြွေးပြန်ဆပ်ပြီး ချန်ပီယံဆုရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ပေးလိုက်ရသည့်ဂိုးကြောင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် နှစ်ဂိုးအရှုံးမှ သုံးဂိုးပြန်သွင်းပြီး ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲပြီးခါနီး ၁၆ မိနစ်အတွင်း နှစ်ဂိုးပြန်ပေးရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

## ချေပဂိုးများသွင်းယူ

ပွဲအစတွင် မြန်မာအသင်း ကစားကွက်တည်မရဖြစ်နေသည်ကို မလေးရှားအသင်းအခွင့်ကောင်းယူနိုင်ခဲ့ပြီး သုံးမိနစ်တွင် မိုဟာမက်မာဝမ်၊ ၁၈ မိနစ်တွင် ဆာရာဟီရန်တို့ ဦးဆောင်ဂိုးများသွင်းယူခဲ့သည်။ မထင်မှတ်ဘဲ နှစ်ဂိုးဆက်ပေးလိုက်ရသော်လည်း မြန်မာအသင်း ကစားကွက်ပျက်မသွားဘဲ ဂိုးပြန်ရရန် ကြိုးစားလာပြီး ၂၄ မိနစ်တွင် ဝင်းနိုင်ထွန်း၊ ၂၆ မိနစ်တွင် မြတ်ကောင်းခန့်တို့က ချေပဂိုးများ ပြန်သွင်းယူခဲ့သည်။ ချေပဂိုးများပြန်ရသွား၍ မြန်မာအသင်း စိတ်ဓာတ်အမြင့်ဆုံးရောက်သွားပြီး ၃၁ မိနစ်တွင် မြတ်ကောင်းခန့်က ထောင့်ကန်ဘော တိုက်ရိုက်ကန်သွင်းကာ တတိယဂိုးရယူခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင်လည်း ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး မလေးရှားအသင်း ချေပဂိုးရရန် ခက်ခက်ခဲခဲကစားခဲ့ရသည်။ ၇၆ မိနစ်တွင် မြန်မာအသင်း ကာကွယ်နေသည့်ကြားမှ မလေးရှားချေပဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ရှီဗန်က သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် သရေကျပြီးနောက်ပိုင်းတွင် မလေးရှားအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရကာ ၉၀+၃ မိနစ်တွင် ဂိုးထပ်ပေးလိုက်ရသည်။ မလေးရှားအတွက် အနိုင်ဂိုးကို ဆာရာဟီရန်က ပြစ်ဒဏ်ဘောမှ တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ မလေးရှားအသင်းသည် ယင်းပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ဗိုလ်စွဲခဲ့ပြီး ငါးကြိမ်ဆက် ဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့ရမှုကို အဆုံးသတ်နိုင်ခဲ့သည်။ **ရဲရင့်ရှိုင်း**

## ယနေ့ သတင်းအညွှန်း


ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မကွေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် တွေ့ဆုံ

စာမျက်နှာ » ၄

ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံ ကျွမ်းကျင်မှုပြိုင်ပွဲ မြန်မာနိုင်ငံမှ ကျွမ်းကျင်လုပ်သားများ ဝင်ရောက်ယှဉ်ပြိုင်မည်

စာမျက်နှာ » ၅

အစိုးရနှင့် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်မည်

စာမျက်နှာ » ၈

ဖားကန့်မြို့နယ်၌ စွန့်ပစ်မြေစာပုံပြိုကျ၍ ၁၅ ဦးသေဆုံးကာ ၄၅ ဦး ဒဏ်ရာရ

စာမျက်နှာ » ၁၁

ဝန်ကြီးချုပ်ဟောင်း နာဝပ် ရှာရစ်ဖ်အား လန်ဒန်မြို့မှ ပါကစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိစဉ် အာဏာပိုင်များက ဖမ်းဆီး

စာမျက်နှာ » ၁၂


# ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု အလှမယ်ရွေးချယ်

**ရန်ကုန် ဇူလိုင် ၁၄**

Miss Golden Land Myanmar မှ ကြီးမှူးကျင်းပသည့် Miss Yangon Region ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု အလှမယ်ရွေးချယ်ပွဲကြီးကို ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ အလုံလမ်းရှိ ရန်ကုန်အင်တာနေရှင်နယ်ဟိုတယ်၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင်မှ ခါးနံပါတ် ၁၇ နန်းချယ်ရီ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်မှ ခါးနံပါတ် ၂၂ အိသန္တာအောင်၊ ရန်ကုန်မြောက်ပိုင်းခရိုင်မှ ခါးနံပါတ် ၁၀ ဆုမြတ်နိုးဇင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်မှ ခါးနံပါတ် ၂၄ ချိုကိုကိုတို့က ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု အလှမယ်များအဖြစ် ရွေးချယ်ခံရသည်။

ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အလှမယ်ရွေးချယ်ပွဲကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်

**စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ○**



ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု အလှမယ် ရွေးချယ်ခံရသူများကို တွေ့ရစဉ်။





# မျိုးဆက်သစ်ရှင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဇူလိုင် ၁၅၊ ၂၀၁၈ (တနင်္ဂနွေနေ့)

**ဝတ္ထုတို**

# အထွာများ၏နိဂုံး



■ **မေမိုးမြင့်**

(၁)

အမုန်းမဖက်သည့် မျက်လုံးများနှင့် ကြည့်နေသော ဖိုးအောင်၏ အကြည့်ကြောင့် သူ့ရင်ထဲကိုနင့်စေသည်။ သူ့ကိုယ်သူလည်း မလုံမလဲ ဖြစ်ရသည်။ ကံကြမ္မာက သူတို့နှစ်ယောက်အတွက် ဆန်းကြယ်လွန်းသည်။ အချိန်တွေ နောက်ပြန်ဆုတ်ခွင့်ရှိလျှင် အပြေးပြန်ဆွဲထားချင်မိ၏။ ဆောင်းအငွေ့အသက်များကြောင့် အပြင်တွင် အေးနေသော်လည်း သူ့ရင်ထဲတွင် ဗလောင်ဆူနေသည်။ ပြောချင်သည့် စကားလုံးများကလည်း မျက်ရည်များကြားမှ ထိုးမဖောက်နိုင်ခဲ့။ ဘာသာမဲ့စကားလုံးများကို သူ့ပါးစပ်မှ အကြိမ်ကြိမ်ရွတ်ဆိုနေသည်။ သူနှင့် ပိုဝေးဝေးသွားသည့် ဖိုးအောင်ကို အမြင်အာရုံတို့ မခွာနိုင်ဘဲ ကြည့်နေရင်း သူ၏မျက်ရည်များလည်း စီးဆင်းလာနေ၏။ တဖြည်းဖြည်း သူ့မြင်ကွင်းထဲမှ ဖိုးအောင် ပျောက်ကွယ်သွားလေပြီ။ သူ့ရင်ထဲတွင် ပြောမပြတတ်သော ဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။ နောင်တအတွေးများနှင့် ထိုင်ခုံလေးတစ်ခုတွင် ဝင်ထိုင်လိုက်ရင်း သူ့ဘဝကို နားလည်ပြင်ဆင်ရန် သူဆုံးဖြတ်လိုက်သည်။

(၂)

ထိုနေ့က သူတို့အတန်းသို့ ကျောင်းသားသစ် ရောက်လာမည်ဆို၍ အားလုံးက စိတ်ဝင်တစားနှင့် စောင့်ကြိုနေကြ၏။ ထိုအထဲတွင် သူမပါ။ စိတ်မဝင်စား။ ထို့ကြောင့် စာကြည့်ရန် အင်္ဂလိပ်စာအုပ်ကိုယူကာ ကျောင်းအနောက်ဘက်ရှိ ကုက္ကိုပင်အရိပ်အောက်သို့ သူထွက်လာခဲ့သည်။ အတန်းထဲတွင် ရုပ်ရည်အသန့်ပြန့်ဆုံး၊ စာအတော်ဆုံးဘွဲ့များ ရရှိထားသူဖြစ်၍ မာန်တက်နေသည်ဆိုလျှင် မမှားပေ။ မိန်းကလေးများကလည်း သူ့ဆိုလျှင် မျက်နှာသာပေးကြသည်။ ယောကျ်ားလေးအချင်းချင်းပင် သူ့ကိုမနာလိုဖြစ်ကြရသည်။ သူကလည်း ခပ်တည်တည်နှင့် ဘယ်သူ့ကိုမှအဖက်မလုပ် တစ်ယောက်တည်း နေတတ်သည်။ တချို့က မာနခဲကြီးဟု တီးတိုးပြောကြသည်။ သို့သော် သူဂရုမစိုက်ပေ။ အိမ်တွင်လည်း တစ်ဦးတည်းသောသားဖြစ်၍ မိဘများက အလိုလိုက် အကြိုက်ဆောင်ထားကြသည်။ ငယ်စဉ်ကတည်းက သူတို့ခြံဝင်းအတွင်းမှာပင် ကစားစရာအရုပ်များနှင့် ကြီးပြင်းလာရသူဖြစ်၍ ပတ်ဝန်းကျင်နှင့်အထိအတွေ့နည်းသူ ဖြစ်သည်။ ကျောင်းနေအရွယ်ရောက်သော်လည်း အတန်းဖော်သူငယ်ချင်းများနှင့် ရင်းရင်းနှီးနှီးခင်ခင်မင်မင် မနေတတ်ပေ။ အင်္ဂလိပ် စာအုပ်တစ်အုပ်နှင့်သာ အမြဲနေလေ့ရှိသည်။ အင်္ဂလိပ်စာကို ငယ်ငယ်ကတည်းက စိတ်ဝင်စားမှုရှိအောင် မိဘများက အလေးပေးထား၍ သူ၏ အားလပ်ချိန်များကို အင်္ဂလိပ်စာအုပ်များနှင့်သာ ကုန်ဆုံးလေ့ရှိသည်။

(၃)

ဖိုးအောင်ရောက်လာသည့် နေ့မှစ၍ သူ့အတွက် အရင်လိုမဟုတ်တော့ပေ။ ရုပ်ရည်ကအစ စာပေတွင်အဆုံး အစစအရာရာ ဂုဏ်ရည်တူနေ၍ သူ့စိတ်ထဲတွင် ဘဝင်မကျတော့ချေ။ သူရရှိထားသော ကံကောင်းခြင်းများကို ဖိုးအောင်နှင့် ခွဲဝေယူနေရ၏။ မကျေမနပ်ဖြစ်သောစိတ်များနှင့်အတူ တစ်ယောက်တည်း အလိုမကျဖြစ်နေတတ်သည်။ ပတ်ဝန်းကျင်အပေါ်တွင်လည်း အကောင်းမမြင်တော့ချေ။ သူ့အမုန်းဆုံးစာရင်းတွင် ဖိုးအောင်နာမည်က ထိပ်ဆုံးကဖြစ်လာသည်။ ဖိုးအောင်ကိုမြင်လျှင် လက်သီးနဲ့ စိတ်ရှိသလောက်ပြေးထိုးချင်မိသည်အထိ ဖြစ်လာ၏။ အမြဲတမ်းလိုလို စူပုပ်နေသော သူ့အတွက် အပေါင်းအသင်းတွေက နည်းသည်ထက်နည်းလာသည်။ မည်သူမျှ အပေါင်းအသင်းမလုပ်ချင်ကြတော့။ စာလည်းတော်၊ စိတ်ထားလည်းကောင်း၊ တပြုံးပြုံးနှင့် ဖိုးအောင် အနားတွင်သာ ဝိုင်းဝိုင်းလည်နေ၏။ မိန်းကလေးများကလည်း ဖိုးအောင် ဖိုးအောင် ဖြစ်လာ၏။ သူ့ကိုရှိသည်ဟုပင် မထင်ကြတော့ချေ။ သဘောကောင်းပြီး ကူညီတတ်သည့် ဖိုးအောင်ကို ဆရာ ဆရာမ များကလည်း ချစ်ကြသည်။ သူ့အတွက်နေ့ရက်တိုင်းသည် စိတ်မချမ်းမြေ့စရာများနှင့် ပြည့်နှက်နေတော့၏။ ဒေါသစိတ်နှင့် အလိုမကျမှုများ ဖုံးလွှမ်းနေသည့် သူ့အတွက် ဦးနှောက်မှတ်ဉာဏ်များလည်း တဖြည်းဖြည်း နှေးကွေးလာသည်။

(၄)

လပတ်စာမေးပွဲအဖြေများ ထွက်လာပေပြီ။ သို့သော် သူမျှော်လင့် ထားသည့်အတိုင်း ဖြစ်မလာခဲ့ပေ။ အမှတ်ပေါင်း တစ်မှတ်အသာနှင့်ကပ်၍ ဖိုးအောင်က သူ့ထက် ဗိုလ်စွဲသွားသဖြင့် သူလုံးဝမကျေနပ်ချေ။ ဒေါသထွက်ထွက်နှင့် အတန်းထဲမှာပင် ဖြေမဆည်နိုင်ဖြစ်ကာ သူငိုသည်။ ဘေးချင်းကပ် သူငယ်ချင်းက အားပေးစကား ပြောသည်ကိုပင် လက်မခံနိုင်ဘဲ ဒေါသစိတ်နှင့် ပြန်အော်ပစ်ခဲ့သေးသည်။ ထိုနေ့တစ်နေ့လုံး ဘယ်သူ့ကိုမှစကားမပြောတော့ဘဲ တစ်ယောက်တည်း ကြိတ်မနိုင်ခဲမရဖြစ်နေတော့သည်။

ညအိပ်ရာဝင်သည့်အခါ နဖူးပေါ်လက်တင်၍ သူစဉ်းစားသည်။ သူ့နေရာ သူပြန်လိုချင်သည်။ ပတ်ဝန်းကျင်မှ အကြည့်များ၊ သူငယ်ချင်းများ၏ အကြည့်များကို သူမခံနိုင်။ မိဘများကလည်း ဆူသေးသည်။ ဖိုးအောင်ထက် သာနေမှသာ သူ့အတွက်အဆင်ပြေမည်။ သို့မဟုတ်လျှင် အိမ်တွင်လည်း ကောင်းကောင်းနေရမည် မဟုတ်ပေ။ ထို့ကြောင့် သူဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တော့သည်။

နောက်နေ့တွင် ကျောင်းသို့ဦးစွာ ရောက်အောင်သွား၍ ဖိုးအောင်လာသည့် လမ်းမှ သူ စောင့်နေလိုက်သည်။

"ဖိုးအောင်"

တစ်ခါမှ မခေါ်ခဲ့ဖူးသည့်သူက နာမည်ခေါ်လိုက်၍ ဖိုးအောင် တအံ့တဩနှင့် လှည့်ကြည့်သည်။

"အေး ကျော်စွာ ပြောလေကွာ"

ဖိုးအောင်ကို ဘာမှပြန်မပြောသေးဘဲ ဖိုးအောင်လက်ကို အတင်းဆွဲကာ လူရှင်းလောက်သည့်နေရာသို့ သူခေါ်သွား၏။ ဘေးဘီကို ဝေ့ဝဲကြည့်လိုက်သေးသည်။ မည်သူမျှမရှိ၍ သူပြောချင်သည့် စကားများကို စ၍ ပြောတော့သည်။

"ဒီကျောင်းမှာ ငါက ဟိုး. . . သူငယ်တန်းကတည်းကစပြီး ပထမရလာတာ။ မင်းရောက်လာမှ ငါဒုတိယရ. . . ရတယ်။ ငါ့နေရာငါပြန်လိုချင်တယ် အဲဒါငါပြောမလို့ မင်းကိုခေါ်လာတာ . . .

မင်းသဘောပေါက်ပါတယ်နော် တကယ်လို့ ငါ့နေရာကို မင်းဆက်ယူနေဦးမယ်ဆိုရင် ငါဘာလုပ်မလဲဆိုတာ မင်းစောင့်ကြည့်လိုက် . . . ပြီးမှ ငါ့အဆိုးမဆိုနဲ့ ငါမင်းကိုသတိပေးပြီးပြီ . . ."

ဖိုးအောင်ဘာမျှ မပြောနိုင်ဘဲ ခေါင်းငုံ့၍သာ နားထောင်နေသည်။

"ငါဒီလိုပြောတာတွေ မင်းဘယ်သူ့မှ ပြန်မပြောနဲ့ တစ်ယောက်ယောက်သိသွားလို့ကတော့ မင်းမလွယ်ဘူး ငါသွားပြီ"

ဖိုးအောင်ကို ထားခဲ့ကာ သူပြန်လာခဲ့သည်။ သူပြောခဲ့သည်များကို ပြန်တွေးရင်း တစိမ့်စိမ့်ကျေနပ်နေတော့၏။

(၅)

နောက်လပတ်အတွက် အမှတ်စာရင်းများ ထွက်လာပေပြီ။ သူရင်မခုန်တော့ပေ။ ဖိုးအောင်မှာတော့ မျက်နှာမကောင်းချေ။

"သား. . . ဖိုးအောင် သင်္ချာမှာ ငါးမှတ်တန်တစ်ပုဒ်ဖြေမထားဘူး မေ့ကျန်ခဲ့တာလား သားကအဲဒီမှာ အမှတ်လျော့သွားတာ"

ဆရာမ၏ စကားကြောင့် သူနည်းနည်းတုန်လှုပ်သွားမိသည်။ ဖိုးအောင်၏ စိတ်ထားကောင်းမှုအပေါ် အနိုင်ယူမိပြီလား သူ့ကိုယ်သူ တွေးမိလာသည်။ ဖိုးအောင်ကို သနားလာမိ၏။ ဖိုးအောင်ဘက်သို့ မရဲတရဲ လှည့်ကြည့်လိုက်သည်။ ဖိုးအောင်က မျက်လွှာကို အောက်ချထားသည်။ ပျော်ရွှင်ခြင်းကို သူ့မျက်နှာပေါ်တွင်မတွေ့ရ။ ထိုအခိုက် ဖိုးအောင်ကမော့အကြည့် သူက ဖိုးအောင်ကို လှည့်အကြည့်နှင့် ဆုံသွား၍ ဖိုးအောင်က သူ့ကို ပကတိမျက်လုံးများနှင့် ပြုံးပြသည်။ သူချက်ချင်းပင် ဖိုးအောင်အကြည့်ကို မျက်နှာလွှဲပစ်လိုက်သည်။ ဖိုးအောင်၏ ဖြူစင်သည့် စိတ်ဓာတ်များ၊ သိမ်မွေ့သည့် အကြည့်များကို သူ့စိတ်ကြေးမုံက ရင်မဆိုင်ရဲတော့ချေ။

ထိုနေ့က အိမ်ပြန်ရောက်သည့်တိုင် ဖိုးအောင်အကြည့်များ၊ အပြုံးများက သူ့မြင်လွှာတွင် တဖျပ်ဖျပ်။ သူ့လုပ်ရပ်များအတွက် သူ့ကိုယ်သူပင် မလုံတော့။

ထို့ကြောင့် နောက်နေ့တွင်ဖိုးအောင်ကို သူ့လုပ်ရပ်များအတွက် ပြန်တောင်းပန်မည်ဟု သူဆုံးဖြတ်လိုက်သည်။ မုန့်တွေဝယ်ပြီး ဖိုးအောင်နှင့်အတူစားကာ သူ့အမှားများအတွက်တောင်းပန်ရန် အတန်းထဲတွင် ထိုင်စောင့်နေလိုက်သည်။ သို့သော် ကျောင်းတက်သွားသည့်တိုင် ဖိုးအောင်ရောက်မလာပေ။ တစ်ခါမှ ကျောင်းမပျက်ဘဲ စည်းကမ်းလိုက်နာတတ်သည့် ဖိုးအောင်က အတန်းပိုင်ဆရာမ ထံတွင်လည်း ခွင့်မတိုင်၍ အားလုံးက စိတ်ပူ ကုန်ကြ၏။

"ဆရာမ ဝင်ခွင့်ပြုပါ"

အားလုံးတစ်ပြိုင်နက် နောက်ဘက်သို့ လှည့်ကြည့်လိုက်ကြသည်။

"ဟင် ဖိုးအောင်"

ဖိုးအောင်မျက်နှာ မကောင်းပေ။ ဆရာမအနားသို့ တိုးသွားကာ နယ်ကမိဘများမှ စီးပွားရေးအဆင်မပြေကြ၍ သားအကြီးဆုံး ဖိုးအောင်ကို အလုပ်လုပ်ရန် ပြန်ခေါ်နေပြီဖြစ်သောကြောင့် ပြန်ရတော့မည် ဖြစ်ကြောင်း၊ ဒေါ်ကြီး အိမ်တွင်ပြည့်ပြည့်စုံစုံ နေရသော်လည်း ညီလေး၊ ညီမလေးများ နပ်မှန်အောင် မစားရသည့်အဖြစ်ကို မကြည့်ရက်၍ အိမ်ပြန်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ပြောဆိုပြီး အခန်းအတွင်းမှ လေးလံစွာ ထွက်ခွာသွားသော ဖိုးအောင်ကို သူဆွံ့အစွာဖြင့် လိုက်ငေးကြည့်နေမိသည်။

သူ့မျက်ဝန်းတွင်လည်း အတားအဆီးမဲ့သည့် မျက်ရည်စများနှင့်။

ဖိုးအောင်က သူ့လုပ်ရပ်ကို အပြစ်မယူခဲ့သည့်တိုင် သူ့ကိုယ်သူတော့ ဘယ်တော့မှ ခွင့်လွှတ်နိုင်မည် မဟုတ်တော့ပေ။ တရွေ့ရွေ့ထွက်ခွာသွားသည့် ဖိုးအောင်၏ နောက်၌ အဆုံးမရှိသည့်နောင်တများနှင့် ငေးငိုင်ကျန်နေခဲ့သူက ကျော်စွာပိုင်ဆိုသော သူသည်ပင်။ ။

**စာဖတ်ကြစို့**

စာအုပ်စာပေ လူ့မိတ်ဆွေ
ကြီးငယ်မရွေး ဖတ်ပါလေ
ဖတ်လေမှတ်လေ ထူးတယ်ဗျ
အသိပညာ အစဉ်ရ။
စာအုပ်စာပေ လူ့မိတ်ဆွေ
တိုတိုရှည်ရှည် ဖတ်ပါလေ
ဗဟုသုတ ပေါကြွယ်ဝ
ပညာဝမ်းစာ လျှံမယ်ဗျ။
စာအုပ်စာပေ လူ့မိတ်ဆွေ
ချိန်ခါမရွေး ဖတ်ပါလေ
ရတဲ့အချိန် အသုံးချ
အချိန်ပေးကာ စာဖတ်ကြ။
စာအုပ်စာပေ လူ့မိတ်ဆွေ
ထူးချွန်ထက်ဖို့ ဖတ်ပါလေ
အသိဉာဏ်တွေ ပွင့်လင်းဖို့
စိတ်ပါလက်ပါ စာဖတ်စို့။

မောင်သုည(အဖျောက်)

## မျိုးဆက်သစ်ရှင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရှင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရှင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**(စာတည်းအဖွဲ့)**

ဆောင်းပါး

# ရိုးသားမှုဖြင့် လောကကို အလှဆင်နိုင်ကြပါစေ

■ မောင်မြင့်ဝင်း

အရင်တစ်ပတ်က မျိုးဆက်သစ်ရင်ပြင်မှာ လူငယ်စာရေးဆရာတစ်ယောက်ရဲ့ စာမူကူးချခြင်းကိစ္စကို တွေ့ရတော့ စိတ်မကောင်းဖြစ်ရပါတယ်။ သူ့ရဲ့စာမူတွေက စာမျက်နှာထက်မှာ အတော်လေး များများပါနေပါပြီ။ အပြင်မှာဆုံဖူးတော့လည်း သူ့ရဲ့ဖန်တီးမှုပညာကို လေးစားအားကျခဲ့ရသူပါ ။

စာပေဆိုတာ ကျွန်တော်တို့လို လူငယ်တွေအတွက် စာပေလမ်းကိုလျှောက်လှမ်းဖို့ အကောင်းဆုံးနေရာတစ်ခုပါ။ စာပေကနေ ဘဝတစ်ခုလုံး ထွန်းတောက်ပြောင်လက်သွားတဲ့ လူငယ်တွေ အများကြီးပါ။ စာပေစင်မြင့်ထက် တက်လှမ်းသွားတဲ့ ဆရာ ဆရာမတွေက အများကြီးပါ။ ကျွန်တော်ကိုယ်တိုင်လည်း စာပေကြောင့် အဆင်ပြေတဲ့ ဘဝတစ်ခု နေရာတစ်ခုရခဲ့သူတစ်ယောက်ပါ။ ဒါကြောင့် စာပေအပေါ် သံယောဇဉ်ဖြစ်ရသလိုမျိုး စာပေရေးသားနေတဲ့သူ စာပေဝါသနာပါသူတွေအားလုံးကိုလည်း လေးစားချစ်ခင် သံယောဇဉ်တွယ်ခဲ့မိပါတယ်။

ဒါပေမယ့် လူငယ်ဆိုတာ စိတ်မြန်တာကြောင့် လုပ်သင့်တာလုပ်ထိုက်တာတွေ သေချာမဝေခွဲနိုင်တာကြောင့် တစ်ခါတစ်ရံမှာ အမှားတွေဆိုတာလည်း ကျူးလွန်မိတတ်ပါတယ်။ အဲဒီအခါ အနှစ်နှစ်အလလက တယုတယကြိုးစားတည်ထောင်ခဲ့တဲ့ ကိုယ့်ရဲ့ ကလောင်လေးဟာ ထိခိုက်သွားပါမယ်။ စာလေးတစ်ခုကို သတိရမိပါတယ်။ “ချစ်ခင်ခဲ့ရသော နှစ်ပေါင်းတစ်ရာသည် မုန်းတီးခြင်းတစ်မိနစ်ကြောင့် မေ့ပျောက်ခံရတတ်၏တဲ့”။ လူတစ်ယောက်ရဲ့ ချစ်ခြင်းတွေဟာ နှစ်ပေါင်းတစ်ရာကျော်ကြာပေမယ့် မုန်းတီးစိတ် တစ်မိနစ်ဖြစ်ရင် ချစ်ခင်ခဲ့ရတဲ့ နှစ်ပေါင်းတစ်ရာကျော်ဟာ မေ့ပျောက်ခံတတ်ပါတယ်တဲ့။

အခုလည်း အချိန်အကြာကြီး ကြိုးစားတည်ထောင်ခဲ့တဲ့ အောင်မြင်မှုတွေဟာစာတစ်ပုဒ်ကြောင့် လဲပြိုပျက်စီးသွားနိုင်ပါတယ်။ ဒါကြောင့် ဖြစ်ချင်တဲ့ဆန္ဒထက် ဖြစ်သင့်တာကို ပိုပြီး ဦးစားပေးရွေးချယ်သင့်ပါတယ်။ စာရေးတယ်ဆိုကတည်းက အများကို အသိတရားတစ်ခုခုပေးချင်လို့သာ ရေးကြတာပါ။ အများကို အကျိုးပျက်စေလို့ ရေးတာမဟုတ်ပါဘူး။ အထူးသဖြင့် စာရေးတယ်ဆိုတာ လူတွေအများဆုံး ဖတ်ကြဖို့အတွက် ရေးတာပါ။ အဲဒီအထဲကမှ လူငယ်တွေ ဖတ်ဖြစ်ရင် တိုင်းပြည်အတွက် ပိုပြီး အကျိုးများစေပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ လူငယ်ဆိုတာ တိုင်းပြည်ရဲ့ အနာဂတ်ပိုင်ရှင်တွေပါ။ လူငယ်တွေ အသိဉာဏ်ပညာထက်မှသာ တိုင်းပြည်ရဲ့အနာဂတ်မှာ လှပမှာပါ။ အတွေးအခေါ် ထက်မြက်ဖို့ ဆိုတာလည်း စာပေတွေ ဖတ်မှသာရစေမှာပါ။ စာအုပ်ဆိုတာမှာလည်း လူငယ်တွေအတွက် ရေးထားတာတွေက ပိုပြီးအကျိုးသက်ရောက်မှု ဖြစ်စေပါတယ်။

လူငယ်ချင်းတူပေမယ့် စာဖတ်တဲ့ လူငယ်တွေက အမှားအမှန်ကို သေချာဝေဖန်ပိုင်းခြားတတ်ပါတယ်။ အမှားအမှန်ကို ဝေဖန်ပိုင်းခြားတတ်ပြီဆိုရင် ကိုယ်တိုင်ရောပတ်ဝန်းကျင်ကိုပါ ဖျက်ဆီးမယ့် အတွေး၊ အပြော၊ အလုပ်တွေ မလုပ်ဖြစ်တော့ပါဘူး။ ဒါကြောင့် စာအုပ်တွေကို ဖတ်ကြရပါမယ်။ ဖတ်ပြီးသမျှစာတွေကိုလည်း လက်တွေ့ဘဝထဲမှာ အကောင်းဆုံးဖြစ်အောင် အသုံးချနိုင်အောင် ကြိုးစားရပါမယ်။

စာမူတွေရေးတဲ့အခါမှာလည်း ကိုယ့်အပေါ် ယုံကြည်လို့ ကိုယ့်စာမူတွေကို ဖြန့်ဝေပေးတဲ့ အယ်ဒီတာတွေကို လေးစားသမှုနဲ့ ရိုးရိုးသားသားရေးပို့ဖို့အရေးကြီးပါတယ်။ နေ့စဉ် ထွက်သမျှ စာစောင်တွေ၊ လစဉ်ထွက်သမျှ မဂ္ဂဇင်းတွေကို ဘယ်အယ်ဒီတာမှ အကုန်မဖတ်နိုင်ပါဘူး။ အဲဒါကြောင့် ကိုယ့်ဘက်က ရိုးသားစွာနဲ့ ဝါသနာပါရာတွေနဲ့ လောကအပေါ် အကောင်းဆုံးပေးဆပ်ဖို့ဆိုရင် စာမူရွေးသူတွေကို လေးစားကြောင်း ပြရမှာဖြစ်ပါတယ်။ အရင်ခေတ်ကလည်း လူငယ်တွေကြောင့် ကောင်းတဲ့အကျိုးတွေ ခံစားကြရဖူးသလို အခုလည်း လူငယ်တွေကြောင့် ပတ်ဝန်းကျင်အသိုင်းအဝိုင်း သာယာလှပအောင် ကြိုးစားလုပ်ဆောင်သင့်ပါတယ်။ နိုင်ငံရဲ့ အနာဂတ်ဟာ လူငယ်တွေရဲ့ လက်ထဲမှာပါ။ ဒါကြောင့် ကိုင်မယ့်လက်ဟာ မွန်မြတ်သန့်စင်ဖို့ အထူးအရေးကြီးပါတယ်။

ဖြူစင်သန့်ရှင်းပြီး ထက်မြက်တဲ့ လက်တွေနဲ့ လောကကို အလှဆင်နိုင်သူများ ဖြစ်ကြပါစေ။ ။

# လူငယ်များ၏ အခြေခံဒီမိုကရေစီအုတ်မြစ်

■ နေရဂ္ဂ(မြောင်)

အဖြူ အစိမ်း တူညီဝတ်စုံလေးများကို ဝတ်ဆင်ထားသည့် ကျောင်းသားလေးများ၏ ကျောင်းသွားချိန်မြင်ကွင်းလေးတစ်ခုသည် စာရေးသူ၏စိတ်ကို အတိုင်းအတာတစ်ခုထိတိုင်အောင် စွဲဆောင်ထားသည်။ တဖြောက်ဖြောက်ရွာနေသော မိုးစက်ကလေးများကို ထီးလေးများဖြင့် ကာကွယ်အန်တုရင်း မိမိတို့ပညာဆည်းပူးရာ ကျောင်းတော်ကြီးဆီသို့ လှမ်းနေသောခြေလှမ်းများသည် အားမာန်အပြည့်နှင့်ဖြစ်၏။ ထိုမြင်ကွင်းလေးကို မြင်တွေ့ရစဉ်ခဏ၌ ငယ်စဉ်ကျောင်းသားဘဝကိုပင် အောက်မေ့မိပါသေးသည်။ ကြည်နူးဖွယ်လည်း ကောင်းလှ၏။ ထိုကျောင်းသားလေးများသည် စာရေးသူတို့၏ အမိနိုင်ငံအတွက် အားထားရမည့် အနာဂတ်စစ်သည်များဟု တွေးရင်းဝမ်းသာမိပါသည်။

နိုင်ငံတစ်နိုင်ငံ(သို့) တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန်အတွက်မူ လူငယ်များ၏ အားသည် တစ်ထောင့်တစ်နေရာမှ ပါဝင်နေလိမ့်မည်ဟု ယုံကြည်မိသည်။ ဤသို့ အရေးပါသောလူငယ်များကို မှန်ကန်သော အတွေးအခေါ်၊ မှန်ကန်သောအကျင့်အကြံ၊ မှန်ကန်သောအပြုအမူ၊ အပြောအဆိုနှင့် အနေအထိုင်မှသည် ကောင်းမွန်သည့် အလေ့အထမှန်သမျှကို ထိတွေ့ကျင့်သုံးတတ်ရန် ဂရုတစိုက်လေ့ကျင့်ပေးနိုင်ရပါလိမ့်မည်။ လေ့ကျင့်ပေးရန်လည်း လိုအပ်ပါ၏။ ထိုအလေ့အကျင့်ကောင်းများကို ပြုစုပျိုးထောင်ပေးမည်ဆိုပါလျှင် အခြေခံပညာကျောင်းများ၏ အခန်းကဏ္ဍကို လျစ်လျူရှုထား၍ ရလိမ့်မည်မဟုတ်ပါ။

အခြေခံပညာကျောင်းများ၌ ဒီမိုကရေစီစနစ်၏အခြေခံအုတ်မြစ်ဖြစ်သော ကောင်းမွန်သည့် စနစ်တစ်ခုရှိပါသည်။ ထိုစနစ်မှာ ဇူလိုင်လတွင် အပြီးသတ်ဖွဲ့စည်းရသည့် “ကျောင်းတွင်း ဒီမိုကရေစီတို့များ ကျောင်းကောင်စီ”ဟူသော ခံယူချက်ဆောင်ပုဒ်နှင့် ကျောင်းကောင်စီဖွဲ့စည်းမှုစနစ်ပင်ဖြစ်သည်။ ကျောင်းကောင်စီသည် ရည်ရွယ်ချက်လည်း ကောင်း၏။ ဖွဲ့စည်းပုံစနစ်လည်းကောင်းပါသည်။ ကျောင်းကောင်စီဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များမှာ -

(က) အခြေခံပညာကျောင်းများ၌ ကျောင်းကောင်စီကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြောက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်

(ခ) ကောင်းမွန်သာယာညီညာပျော်ရွှင်၊ တိုးတက်ဖွံ့ဖြိုးသော ကျောင်းတစ်ကျောင်းဖြစ်လာစေရန်

(ဂ) ဒီမိုကရေစီကျင့်စဉ်နှင့်အညီ မှန်ကန်သောအတွေးအခေါ်၊ အကျင့်အကြံ၊ အပြုအမူ၊ အပြောအဆို၊ အနေအထိုင် စသည့် ကောင်းမွန်သော အလေ့အထများ ရရှိထွန်းကားလာစေရန်

(ဃ) ကျောင်းသားကျောင်းသူတစ်ဦးစီရှိ အထုံဗီဇဝါသနာကောင်းများ ထွန်းကားလာရေးကို ပျိုးထောင်လေ့ကျင့်အားပေးရန်နှင့် အသင်းအတွင်း တစ်ဦးချင်းတွင်ဖြစ်စေ၊ အသင်းအချင်းချင်းတွင်ဖြစ်စေ ကြုံတွေ့ရသည့် အခက်အခဲပြဿနာများကို စုပေါင်းညှိနှိုင်း ဖြေရှင်းဆောင်ရွက်တတ်ကြစေရန်တို့ဖြစ်သည်။

ကျောင်းကောင်စီ၏ ရည်ရွယ်ချက်အပိုဒ်(က)နှင့် (ဂ)ပါအရ ကျောင်းများတွင် ဒီမိုကရေစီကို လက်တွေ့ကျကျ ကျင့်သုံးရန် ပြဋ္ဌာန်းထားသည်ကို တွေ့ရပါလိမ့်မည်။ ထိုအပိုဒ်ပါ “ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်မှုဆိုင်ရာ” ဆိုသည့် စကားကို ထပ်ဆင့်၍လေ့လာကြည့်သောအခါ စနစ်တစ်ခု၏ကောင်းမွန်သော လက္ခဏာရပ်များကို တွေ့ရပါသည်။ ကျောင်းကောင်စီဖွဲ့စည်းမှုစနစ်တွင် အသင်းငါးသင်းကို အခြေခံထားပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲသဏ္ဌာန်ကို အခြေပြုသည်။ ရှေးဦးစွာ မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သောမင်းဆက်များ၏အမည်များဖြင့် ကိုယ်စားပြုထားသည့် အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ အသင်း ငါးသင်းကို တစ်ကျောင်းလုံးတွင်ရှိသော ကျောင်းသား ကျောင်းသူများမှသည် ဆရာ ဆရာမများအထိတိုင်အောင် မဲစနစ်ဖြင့် ဖွဲ့စည်းစေပါသည်။

အခြေခံအသင်းငါးသင်းကို ဖွဲ့စည်းပြီးမြောက်ပါက သက်ဆိုင်ရာ အသင်းခေါင်းဆောင်၊ အတန်းခေါင်းဆောင်နှင့် ကျောင်းကောင်စီအမှုဆောင်အဖွဲ့ကို မဲပေးသည့်စနစ်ဖြင့် ရွေးချယ်စေပြီး လွတ်လပ်စွာမဲပေးပိုင်ခွင့်စနစ်ကို ကျင့်သုံးစေသည်။ ကျောင်းသားကျောင်းသူများသည် မိမိတို့အသင်း၊ မိမိတို့အတန်း၏ ခေါင်းဆောင်ကို မိမိတို့ကိုယ်တိုင်ရွေးချယ်တင်မြှောက်ခွင့်ရှိပြီး ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခွင့် အခွင့်အရေးကို အပြည့်အဝရရှိစေသည်။ ကျောင်းကောင်စီဖွဲ့စည်းဆောင်ရွက်မှု ကြီးကြပ်ရေးအဖွဲ့မှ ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီအား ထိုအခွင့်အရေးများ ရရှိစေနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးရသည်။

အမှုဆောင်အဖွဲ့အား ဖွဲ့စည်းပြီးမြောက်ပါက အမှုဆောင်အဖွဲ့အစည်းအဝေးကို သီတင်းတစ်ပတ်အတွင်း ကျင်းပရသည်။ ကျောင်းကောင်စီအမှုဆောင်အဖွဲ့ အစည်းအဝေးသည် ကျောင်းတွင်းဒီမိုကရေစီအလေ့အကျင့်၏ စံနမူနာဖြစ်၏။ အမှုဆောင်အဖွဲ့အစည်းအဝေးတွင် ကျောင်းသားကျောင်းသူများကို လွတ်လပ်စွာပြောဆိုတင်ပြစေခြင်း၊ ဆွေးနွေးစေခြင်း၊ ညှိနှိုင်းစေခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု၏အလေ့အကျင့်ကောင်းများကို ရရှိစေပြီး အများ၏သဘောဆန္ဒနှင့် တင်ပြချက်ကို အလေးဂရုပြုခြင်း၊ လွတ်လပ်ခွင့်ကျင့်သုံးရာ၌ အများကို မထိခိုက်စေသော ဆင်ခြင်သုံးသပ်မှုဖြင့် ကျင့်သုံးစေခြင်းဖြင့် ကောင်းမွန်သည့်အလေ့အထများကိုလည်း ရရှိစေမည်ဖြစ်သည်။

ထို့အတူ ဒီမိုကရေစီ၏အင်္ဂါတစ်ရပ်ဖြစ်သော “စိတ်ကူးကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ချုပ်ချယ်မှုမပြုခြင်း”ဟူသော အင်္ဂါရပ်ကိုလည်း ရရှိစေသည်။ လွတ်လပ်စွာပြောဆိုနိုင်မှု၊ စိတ်ကူးနိုင်မှု၊ ရေးသားနိုင်မှု ဆန္ဒထုတ်ဖော်မှုဟူသော ဒီမိုကရေစီအခွင့်အရေးများကို ကျောင်းကောင်စီအဖွဲ့မှ ရရှိစေခြင်းဖြင့် အနာဂတ်ဒီမိုကရေစီသားကောင်းများကို မွေးထုတ်ပေးနိုင်ပါလိမ့်မည်။ ဤသို့ ဒီမိုကရေစီအလေ့အကျင့်ကောင်းများ လွှမ်းခြုံနေသည့် အခြေခံပညာကျောင်းများ၏ ကျောင်းကောင်စီဖွဲ့စည်းမှုအား ဆရာ ဆရာမများအပြင် ကျောင်းသားမိဘများဘက်မှလည်း အထူးအလေးထား အားပေးသင့်သည်ဟု တိုက်တွန်းချင်ပါသည်။ ။

# လူငယ်နှင့် ချစ်ခြင်းမေတ္တာ

■ ရွှေရင်လတ်(ဗိဿနိုး)

ယနေ့ခေတ် လူငယ်အများစုသည် အချစ်ရေးနှင့် ပတ်သက်လာလျှင် အလျင်စလို ဆုံးဖြတ်တတ်ကြသည်။ စိတ်ခံစားမှု၊ သာယာမှုနောက်ကို စီးမျောလိုက်ပါသူက အတော်များနေ၏။ အဆိုးဆုံးက ချစ်သူဘဝနှင့် အိမ်ထောင်သည်ဘဝကို ရောနှောလိုက်ခြင်း။ သည့်နောက် မလိုလားအပ်သည့်ပြဿနာတွေကြောင့် အိမ်ထောင်သည်ဘဝကို ရောက်ရှိခဲ့ကြသည်။ ကစဉ့်ကလျား ဖြစ်တည်လာသည့် အိမ်ထောင်တစ်ခုသည် အဘယ်သို့သာယာကြည်နူးနိုင်ပါမည်နည်း။ အိမ်ထောင်ရေးသုခဆိုသည်မှာ အဘယ်နည်း စသည့်မေးခွန်းထုတ်စရာတွေ ဖြစ်လာတော့သည်။ ဆုတ်ယုတ်လာသည့် ခေတ်ကာလသည် အရာရာကို အဆိုးဘက်ကို ဦးတည်နေသည်။ သတိနှင့်ဆင်ခြင်၊ ဦးနှောက်နှင့် ဆုံးဖြတ်ချက်ချမှ တော်ရာကျပေတော့မည်။ ကျွန်တော့်အဖေ၊ အဘိုးအဘွားတွေလက်ထက်က ချစ်သူဘဝမှ အိမ်ထောင်သည်ဘဝသို့ ကူးပြောင်းရန် သုံးနှစ်၊ သုံးမိုး စောင့်ခဲ့ရသည်ဟု ဆိုဖူးသည်။ ထိုသုံးနှစ်တာကာလအတွင်း တစ်ဦးနှင့်တစ်ဦး သဘောထားချင်းကိုက်ညီမှု ရှိ၊ မရှိ အရင်ဆုံးအကဲခတ်ကြသည်။ တစ်ဦးအပေါ် တစ်ဦး တကယ့်မေတ္တာအစစ်အမှန်နှင့် ချစ်ခင်စုံမက်မှု ရှိ၊ မရှိ စသည့် အချက်အလက်တွေကို အပြန်အလှန်လေ့လာအကဲခတ်ခဲ့ကြသည်။ အထက်ဖော်ပြပါ အချက်များနှင့် ကိုက်ညီမှုရှိမှသာ နှစ်ဖက်မိဘတွေက ထိမ်းမြားမင်္ဂလာ ဆင်နွှဲကြသည်ဟု ဆိုဖူးသည်။

ယနေ့ခေတ်လူငယ် အများစုသည် ရှေးထုံးတွေကို နှလုံးမမူတော့။အခုမြင်၊ အခုကြိုက်၊ အခုလိုက် စနစ်ကိုသာ ကျင့်သုံးလာကြသည်။ ထိုစနစ်ဆိုး၊ အကျင့်ဆိုးကြီးကြောင့် တစ်စတစ်စ ဆင်းရဲနွမ်းပါးလာသည့် လူဦးရေသည် ဒီရေကဲ့သို့ တရိပ်ရိပ်တက်လာ၏။ နိုင်ငံအတွက် ကြွေလွင့်ပျက်စီးသွားသည့် သားကောင်းရတနာ၊ သမီးကောင်းတွေလည်း ဆုံးရှုံးခဲ့ရသည်။ မည်သည့်အကြောင်းကိစ္စကြီး၊ ငယ်ကိုမဆို ပြုမူဆောင်ရွက်မည်ဆိုလျှင် ကြိုတင်ပြင်ဆင်မှုရှိရမည်။ သို့မှသာ အဆင်ပြေချောမွေ့နိုင်မည်။ ဘဝနှင့်ရင်းရမည့် အိမ်ထောင်သည်ဘဝကို ကူးပြောင်းရန် ပို၍သာ ပြင်ဆင်သင့်သည်။ ‘အိမ်ထောင်ပြု ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး ဤသုံးမျိုးချက်မပိုင် နောင်အခါပြင်ရန်ခက်သည့်အမျိုး” စသည့် အဆိုအမိန့်များကိုလည်း လိုက်နာသင့်သည်။ ကျွန်တော်အပါအဝင် လူငယ်တိုင်းသည် မကြာတော့မည့်အချိန်ကာလ၌ အိမ်ထောင့်တာဝန်ကို ထမ်းဆောင်ရမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ မိမိအပေါ်တွင် ကျရောက်လာသော တာဝန်ကို ကျေပွန်စွာထမ်းဆောင်ဖို့ လိုအပ်ပေသည်။ ထိုအချိန်၊ ထိုကာလကို မရောက်မီပြင်ဆင်သင့်သည်။ မိမိ၌ အိမ်ထောင်ဦးစီးကောင်းတစ်ယောက်၏ အရည်အချင်း၊ အတွေးအခေါ် စသည့်အချက်အလက်အပြင် ငွေကြေးလုံလောက်မှုရှိပြီလား စသဖြင့် ဆင်ခြင်သင့်သည်။ မည်မျှပင် ချစ်ခင်စုံမက်ပါစေ ငွေကြေးမပြည့်စုံလျှင် အချည်းနှီးသာ။ မိမိ၏ မဆင်မခြင် တာဝန်မဲ့မှုကြောင့် နောင်တစ်ခေတ်တွင် ကျန်ရစ်မည့် ကိုယ့်ရင်သွေးငယ်များအထိ ထည့်တွက်သင့်သည်။ တစ်နေ့လုပ်၊ တစ်နေ့စားဘဝနှင့် မိမိရင်သွေး အများနှင့်တန်းတူ ဖြည့်ဆည်းပေးနိုင်ပါမည်လော။ ပညာကို ဆုံးခန်းတိုင်အောင် ဖြည့်စွက်ပေးနိုင်မည်လော စသဖြင့် ကြိုတွေးထားသင့်သည်။


ချစ်သူဘဝတုန်းက ရွှန်းရွှန်းဝေအောင် ပြောဆိုခဲ့သည့် နှုတ်ခမ်းနှစ်လွှာသည် ငြူစူစောင်းချိတ်မှုအဖြစ် အသွင်ပြောင်းလဲတတ်သည်။ မိမိကိုယ်တိုင်က ရှုန်းကန်နေပါလျက်လောက်ငမှုမရှိသည့် မိသားစုအတွက် စိတ်ညစ်စရာတွေဖြစ်လာမည်။ နောက်ဆုံးထွက်ပေါက်ရှာသည့်အဆင့်သို့ ရောက်လာမည်။ တဖြည်းဖြည်း စိတ်ဖြေရာအဖြစ် ခွက်ပုန်းသောက်တတ်လာသည်။ နောက်ပိုင်း ခေါင်းစဉ်အမျိုးမျိုးတပ်၍ ပေါ်တင်ဖြစ်လာတော့၏။ သာယာမှု၊ စိတ်ခံစားမှုသည် အခိုက်အတန့်တစ်ခုသာ။ ရေရှည်အတွက်အဆင်မပြေမှုတွေကို ဝါးမျိုရသည်။ ဆူညံမှု၊ အလိုမကျမှုတွေနှင့် ပြည့်နှက်နေသည့် အိမ်ထောင်ရေး အဘယ်သို့ ပျော်ရွှင်ဖွယ်ရှိပါမည်နည်း။ ချစ်စ၊ ခင်စ၊ ကြင်နာစက စကားလုံးမျိုးကို ကြားရဖို့ဆိုတာ ဝေးစွ။ မပြေလည်မှု၊ ကျပ်တည်းမှု စသည့် ဆင်းရဲမှုဒဏ်တွေက မိမိ၏ ရင်သွေးအား ရိုက်ခတ်စေနိုင်သည်။ စိတ်ဒဏ်ရာကိုဖြစ်ပေါ်စေသည်။ အပြင်ပိုင်း အရေပြားပေါ်ရှိ ဒဏ်ရာ၊ အနာတရသည် ဆေးကောင်းတစ်လက်နှင့် ကုသလျှင် ပျောက်ကင်းနိုင်၏။ စိတ်၌ဖြစ်တည်သောဒဏ်ရာသည် ကုသဖို့ရန် ခက်ခဲသည်။ ယုတ်စွအဆုံး မိမိရင်သွေး၏ မှတ်ဉာဏ်ကိုပါ ထိခိုက်စေနိုင်သည်။ မိမိ၏ အတွေးအခေါ်၊ အမြော်အမြင်ညံ့ဖျင်းမှုတွေကြောင့် နစ်နာဆုံးရှုံးမှုဟု ဆိုရမည်။

ယနေ့ခေတ် ကျွန်တော့်ရဲ့ ညီငယ်၊ ညီမငယ်များအနေဖြင့် သမီးရည်းစားချစ်သူဘဝမှာ မိမိ၏ ချစ်သူအပေါ် နှလုံးသားနှင့် ဦးနှောက် ရေချိန်ညီအောင် စဉ်းစားတတ်ဖို့ လိုအပ်သည့်အပြင် အချစ်သည် ထမင်းဆာတတ်သည်ကို သိရှိနားလည်ပြီး သာယာလှပသည့် မိသားစုဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆန္ဒပြုရင်း။ ။

ဝတ္ထုတို

# သိက္ခာပေါ်ပဲ လိပ်ပြာနားပါရစေ

■ အနော်မင်း



(၁)

မှေးမှိန်နေသော မီးလုံးကလေးအောက်တွင် နိုင်ဦးတို့ သားအဖနှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက်မကြည့်ဘဲ ခေါင်းကိုငုံ့ထားလျက် ငြိမ်သက်စွာထိုင်နေကြသည်။ ဖခင်က"အဟမ်း အဟမ်း" ဟု လည်ချောင်းရှင်းလိုက်သည်နှင့် နှစ်ယောက်သားတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

"သားရဲ့ယောက္ခမလောင်းကြီးနဲ့ ဖေဖေတွေ့ခဲ့ပြီ၊ သူ့သမီးကို သိန်းငါးဆယ်နဲ့ လာတောင်းပါတဲ့"

"သိန်းငါးဆယ်" နိုင်ဦးခေါင်းပူသွားသည်။ ချမ်းသာသူတွေအဖို့ သိန်းငါးဆယ်က မပြောပလောက်ပေမယ့် တို့သားအဖအတွက်တော့ မြင်းမိုရ်တောင်လည်းပမာ သမုဒ္ဒရာရေအလား။

နိုင်ဦး သူ့ဖခင်ကိုကြည့်လိုက်သည်။ ဖခင်ကို သနားသည်။ လူမှန်းသိတတ်စအရွယ် မိခင်ဆုံးပါးသွားကတည်းက ဖခင်လည်းသူ၊ မိခင်လည်းသူ ထိန်းသိမ်းစောင့်ရှောက်ကျွေးမွေးလာသည်။ ဖခင်တွင် သိန်းငါးဆယ်မရှိမှန်း နိုင်ဦး သိသည်။ တက္ကသိုလ်ဝင်တန်းအောင်ပြီး ပညာရေးကောလိပ်တက်ရောက်နေစဉ် ဖခင်ကပဲ နဖူးကချွေးခြေမထိကျအောင် ရှာပေးခဲ့ရသည်ကိုလည်း သိသည်။ ဖခင်မသိအောင် သက်ပြင်းတိုးတိုးလေးချလိုက်၏။

"နေပါစေတော့ ဖေဖေရယ်၊ သူ့သမီးကို သိန်းငါးဆယ်နဲ့ တင်တောင်းရမယ်ဆိုတော့ သားတို့မှာသိန်းငါးဆယ်မှ မရှိတာ၊ သား နှင်းကို လက်မထပ်တော့ဘူး ဖေဖေ"

ဖခင်စိတ်ချမ်းသာအောင်သာ ပြောရသည်။ တကယ်တော့ နှင်းကို နိုင်ဦးလက်ထပ်ချင်သည်။ဖခင်ကို ကြည့်လိုက်တော့ ဝမ်းနည်းသယောင်မျက်လုံးများနှင့် မျက်နှာပျက်နေသည်။

နိုင်ဦးသည် လေးကန်စွာထလိုက်ပြီး အိပ်ခန်းဝင်သွားခဲ့သည်။ သိန်းငါးဆယ်အကြောင်း စဉ်းစားမိတိုင်း နိုင်ဦး ဝမ်းနည်းမိသည်။ ညအိပ်ချိန်တွင်လည်း သိန်းငါးဆယ်၏နှိပ်စက်ဒဏ်ကြောင့် အိပ်မပျော်။အိပ်ပျော်သွားလျှင်လည်း သိန်းငါးဆယ်သည် နိုင်ဦးအိပ်မက်ထဲသို့ တံခါးမခေါက်ဘဲ ဝင်လာပြန်သည်။

(၂)

ဝမ်းနည်းသောမျက်လုံးများကို ဟန်ဆောင်ကာပြုံးရင်း ချစ်သူနှင်းထံ ထွက်လာခဲ့သည်။ နှင်းကို ဟန်ဆောင်ထား၍ မရခဲ့ပါ။ လူကဲခတ်ပါးသောနှင်းက နိုင်ဦး၏မှုမမှန်အပြုံးကို မြင်သည်။

"ကိုနိုင် သိန်းငါးဆယ်မရှိတာနဲ့ ကိုနိုင်နဲ့ နှင်း ဝေးရတော့မှာလား"

"အင်းပေါ့ နှင်းဖေဖေပြောတဲ့ သိန်းငါးဆယ် ကိုနိုင်မှ မရှာနိုင်ဘဲ"

"ကိုနိုင်နောက်လအလုပ်ဝင်ရတော့မှာမလား၊ အလုပ်ကြိုးစားပြီးစုလေ"

"နှင်းရယ် ကျောင်းဆရာလခကိုများ အထင်ကြီးလို့၊ နှင်းဖေဖေပြောတဲ့ သိန်းငါးဆယ်စုနိုင်ဖို့ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ"

နိုင်ဦး ခပ်တည်တည်ပြောလိုက်သည်။ မှန်သည်။ ကျောင်းဆရာလစာနဲ့စားပြီး ပိုတာစုရင်တောင် သိန်းငါးဆယ်ပြည့်ဖို့ လေးငါးနှစ်လောက်ကြာမည်။နှင်းတွေဝေသွားသည်။ နှင်း စဉ်းစားမိသည်။ "ကျူရှင်"ကိုနိုင်မသင်ချင်သည့် ကျူရှင်။ နှင်းမပြောလိုပေ။ သို့သော် သိန်းငါးဆယ်ရရန် တစ်ခုတည်းသောနည်းလမ်း။ နှင်းပြောဖို့ ဆုံးဖြတ်လိုက်သည်။

"ကိုနိုင်"

နှင်းကခေါ်လိုက်သည်နှင့် နိုင်ဦး နှင်း၏မျက်နှာလေးကို လှည့်ကြည့်လိုက်၏။

"ကိုနိုင် နှင်းကိုချစ်လားဟင်"

"ချစ်တာပေါ့ နှင်းရယ်၊ သိပ်ချစ်တယ်"

"ကိုနိုင့်ကို တစ်ခုပြောမယ်နော်၊ နှင်းကိုစိတ်မဆိုးနဲ့"

နိုင်ဦးခေါင်းညိတ်ပြလိုက်သည်။

"ကိုနိုင် ကျူရှင်သင်ပါလားဟင်၊ ကိုနိုင်မကြိုက်မှန်း နှင်းသိပါတယ်၊ ဒါပေမယ့် နှင်းနဲ့ ကိုနိုင်နီးဖို့ဆို ပိုက်ဆံလိုတယ်လေ"

နိုင်ဦး ခေါင်းငိုက်စိုက်ကျသွားသည်။ ငယ်ငယ်ကတည်းက ကျောင်းဆရာအလုပ်ကို ဝါသနာထုံသည်။ ထို့ကြောင့်လည်း ဆယ်တန်းအောင်ပြီး ပညာရေးကောလိပ်ကိုတက်ရောက်ရန် ရွေးချယ်လိုက်သည်။ ပညာရေးကောလိပ်တက်စဉ်က ဆရာလယ်တွင်းသားစောချစ်၏ "ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး"ဝတ္ထုထဲက ကျောင်းဆရာလေး ငြိမ်းချမ်းကို အားကျခဲ့သည်။ စိတ်ကူးနဲ့ဘဝ ကွာလှသည်။ နိုင်ဦး နှင်းကိုကြည့်လိုက်သည်။ နှင်းကလှသည်။ နုသည်။ မြင်သူတိုင်းက သဘောကျချင်ဖွယ်မျက်နှာလေးကို ပိုင်ဆိုင်ထားသည်။ ချစ်သူကိုလည်း လက်ထပ်ချင်သည်။ အားကျခဲ့သည့်ဆရာငြိမ်းချမ်းလိုလည်း ဖြစ်ချင်သည်။သိန်းငါးဆယ်က ဒိုင်းခနဲ စိတ်ထဲရောက်လာပြန်သည်။

"ကိုနိုင် ကြိုးစားပါ့မယ် နှင်းရယ်"

နှင်းစိတ်ချမ်းသာအောင်သာ ပြောလိုက်ရသည်။ စိတ်ထဲမှာ လေးလံနေဆဲ။

(၃)

အလုပ်ခန့်စာများကျလာသည့်အတွက် နိုင်ဦး ပျော်သည်။ ရွှေတောင်မြို့နယ်အတွင်းရှိ ရွာလေးတစ်ရွာတွင် တာဝန်ထမ်းဆောင်ရသည်။ ဧရာဝတီမြစ်နှင့် နီးသည်။ စာသင်ကျောင်းကိုရောက်ရန် တောင်ဆင်းတောင်တက်များလုပ်ရသည်။ ကျောင်းအုပ်ဆရာမကြီး၏ ခွင့်ပြုချက်နှင့် နေထိုင်ရန် အခန်းကျဉ်းလေးတစ်ခု ကျောင်းတွင်း၌ရသည်။ မူလတန်းကျောင်းဖြစ်သော်လည်း အနီးအနားရွာများက ကျောင်းသားများပါ လာရောက်တက်ရသည့်အတွက် ကျောင်းသားဦးရေများသည်။ ကျောင်းအပ်လက်ခံသည့်နေ့တွင် မိဘများက နိုင်ဦးအား သူတို့သားသမီးကို ဆုံးမရန် လက်ထဲအပ်ကြောင်း တရိုတသေပြောကြသည်။

"ဆရာလေးရယ် ကျွန်တော့်သားကို ဆရာလေး လက်ထဲအပ်ပါတယ်၊ မလိမ္မာတာရှိရင် ဆုံးမပါ၊ ရိုက်ပါနော်"

"ဆရာလေးကိုယုံကြည်ပါတယ်၊ သမီးလေး ပညာတတ်အောင် သင်ပေးပါနော် ဆရာ"စသည်ဖြင့် အမျိုးမျိုးပြောဆိုပြီး အပ်ကြလေသည်။ မိဘများနှင့်ဆုံတွေ့ရပြီး ဆရာလေးဟု အခေါ်ခံရခြင်းသည် နိုင်ဦးအဖို့ ဒီတစ်ခါ ပထမဆုံးဖြစ်သည်။ နိုင်ဦး ပီတိဖြစ်မိသည်။ သို့သော် "ကျူရှင်"သည် သူ့စိတ်ကို ဝါးမျိုလိုက်ပြန်သည်။ "ကျူရှင်လာတက်ဖို့ ဘယ်လိုစပြောရပါ့မလဲ"နိုင်ဦး စဉ်းစားရသည်။ "သိန်းငါးဆယ်"ကျောင်းသားမိဘများမသိအောင် စိတ်ထဲက ရေရွတ်လိုက်သည်။ ကျောင်းမဖွင့်ခင်ကြားနေ့များ၌ ကျူရှင်သင်ဖို့အကြောင်းတွေသာ နိုင်ဦးစဉ်းစားနေသည်။ နှင်းနှင့်နီးစပ်ချင်သည် မဟုတ်ပါလား။

(၄)

ကျောင်းအုပ်ဆရာမကြီးက နိုင်ဦးကို တတိယတန်းသင်စေသည်။ ကျောင်းစဖွင့်ချိန်တွင် နိုင်ဦး အလွန်ပျော်သည်။ ကျောင်းတက်ခေါင်းလောင်းသံသည် ရင်ခုန်သံကို မြန်စေသည်။ သူဝါသနာထုံသည့်အလုပ်ကို လုပ်ရတော့မည်။ ကလေးတွေကို ချစ်သည်။

"ဆရာလေး သားကိုစာအုပ်ပေး ယူသွားတော့မယ်နော်"

"အေးအေး ကလေး"

နိုင်ဦး ပီတိဖြစ်မိသည်။ မိမိသည် ကလေးများလေးစားသည့် ကျောင်းဆရာဖြစ်နေသောကြောင့် ဝမ်းသာမိပြန်သည်။ စာသင်ကျောင်းလေး၌ နံနက် စာမသင်ခင် ဘုရားရှိခိုးရသည်။ ဘုရားရှိခိုးပြီး အမျှဝေသည့်အခါ၌ နိုင်ဦး အံ့သြသွားသည်။

"ယခုပြုရ ကုသိုလ်အဖို့ကို ဆရာ ဆရာမများ၊ ရုံးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား ကျောင်းသူများ၏ မိသားစုဝင်များကို အမျှအမျှ ပေးဝေပါ၏။ ကွယ်လွန်ပြီးဖြစ်သော ဆရာလေးတင့်နိုင်အားလည်း အမျှအမျှ ပေးဝေပါ၏။ သာဓု သာဓု သာဓု"

နိုင်ဦးပါ ဝမ်းမြောက်စွာ သာဓုသုံးကြိမ် ခေါ်လိုက်သည်။

"ဆရာလေးတင့်နိုင်က ဘယ်သူလဲ" နိုင်ဦး သိချင်သည်။ ကွယ်လွန်သွားရှာပြီဟုလည်း ပြောသည်။ ကွယ်လွန်သွားသည့်ဆရာကို နာမည်တပ်ပြီးအမျှဝေသည်။ နိုင်ဦး စဉ်းစားရင်း ကျောင်းအုပ်ဆရာမကြီးကို မေးကြည့်ရင် ကောင်းမည်ဟု ဆုံးဖြတ်လိုက်သည်။

(၅)

"မင်္ဂလာပါ ဆရာလေး"

"မင်္ဂလာပါ ဆရာလေး"

လမ်းလျှောက်သွားသောကလေးများက လက်အုပ်ချီပြီး နှုတ်ဆက်သွားကြသည်။ စာသင်ခန်းထဲဝင်လိုက်သည်။

"မင်္ဂလာပါ ဆရာလေး"

တစ်တန်းလုံးက ပြိုင်တူနှုတ်ဆက်ကြသည်။ နိုင်ဦး အတိုင်းမသိ ဝမ်းသာသည်။ "မင်္ဂလာပါ"ပြိုင်တူနှုတ်ဆက်သံကြောင့် "ကျူရှင်၊ သိန်းငါးဆယ်"ကို မေ့သွားသည်။ ကလေးများနှင့် ပျော်ပျော်ရွှင်ရွှင်စာသင်ပြီး အတန်းပြီးနှုတ်ဆက်ကာမှ "ကျူရှင်"ကို သတိရသည်။ "နောက်တစ်နေ့မှ ပြောပါတော့မယ်လေ"ဟု ဆုံးဖြတ်ကာ ကျောင်းအုပ်ဆရာမကြီးရုံးခန်းသို့ ဝင်လိုက်သည်။ ဆရာလေးတင့်နိုင်အကြောင်း နိုင်ဦး သိချင်သည်။

"ဆရာမကြီး မနက်က ဘုရားရှိခိုးအမျှဝေတော့ ဆရာလေးတင့်နိုင်ဆိုတာ ကြားမိတယ်ဗျ ဘယ်သူလဲ မသိဘူး"

"ဟုတ်သားပဲ ဆရာလေးနိုင်ဦးက ခုမှရောက်လာတော့ ဆရာလေးတင့်နိုင်အကြောင်း ဘယ်သိပါ့ဦးမလဲ လာထိုင်ကွယ် ဆရာမကြီးနဲ့ အေးအေးဆေးဆေး စကားပြောရအောင်" နိုင်ဦး စားပွဲရှေ့ကထိုင်ခုံပေါ် ထိုင်လိုက်သည်။

"ဆရာလေး တင့်နိုင်အကြောင်း ပြောပါဦး ဆရာမကြီး" ကျောင်းအုပ်ဆရာမကြီး မျက်နှာမကောင်း၊ ဝမ်းနည်းသလိုဖြစ်သွားသည်။

"ဆရာလေးတင့်နိုင်ဆိုတာ ဆရာလေးမရောက်ခင် မနှစ်ကပဲဆုံးသွားတာ၊ သူ့ကိုကျောင်းသားတွေက သိပ်ချစ်တာ နောက်ပြီးသူကြိုးစားလို့ ဒီကျောင်းသစ်ကလေးကို ခုလိုဆောက်နိုင်တာ"

"ဗျာ ဒါဆို သူကဒီကျောင်းသစ်လေးရဲ့ အလှူရှင်ပေါ့"

"မဟုတ်ဘူးဆရာလေး ကျောင်းသစ်လေးဆောက်ဖို့ ငွေလိုတော့ သူကိုယ်တိုင် အနီးနားကရွာတွေကိုလိုက်ပြီး အလှူခံတယ်၊ ကံကဆိုးပါတယ်၊ ဟိုဘက်ရွာကအလှူခံပြီး အပြန်လမ်းမှာ ပိုးထိပြီးဆုံးသွားတယ်"

ကျောင်းအုပ်ဆရာမကြီးက ဝမ်းနည်းသံနှင့် ပြောရင်း မျက်ရည်ကျလာသည်။ နိုင်ဦး ဝမ်းနည်းမိသည်။

"ဆရာလေး တင့်နိုင်ကို ကျောင်းသားတွေနဲ့ ကျောင်းသားမိဘတွေက သိပ်ချစ်တာ မြို့ကျောင်းတက်နေတဲ့ သူ့တပည့်တွေကိုလည်း ညဘက်အင်္ဂလိပ်စာ သင်ပေးသေးတယ်၊ ကျူရှင်လခပေးတာတောင် သူမယူဘူး၊ ကလေးတွေ ပညာတတ်ရင် သူပျော်ပါတယ်တဲ့၊ သူဆုံးသွားတော့ တစ်ကျောင်းလုံးငိုလိုက်တာ သူ့ကိုသင်္ဂြိုဟ်တဲ့နေ့ အနီးနားရွာတွေက ကျောင်းသားမိဘတွေပါလာကြတာ၊ ဆရာမကြီး တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှမမြင်ဖူးတဲ့ အသုဘပါပဲ ဆရာလေးရယ်၊ အဲ့နောက်ပိုင်း ဘုရားရှိခိုးပြီး အမျှဝေရင် သူ့တပည့်တွေက ဆရာလေးတင့်နိုင်ကိုပါထည့်ပြီး အမျှဝေတော့တာပါပဲ"

ဆရာမကြီးပြောပြနေသည်ကိုကြားတော့ နိုင်ဦး ဝမ်းနည်းမိသည်။ မိမိအဖြစ်ကိုမိမိသိပြီး ရှက်မိသည်။ ဆရာလေးတင့်နိုင်ကို အားကျမိသည်။ စိတ်မကောင်းဖြစ်ကာ မျက်ရည်များပါကျလာသည်။

"ဆရာမကြီး ကျွန်တော့်ကို ခွင့်ပြုပါဦး"

ကျောင်းအုပ်ဆရာမကြီးကိုနှုတ်ဆက်ပြီး ရုံးခန်းထဲက ထွက်လာခဲ့သည်။ ဆရာလေးတင့်နိုင် အလှူခံရငွေနှင့် ဆောက်ထားသော ကျောင်းဆောင်သစ်ကလေးကို ကြည့်လိုက်သည်။

"ဆရာလေးတင့်နိုင် ရောက်ရာအရပ်က သာဓုခေါ်ပါဗျာ သာဓု သာဓု သာဓု"ဟုရေရွတ်လိုက်သည်။

(၆)

ညနေကျောင်းဆင်းချိန် နိုင်ဦးသည် ဧရာဝတီမြစ်ကမ်းပါးကို လမ်းလျှောက်ထွက်လာခဲ့သည်။ သိန်းငါးဆယ်၊ ချစ်သူနှင်း၊ ဆရာလေးငြိမ်းချမ်း၊ ယခု ဆရာလေး တင့်နိုင်၊ စိတ်ထဲထွေပြားနေသည်။ ဧရာဝတီမြစ်ရေပြင်ကျယ်ကြီးကို ကြည့်လိုက်သည်။ "ဟင်းခနဲ" သက်ပြင်းချလိုက်သည်။ "သိန်းငါးဆယ်၊ သိန်းငါးဆယ်" ရေရွတ်လိုက်သည်။

"တောင်းပန်ပါတယ် နှင်း၊ နှင်းကိုချစ်ပါတယ် ဒါပေမယ့် ကိုနိုင် သိန်းငါးဆယ်မရှာတော့ပါဘူး၊ ကိုနိုင် ကျောင်းဆရာဘဝကို မြတ်နိုးတယ်၊ ဆရာငြိမ်းချမ်းနဲ့ ဆရာလေးတင့်နိုင်ကို အားကျတယ်၊ ကလေးတွေကို ချစ်တယ်၊ မွန်မြတ်တဲ့ မနုဿဥယျာဉ်မှူးဘဝလေးထဲမှာ နေပါတော့မယ်၊ ကလေးတွေရဲ့အပြုံးက သိန်းငါးဆယ်ထက် ပိုတန်ပါတယ်နှင်းရယ်၊ ရိက္ခာနှင့် သိက္ခာဆို ကိုနိုင့်လိပ်ပြာ သိက္ခာပေါ်ပဲ နားပါရစေ"လို့ ဧရာဝတီမြစ်ရေပြင်ကိုကြည့်ရင်း စိတ်ထဲက တိုးတိုးလေးရေရွတ်လိုက်သည်။ မြစ်ပြင်ထက်၌ ငှက်ကလေးတစ်ကောင်တည်း ပျံသန်းလျက်၊ ဧရာဝတီမြစ်ပြင်၌ လှိုင်းခေါင်းဖြူများဖွေးလျက်၊ နိုင်ဦး ပါးပြင်မှာလည်း မျက်ရည်များဖွေးလျက် ရှိနေသည်။ ။

# (၇၁)နှစ်မြောက် အာဇာနည်နေ့အတွက် ရေးဖွဲ့သော မျိုးဆက်သစ်လူငယ်ကလောင်ရှင်များ၏ ကဗျာများ

## ၁၉ ဇူလိုင် မမေ့နိုင်

မိုးလေးဖွဲ့ဖွဲ့ ကျလို့လာ
ဇူလိုင်ဆယ့်ကိုးမှာ။
ဆွေးနွေးဖြေရှာ ညှိနှိုင်းထား
ဗိုလ်အောင်ဆန်းနဲ့ ဇာနည်များ။
အာဏာရူးများ ရောက်လို့လာ
လုပ်ကြံပစ်ခတ်တာ။
ကိုးဇာနည်မှာ ကြွေလွင့်သွား
ဝမ်းနည်းပူဆွေး သောကများ။
မျက်ရည်မိုးများ စွေခဲ့ပေ
ဆယ့်ကိုးဇူလိုင်လေ။
ငါတို့တစ်တွေ မမေ့ကြ
လွမ်းဆွတ်တမ်းတ သတိရ။
လွတ်လပ်ရဖို့ ကြိုးပမ်းကာ
ပေးဆပ်သွားရှာ။
ဇူလိုင်ဆယ့်ကိုးမှာ မေ့မထား
ဦးညွှတ်လေးစား ကန်တော့သွား။

မြို့သာမောင်ညိုချော

## ငါတို့ အာဇာနည်

ဆယ့်ကိုးဇူလိုင် မမေ့နိုင်
ပန်းကိုးပွင့်မြိုင်မြိုင်။
ယခုတိုင်အောင် ဘယ်မညှိုး
ငါတို့ဇာနည်မျိုး။
အဖြစ်ဆိုးတဲ့ သမိုင်းမှာ
တွေးတိုင်းမျက်ရည်ပါ။
တာဝန်ကျေပွန် အသက်ပေး
ပြည်သူချစ်တဲ့သွေး။
လွတ်လပ်ရေးရဲ့ ကျေးဇူးရှင်
လေးစား ဂုဏ်မြင့်တင်။
မြန်ပြည်တစ်ခွင် တန်ဖိုးထား
အလေးပြုစို့လား။

ရိုးတံ(ပုလဲနယ်)

## ဆယ့်ကိုးဇူလိုင် မမေ့နိုင်

မြန်ပြည်ခွင် ကောင်းဖို့ရည်
တွဲလက်ညီ ခေါင်းဆောင်များ။
သက်စွန့်ကာ လွန်ကြိုးပမ်း
ထမ်းရွက်လို့သွား။
ဇာနည်နွယ် မြတ်စိတ်ထား
နောင်းလူများ တုယူလေ။
သမိုင်းတည် ဂုဏ်ကျေးဇူး
ထူးတဲ့သူတွေ။
ဖြစ်ဆိုးရှာ ခန္ဓာကြွေ
လွမ်းရိပ်ဝေ ဒီဇူလိုင်။
ဆယ့်ကိုးမှာ စိတ်ဝယ်ညှိုး
ရိုကျိုး မမေ့နိုင်။

ဇော်မိုးသူ(နတ္တလင်း)

## ဆုတောင်း

တစ်ဆယ့်ကိုးရက် လဇူလိုင်
ငါတို့မျက်ရည်ဖြိုင်
ကိုးပွင့်ပန်းခိုင် မြေပေါ်ခြ
ငါတို့မမေ့စွ။
ယုတ်မာကြမ်းရှ စောဂျွန်
မိုက်စွရိုန်အဟုန်
ပေါင်းပါစုံစုံ လုပ်ကြံကြ
ဂျူပလီခန်းမ။
ရဲရင့်တောက်ပ မှာတမ်းခြွေ
ဖခင်ဗိုလ်ချုပ်ပေ
သမိုင်းမှာလေ မော်ကွန်းထိုး
ပြည်ချစ်တဲ့မျိုးရိုး။
ဇူလိုင်မိုးတို့ ရွာပြန်ပြီ
တောင်းဆုချင်ပါသည်
ကိုးဦးဇာနည် မှန်စွာဘိ
လားစေသုဂတိ။

ခွန်စိုးလှိုင်(သထုံ)

## ကျေးဇူးဂုဏ်ရည် ဆပ်ကြမည်

အာဇာနည်နေ့ နီးလာပြီ
မမေ့ကြဖို့ရည်။
ကိုးဦးဇာနည် သက်ပေးဆပ်
တို့တွက်နေ့ထူးမြတ်။
ရင်မှာတွေးမှတ် ကျေးဇူးဂုဏ်
ဦးညွှတ်ကြပါကုန်။
သွေးချင်းစုံစုံ ညီညွတ်မှု
ဗိုလ်ချုပ်ဆန္ဒစု။
တို့များလေးပြု လိုက်နာကာ
ကျေးဇူးဆပ်ကြပါ။
မြန်မာ့ပြည်ရွာ လွတ်လပ်ရေး
ဇာနည်တို့ရဲ့သွေး။
ထိန်းသိမ်းကြစို့လေး။

သူရိန်လင်း(မြန်မာစာ)

## အာဇာနည်နေ့ တို့မမေ့

သည်ကနေ့ထိ မမေ့နိုင်
ဆယ့်ကိုးရက် ဇူလိုင်။
နလုံးသည်းစိုင် ကြွေပျက်သုန်း
အားလုံးငိုမဆုံး။
အတွင်းဝန်ရုံး ခန်းမမှာ
သွေးစက်ဝေလို့ဖြာ။
မသမာသူ လူမိုက်များ
ပစ်ခတ်သေနတ်ကြား။
အမြဲလေးပြု လေးစားနေ
သူတို့စိတ်ထားတွေ။
တို့ပြည်သူတွေ မြဲမမေ့
အာဇာနည် ထိုနေ့။

လင်းရောင်ရှင်(အဖောင်)

## ပြည်ချစ်ပန်းများသို့

မရှင်ပါ ရွှေအသည်းရယ်က
ဘဝင်မှာ ဝေမခွဲနိုင်ဘု
ကွဲအက်လို့ အလွန်နာ။
တန်ခိုးဖြာညီ
ကိုးဇာနည် ပန်းပွင့်များရဲ့
ကြိုးစားမှု အဖုံဖုံသည်
အာရုံတွင် စွဲထင်မှတ်လျက်
မပြုတ်ဘယ်ခါ။
နှစ်လတွေ ရှည်ကြာရွေ့လည်း
ဖြစ်သမျှလေ သွေကာမမေ့နိုင်ဘု
ဆွေးမြည့်မြည့် ရင်တွင်းမှာ
နွမ်းလျှစွာ တမ်းတ။
တစ်သက်တွင်
မပျက်အစဉ် မျှော်ရည်မှန်းပါလို့
မိုးစက်ဖျန်းသည့် လဇူလိုင်မှာ
ကိုးပွင့်ခိုင် ပြည်ချစ်ပန်းတို့အား
(အိုကွယ် -----)
လွမ်းလျက်နေကြ ။ ။

စိုင်းနေဝန်း

## မမေ့အပ်ပေ အာဇာနည်တွေ

အများအကျိုး သယ်ပိုးသူ
ခေါင်းဆောင်ကောင်းကြသူ။
ကိုယ်ကျိုးမယူ စွန့်စွန့်စား
တိုင်းပြည်အတွက်အား။
စုပေါင်းအားနှင့် ကြိုးစားသည်
နိုင်ငံ့အတွက်ရည်။
တိုင်းပြည်အတွက် အသက်ပေး
တိုင်းပြည်လွတ်လပ်ရေး။
အသက်ဘေးကို မမှုပေ
နစ်နာခံတတ်ပေ။
တို့တွေအတွက် ရင်ဆိုင်သွား
ကျန်ခဲ့သမိုင်းများ။
လေးစားထိုက်သူ အာဇာနည်
တို့များဦးညွှတ်မည်။
အာဇာနည်တွေ မမေ့အပ်
ဆယ့်ကိုးဇူလိုင်မှတ်။

ရွှေမန်း(ပညာရေး)

## ဇူလိုင်

မိုးနဲ့အပြိုင် မျက်ရည်ဖြိုင်
တစ်ချိန်က ဇူလိုင်။
အခုတိုင်လည်း ဘယ်မမေ့
မုန်တိုင်းထန်တဲ့နေ့။
နေ့ရှိသရွေ့ နမြောတယ်
အာဇာနည်များရယ်။
မြန်ပြည်တွက်ကွယ် အသက်ပေး
ဇူလိုင်ငိုချင်းတေး။

မြင့်စည်သူမြိုင်

## သင်ခန်းစာ ၁၉

ပြည်သူရဲ့ အသည်းမြွှာ
ညင်သာစွာ ကိုင်လှုပ်။
အောင်ဆန်းဆို ကမ္ဘာသိတယ်
သူ၏ဂုဏ်ပုဒ်။
မုန်ကင်းတွေ နှံ့နစ်တော့
ကျွန်ဖြစ်ပေါ့ မြန်မာပြည်
နှစ်ပေါင်းကြာရှည်၊
ဘာမထီ
ဇာနည်တွေ ဆင်နွှဲ။
ရိုး၊ ဖြောင့်၊ တည် နလုံးသားနဲ့
ကြံ့ဝါးကာ ဦးမညွှတ်တော့
လွတ်လပ်အောင်ပွဲ။
မြန်မာပြည် သမိုင်းဇာတ်
အရိုင်းပျက် ပေါ်ကြွယ်၊
များစုံညီ တစ်လီက
မညီကြ ရက်ဖွယ်၊
ပြည်ချစ်ပန်း ကိုးပွင့်ကြွယ်
ဆိုးနင့်ဖွယ် ကြွေလွင့်။
မှတ်သားစရာ
ဆက်ပွားကာ ထိုအရေးလို
ကိုယ့်သွေးကို ကိုယ်ပြန်သောက်ဖို့
နောက်နောင်မသင့်။ ။

မောင်လင်းလတ်(ရွှေဆေးမြေ)

## အာဇာနည်(၉)ဦး

ပြည့်မညှိုးပန်း ကိုအောင်ဆန်း
တိုင်းပြည်လွတ်လမ်း ရှာပါစေ…
နလုံးဖြူစွ သခင်မြ
ငွေကာဝဝ ရေးပါစေ…
တောင်တန်းထက်ဝန်း စဝ်စံထွန်း
စိုက်ခင်းတလင်း လုပ်ပါစေ…
ကရင့်မဏ္ဍိုင် မန်းဘခိုင်
စက်မှုပိုင်နိုင် ကျွမ်းပါစေ…
ထောက်ကူးဝန်မင်း ဦးဘဝင်း
ဥပဒေမျဉ်း ဆွဲပါစေ…
ဥပဒေမှတ် ဦးရာဇတ်
ပညာဂုဏ်မြတ် မြှင့်ပါစေ…
ပြန်ကြားဝန်ဆို ဦးဘချို
ဂီတသံဖို တည်းဖြတ်စေ…
အတွင်းဝန်ဆောင် ဦးအုန်းမောင်
လမ်းတွေကောင်းအောင် ပြုပါစေ…
ရဲဘော်ကိုထွေး လူငယ်လေး
အသက်ကိုပေး စောင့်ပါစေ…

နောင်ရိုးနွယ်(မုံရွာ)

## အာဇာနည်မြတ်
## မမေ့အပ်

နယ်ချဲ့လက်အောက်
လွတ်မြောက်အောင်
ကြိုးစားလို့စွမ်းဆောင်။
သတ္တိဂုဏ်ပြောင် အံ့မခန်း
ဗိုလ်ချုပ် "ဦးအောင်ဆန်း"။
စွမ်းဆောင်ကြိုးပမ်း ချီတက်ရာ
"ဦးဘဝင်း"လည်းပါ။
စိတ်ဓာတ်အရာ ကြံ့ခိုင်လွန်း
စော်ဘွား "စဝ်စံထွန်း"။
တိုင်းပြည်နစ်မွန်း မမြင်လို
ဒီးဒုတ် "ဦးဘချို"
ငြိမ်းချမ်းရေးကို မြတ်နိုးလှ
ဖော်ဆောင် "သခင်မြ"။
သွေးစွန်းခဲ့ရ သမိုင်းမှာ
"ဦးရာဇတ်"လည်းပါ။
တာဝန်ပေါ်မှာ ဘယ်မည်သည်း
"ဦးအုန်းမောင်"ဝန်ကြီး။
ဖြောင့်မတ်လွန်းပြီး ဌမယိုင်
ဖထီး "မန်းဘခိုင်"။
သစ္စာမဏ္ဍိုင် သွေးနဲ့ရေး
"ရဲဘော်ကိုထွေး"လေး။
တို့လွတ်လပ်ရေး သမိုင်းနယ်
လေးစားအားကျဖွယ်။
မမေ့အပ်ကွယ် ဂုဏ်တင့်ထူး
"အာဇာနည် ကိုးဦး"။

ချစ်ညီ(ဘဝရသ)

## ပေါင်းစုညီလေ့
## အာဇာနည်နေ့

ကြယ်ကိုးပွင့် နိဂုံး
၁၉ ဇူလိုင် မမေ့မုန်း
တို့ပြည်အမှောင်ဖုံး။
အဲဒီနေ့သေနတ်သံ
ကမ္ဘာတည်အထိ စွဲထင်ကျန်
မြန်မာပြည်ကြီး မှန်။
အသက်နဲ့ မြေမြှောက်
သွေးရေလောင်းခဲ့ ပင်စည်အောက်
မမှုရင်ကော့လျှောက်။
ချစ်ကြည်ဖြူပေါင်းစု
အာဇာနည်နေ့ မမေ့ပြု
နေမြဲအလေးပြု ။ ။

ဟိဏ်းဦးဆည်(တန့်ဆည်မြေ)

# မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်၊ မစိုးရိမ်တိုက်သစ်

## စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်းစီမံကိန်း

စာအောင်သံဃာတော်အရှင်သူမြတ်တို့အား (ဘဏ်တိုး)ဖြင့်

(နှစ်စဉ်)စာအောင်ဆုလှူဒါန်းနိုင်ရန်

**စာအောင်ဆု ထာဝရ ငွေပဒေသာပင် ကျပ်သိန်း(၁)သောင်းစီမံကိန်းကို**

**စတင်အကောင်အထည်ဖော်လျက်ရှိပါသည်**

သို့ဖြစ်ရာ အလှူရှင်များအနေဖြင့် ကျပ်(၁)သိန်းနှင့် ကျပ်(၁)သိန်းအထက် စာအောင်ဆု ထာဝရငွေပဒေသာပင်များကို အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်၍ စိုက်ထူလှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

(၁) နာယကဆရာတော်များ ဖုန်း -၀၉-၂၀၀၆၂၅(-၄-၃)

(၂) ဦးလှအောင် (ဂေါပက) ဖုန်း-၀၉-၂၀၀၃၂၂၉ အလှူရှင်များ၏ လှူဒါန်းငွေများကို (လစဉ်အလိုက်) သတင်းစာများမှ ဖော်ပြပေးသွားပါမည်။

**ဖွင့်လအလှူရှင်စာရင်း**

| | | | |
|---|---|---|---|
| ၁ | ဦးအိုက်ရီ-ဒေါ်မေမွန်မောင် သမီး မဝန်းရံခ၊ မလင်းလတ်အုံမိသားစု | မန္တလေးမြို့ | 10000000 |
| ၂ | ဦးသန်းအောင်-ဒေါ်ခမ်းပေါင်းဦးဆောင်သောမိတ်ဆွေ ကျောက်စိမ်းကုန်သည်များ | မန္တလေးမြို့ | 9000000 |
| ၃ | ဦးမောင်ကြီး အလှူတော်ရန်ပုံငွေ ဂေါပကအဖွဲ့ | ရန်ကုန်မြို့ | 3000000 |
| ၄ | ဦးအောင်မျိုး-ဒေါ်ခိုင်သီတာဦး သမီး မချစ်ဆုသွယ်မိသားစု | နေပြည်တော်၊ ပျဉ်းမနားမြို့ | 1400000 |
| ၅ | ဦးမောင်ကို-သီရိသုဓမ္မသီဂီဒေါ်ရွှေဥ ထာဝရကုမ္ပဏီနှင့် ရွှေဥသြရွှေဆိုင် မိသားစု | မန္တလေးမြို့ | 1000000 |
| ၆ | နှစ်ဖက်မိဘများအား ရည်စူး၍ ဦးဟန်စိုး-ဒေါ်အေးအေး မိသားစု | ၃၆+၃၇လမ်းကြား၊ ၇၉လမ်း၊ မျက်ပါးရပ်၊ မန္တလေးမြို့ | 1000000 |
| ၇ | နှစ်ဖက်မိဘများအား အမျှထား၍ ဦးကျော်ကျော်ဇင်-ဒေါ်ခင်ခင်ချောလွင်သမီး မအိမ့်မြတ်ချယ်ကျော်ဇင်၊ သားမောင်အောင်ဘုန်းခန့်ကျော်ဇင် မိသားစု | မန္တလေးမြို့ | 500000 |
| ၈ | စန်းနေရောင်ပုံနှိပ်တိုက် | အမှတ်(၁၅၄)၊ (၁၉)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ | 500000 |
| ၉ | ကိုအောင်ထွန်းစက်ပစ္စည်းဆိုင် | ကျိုက်ထိုမြို့ | 300000 |
| ၁၀ | ဦးကျင်မောင်-ဒေါ်ခင်ကြည် သမီး မချိုချိုမာ မြရတနာကျောက်ဆိုင် | အမှတ်(၁၄)၊ ရှုခင်းသာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ | 300000 |
| ၁၁ | ကွယ်လွန်သူ ဖခင်ကြီး ဦးစိန်ထွန်းအား ရည်စူး၍ ကျန်ရစ်သူ မိသားစု | အကွက်(၃၅၀)၊ စိန်ပန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ | 200000 |
| ၁၂ | ဒေါက်တာမင်းသိန်း-ဒေါ်ဝင်းဝင်းနွယ် သားမောင်ဇွဲဝေယံဦး မိသားစု | ရန်ကုန်မြို့ | 200000 |
| ၁၃ | ကွယ်လွန်သူ မိဘနှစ်ပါးနှင့် ခင်ပွန်းအားရည်စူး၍ ဒေါ်အေးအေးမြင့် မိသားစု | အမှတ်(၇)၊ ၆လွှာ၊ နွယ်သာကီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ | 200000 |
| ၁၄ | ဦးအောင်ဆန်းဝင်း-ဒေါ်မြင့်အေး သားသမီးများ မောင်နေလင်းအောင်-မလှဲ့လှဲ့ဝင်း၊ မောင်ချမ်းငြိမ်းရွှေ-မဇင်ဇင်ဝင်းမိသားစု | မင်းဘူးမြို့ | 200000 |
| ၁၅ | ကွယ်လွန်သူ မိဘနှစ်ပါးနှင့် ဦးငွေးဝင်းတို့အား ရည်စူး၍ ဒေါ်သန်းသန်းစိုး မိသားစု | ကျိုက်ထိုမြို့ | 200000 |
| ၁၆ | ဦးမောင်လွင်-ဒေါ်အေးစွမ်း သားမောင်ရဲမင်းခန့် မိသားစု | မာလကာခြံရပ်၊ မန္တလေးမြို့ | 200000 |
| ၁၇ | ကွယ်လွန်သူ ဖခင်ဦးစံမြင့်အား ရည်စူး၍ သမီးမဝေဖြိုး | တွံတေးမြို့နယ် | 200000 |
| ၁၈ | ကွယ်လွန်သူ မိခင်ကြီး ဒေါ်ခလှ(ခ)ဒေါ်အေးလှအား ရည်စူး၍ ကျန်ရစ်သူ သားသမီးမြေးမြစ်တစ်စု | အမှတ်(၁၈)၊ (၇)လွှာ၊ ခ-ရတနာပုံလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ | 150000 |
| ၁၉ | ဦးဝင်းနိုင်အား ရည်စူး၍ မမွေးမွေး မိသားစု | မဟာအောင်မြေမြို့နယ်၊ (ချမ်း/မြောက်)၊ မန္တလေးမြို့ | 110000 |
| ၂၀ | မိဘနှစ်ပါးဖြစ်သော ဦးပုအိုင်-ဒေါ်မေပု၊ ဇနီးဒေါ်မြင့်မြင့်၊ ညီမ ဒေါ်ယဉ်လု၊ သားကြီးမောင်ဇော်ဝင်းတို့အား ရည်စူး၍ ဦးစစ်တင်နှင့် သားသမီးမြေးတစ်စု | | 110000 |
| ၂၁ | ဦးအောင်ပို-ဒေါ်စိုးစိုးလွင် သမီး မခိုင်သီရိပိုပို၊ သားမောင်စည်သူအောင် မိသားစု | အမှတ်(၁၀၀)၊ (၇)လွှာ၊ (၁၂)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၂ | ကွယ်လွန်သူ မိဘနှစ်ပါးအားရည်စူး၍ ဒေါ်နွယ်နွယ်စန်း(တရားလွှတ်တော်ရှေ့နေ) | မန္တလေးမြို့ | 100000 |
| ၂၃ | ဦးမြသန်း-ဒေါ်ခင်သက်ဝင်း မိသားစု | ပလိပ်မြို့ | 100000 |
| ၂၄ | ဦးလေးမောင်-ဒေါ်ဗျား မိသားစု | နတ်နန်းရွာ၊ ဝက်လက်မြို့နယ် | 100000 |
| ၂၅ | ဦးမြမောင်-ဒေါ်ခင်ခင်မြင့် ငွေပင်နန်းခြည်ထည်ပိုးထည်နှင့် အိမ်သုံးပစ္စည်းရောင်းဝယ်ရေး မိသားစု | အမှတ်(၃)ရပ်ကွက်၊ နွားထိုးကြီးမြို့။ | 100000 |
| ၂၆ | ဒေါ်ခင်မာရီ အသက်(၇၆)နှစ်ပြည့်နှင့် သားသမီးမြေးများ | အကွက်(၃၅၀)၊ စိန်ပန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ | 100000 |
| ၂၇ | ဦးညီညီထွေး-ဒေါ်စုစုလင်း သားကြီး မောင်ဘုန်းစစ်မင်း၊ သားငယ်မောင်တင်အောင်ခန့်မိသားစု | အမှတ်(၁၀၂)၊ (၁၂)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၈ | ကွယ်လွန်သူ ဒေါ်ဝင်းဝင်းမြင့် (ချမ်းမြသာစည်မြို့နယ်၊ တိုင်းရင်းဆေးကုဌာန)အား ရည်စူး၍ခင်ပွန်းဖြစ်သူ ဦးနီတွက်မိသားစု | အကွက်(၈၄၇)၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ | 100000 |
| ၂၉ | ဦးကျော်ဆင့်-(ဒေါ်စိန်ရီ)တို့အား အမျှထား၍ ဒေါ်မြမြဆင့် မိသားစု | ရန်ကုန်မြို့ | 100000 |
| ၃၀ | ဦးလှမင်း-ဒေါ်မြမြသန်း မိသားစု ပါရမီစတိုး | ကျိုက်ထိုမြို့ | 100000 |
| ၃၁ | ဦးစိုးမြတ်-ဒေါ်ခင်နွဲ့ မိသားစု အောင်ရတနာ ကြေးဘုရားပန်းပုနိဗ္ဗာန်ကုန်သည်လုပ်ငန်း | မန္တလေးမြို့ | 100000 |
| ၃၂ | ကွယ်လွန်သွားကြပြီဖြစ်သော နှစ်ဖက်မိဘများနှင့် ဆွေမျိုးသားချင်းများအား ရည်စူး၍ ဦးမြင့်ဦး-ဒေါ်တင်တင်ဝင်း မိသားစု(မွေးနေ့အလှူ) | တိုက်(၃၈/၁၀၂)၊ ယုဇနဥယျာဉ်မြို့တော်အပိုင်း(၂)၊ ရန်ကုန်မြို့ | 100000 |
| ၃၃ | ဦးဉာဏဒဿန | အိန္ဒိယနိုင်ငံ | 100000 |
| ၃၄ | ကွယ်လွန်သူ ဖခင်ကြီး ဦးရာဟုံ-မိခင်ကြီးဒေါ်ခင်တုတ်တို့အား ရည်စူး၍ သမီးဒေါ်ခင်လိုင်၊ မြစ် မသဲစုသဇင်(မွေးနေ့အလှူ) | အမှတ်(၂၃)၊ သမာဓိ(၂)လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၅ | ဦးမောင်စော(မြန်မာပါတိတ်လုပ်ငန်း)-ဒေါ်မြရွှေမိသားစု | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၆ | ကွယ်လွန်သူဦးရဲမောင်အား ရည်စူး၍ ဇနီးဒေါ်စိုးစိုးရီနှင့် သားသမီးမြေးတစ်စု | အမှတ်(၁၁၇)၊ သူရလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၇ | မိဘများကို အမျှထား၍ ဒေါ်စန်းစန်းနှင့် မောင်နှမများ | ရန်ကုန်မြို့ | 100000 |
| ၃၈ | ဒေါ်မြမြ(၇၂)နှစ်မြောက် မွေးနေ့အလှူ | ရန်ကုန်မြို့ | 100000 |
| ၃၉ | ကြယ်လဝန်းဘော်ဒါ ဆရာ၊ ဆရာမများနှင့် ၂၀၁၈/၂၀၁၉ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများ | အမှတ်(၂၇)၊ နှင်းဆီလမ်း၊ မိုးကြိုးကွက်သစ်ဈေးအနီး၊ ပြင်ဦးလွင်မြို့ | 100000 |
| ၄၀ | ဦးဥတ္တမ | ကျောက်ထပ်ကျောင်းဆောင်၊ မြင်းဝန်တိုက်၊ မန္တလေးမြို့ | 100000 |
| ၄၁ | မိဘများဖြစ်သော ဦးဝင်းကြည်-ဒေါ်ခင်စိန် အစ်ကိုဖြစ်သူ ဦးလှမြင့်တို့အား ရည်စူး၍ ဦးမြင့်ဦး-ဒေါ်မြင့်မြင့်စန်း မိသားစု | ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၄၂ | ဒေါ်စန်းယုခိုင်၊ ဒေါ်ဆင့်ဆင့် တရားလွှတ်တော်ရှေ့နေများ | မန္တလေးမြို့ | 50000 |
| ၄၃ | ဦးလှရွှေ-ဒေါ်ခင်ရွှေမိသားစု | ငါးဘတ်အိုင်ရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | 30000 |
| ၄၄ | ဦးတိလောက | ငါးဘတ်အိုင်ရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | 20000 |
| | | | 30970000 |

## ငြင်းချက်ထုတ်ရန် ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**

**၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၇၁**

ဒေါ်သောင်းတင် နှင့် ၁။ ဒေါ်တင်မြင့်

၂။ ဦးခင်အောင်

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၆)အရှေ့ရပ်ကွက်၊ အောင်သုခကျောကပ်လမ်း၊ အမှတ်(၈၈၁)နေ ဒေါ်တင်မြင့်နှင့် ဦးခင်အောင် (ယခုနေရပ်လိပ်စာမသိသူ)များ သိစေရမည်။

သင့်အပေါ်၌တရားလိုက "အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ဖျက်သိမ်းနိုင်ရန်အတွက် မြွက်ဟကြေညာပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၈ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်၊ (၁၃၈၀ ခုနှစ်၊ ဝါခေါင်လဆန်း ၉ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ ဇူလိုင် လ(၁၃)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နီဦး)**

**ဒုတိယခရိုင်တရားသူကြီး(၉)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## "အမှားပြင်ဆင်ချက်"

၁၂-၇-၂၀၁၈ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၁)တွင် ပါရှိသော ဒေါ်နှင်းဝတ်ရည်သိန်းနှင့် ခင်ပွန်း ဦးစိုးသူရတို့ သိစေရန် ကြော်ငြာတွင်ပါရှိသော ဦးစိုးသူရ၏ မှတ်ပုံတင်[၆/တသရ(နိုင်)၀၄၅၄၈၅]အစား[၈/ပဖန(နိုင်)၀၉၀၆၁၆]ဟု အမှန်မှတ်ယူပေးပါရန် အမှားပြင်ဆင်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မဟာဗောဓိလမ်း၊ (၈)ရပ်ကွက်၊ အမှတ်(၈၆၂/အေ)ရှိ (၂)ခန်းတွဲ(၈)ထပ်တိုက် အဆောက်အအုံ၏ အခန်းအမှတ် (A-5)ဟုခေါ်တွင်သော ပေ(၂၃×၅၅)ရှိ တိုက်ခန်းအား လက်ရှိပိုင်ဆိုင်မှုဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ ဦးမြင့်သိန်း [၁၂/မရက(နိုင်)၀၁၉၄၆၉]+ဒေါ်မို့မို့ [၁၂/မရက(နိုင်)၀၁၉၄၇၀]တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်မိုးမြင့်ကြည် [၁၂/မရက(နိုင်)၀၁၉၄၇၁]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်ထွေး [၁၂/ပဘတ(နိုင်)၀၁၃၄၇၂]**

**ဖုန်း-၀၉-၇၉၆၅၄၄၂၂၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Golden Apt Co.,Ltd မှ ID No.194705(27-10-2016)ရက်စွဲဖြင့် ဖွင့်လှစ်ထားသော ID မူရင်းသည် ၁၁-၇- ၂၀၁၈ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ကျေးဇူးဆပ်ပါမည်။**

**ဖုန်း-၀၉-၂၅၀၂၇၂၇၈၁**

**၀၉-၂၅၄၄၄၇၈၇၇**

## IDများ ပျောက်ဆုံးကြောင်း

ZMH UNIVERSAL TRADING Co.,Ltd မှ အောက်ဖော်ပြပါ IDများ ပျောက်ဆုံးသွားပါသည်။

1။ 130 717 (30-10-2015)
2။ 130 967 (10-11-2015)
3။ 137 192 (16-12-2015)
4။ 137 356 (17-12-2015)
5။ 140 026 (8-1-2016)

**ဖုန်း-၀၉-၇၃၂၄၄၇၈၀**

## အိမ်တိုင်ရာရောက် ကျန်းမာရေးပြုစုစောင့်ရှောက်မှု

အိမ်(သို့)ဆေးရုံများတွင် ပြုစုစောင့်ရှောက်ရန် လိုအပ်သော ကလေး၊ သက်ကြီးရွယ်အိုများနှင့် နာမကျန်းသူများအတွက် နေ့/ည ဝန်ဆောင်မှုများကို ပေးလျက်ရှိပါသည်။

**Care Support Clover Co.,Ltd**

**Ph-09-790635964, 09-250234108**

**အမှတ်(၂၈)၊ သုခမြိုင်(၁)လမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်။ (သုခမှတ်တိုင်အနီး)**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃တိုးချဲ့) မြေကွက်အမှတ်(၉၇၇)၊ ဧရိယာ(၀. ၀၅၆)ဧက၊ မြေကွက်အမှတ်(၉၇၈)၊ ဧရိယာ(၀. ၀၅၆)ဧက၊ မြေကွက်အမှတ်(၉၇၉) ဧရိယာ(၀. ၀၅၆) ဧကစီရှိ နှစ်(၆၀)ဂရန်မြေကွက်(၃)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ဦးဝင်းမောင် [၁၂/လမတ(နိုင်)၀၃၀၃၁၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဘူမောင်(LL.B) (စဉ်-၂၂၇၄၇) ဒေါ်နှင်းပွင့်သန်း (LL.B) (စဉ်-၂၇၀၇၅)**

**အကျိုးဆောင်အထက်တန်းရှေ့နေများ**

**အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

**၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၂၇၈၃၃၆**

# သစ္စာလေးခိုင် သင်္ကန်းများ

" ဝိနည်းတော် " နှင့်အညီ " အရည်အသွေးပြည့်မီစွာ " ချုပ်လုပ်ထားပါသည်၊




" ဝါဆိုသင်္ကန်း " ကပ်လှူပူဇော်ရန်အတွက် ဝိနည်းတော်နှင့်အညီချုပ်လုပ်ထားသော " ချည်ပေါ်င်းသားစစ်စစ် " နှင့် ရေယွန်၊ စီဝိုင်စီ **သစ္စာလေးခိုင် သင်္ကန်း** များအား အရည်အသွေး အမျိုးအစားအလိုက် ၈၀၀၀ ကျပ်မှ ၄၅၀၀၀ ကျပ်အတွင်း **အထူးလျှော့ဈေး** ဖြင့် ရောင်းချပေးနေပါကြောင်း ဆိုင်တင်ရောင်းချလိုသူများ၊ ကိုယ်စားလှယ်ဆောင်ရွက်လိုသူများနှင့် လှူဒါန်းလိုသူ စေတနာရှင် မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

## အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်

**ရန်ကုန်**
- လောကနတ် သင်္ကန်းတိုက် ၀၉-၄၁၃၆၆၆၈၅၀
- ထွန်းရောင်ခြည် သင်္ကန်းတိုက် ၀၉-၅၁၇၁၀၉၁
- ထွန်းရောင်ခြည်သိန်း သင်္ကန်းပရိက္ခရာ ၀၉-၈၆၁၄၂၉၇

**မန္တလေး**
- နဝရတ်ရောင်ခြည် သင်္ကန်းပရိက္ခရာဆိုင် ၀၉-၄၀၂၆၄၉၃၅၅

**နေပြည်တော်**
- Super One (Sinma Living Mall) } ၀၉-၂၅၀၅၃၇၄၆၀
- Super One (Junction Center) }

**တောင်ကြီး**
- ပွင့်ပန်း သင်္ကန်းပရိက္ခရာဆိုင် ၀၉-၄၂၈၃၂၉၃၆၈
- ဒွေး သင်္ကန်းပရိက္ခရာ နှင့် နီဗ္ဗာန်ကုန်ဆိုင် ၀၉-၂၅၇၀၃၀၅၅၄

**ရွှေတောင်**
- ဆွေသဟာ သင်္ကန်းတိုက် ၀၉-၄၃၀၄၈၇၄၆
- ငွေရတနာပန်း သင်္ကန်းတိုက် ၀၉-၂၅၀၄၀၉၉၃၄

**တောင်သာ**
- ဆွေလတ် စတိုး ၀၉-၄၀၂၅၂၀၉၀၃
- နေပြည်တော် သင်္ကန်းဆိုင် ၀၉-၇၉၀၁၅၇၅၄၅
- Every Joy စတိုး ၀၉-၇၉၀၁၅၇၀၂၈
- မြမဥ္ဇူ စတိုး ၀၉-၇၇၉၅၁၆၃၃၀

**ကျောက်ဆည်**
- နန်းရွှေစင် ၀၉-၇၈၆၃၅၃၅၅၁
- အန်တီအုန်း ၀၉-၄၃၂၀၁၆၈၇
- စိန်မြရှယ် ၀၉-၄၃၀၁၂၀၆၂၄

**ပျော်ဘွယ်**
- ရွှေလိပ်ပြာ သင်္ကန်းဆိုင် ၀၆၄-၄၉၁၄၀

**မင်းဘူး**
- အဘအောင်မင်းခေါင် သင်္ကန်းတိုက် ၀၆၅-၃၀၀၉၆
- ဟီရိုး စတိုး သင်္ကန်းပရိက္ခရာဆိုင် ၀၉-၅၃၄၂၂၁၅

**ဝမ်းတွင်း**
- စန္ဒာလင်း စတိုး ၀၉-၂၁၆၅၃၄၈
- အေးသုစ သင်္ကန်းပရိက္ခရာဆိုင် ၀၉-၄၃၀၁၂၀၅၆

**ပြည်**
- ယုန်မင်း သင်္ကန်းပရိက္ခရာ ၀၅၃-၂၅၈၃၅

**ပခုက္ကူ**
- ရတနာမိုး ၀၉-၉၇၀၆၁၂၃၀၆
- ခေါင်းမင်း ၀၉-၂၃၀၀၉၃၈
- ဝင်းမြန်မာ ၀၆၂-၂၁၄၈၂
- ခင်မမွေး ၀၆၂-၂၁၃၉၆

**ပွင့်ဖြူ**
- အောင်ရတနာ သင်္ကန်းပရိက္ခရာ ၀၆၃-၆၀၄၅၇
- စိန်မိသားစု စတိုးဆိုင် ၀၉-၉၇၄၄၄၅၃၄၉
- ရွှေကြယ်စင် စတိုးဆိုင် ၀၉-၉၇၂၇၅၁၃၃၃

**စစ်ကိုင်း**
- လှလေးစိန် သင်္ကန်းဆိုင် ၀၉-၂၅၉၅၇၅၄၆၅

**မကွေး**
- ရွှေယုန်မင်း သင်္ကန်းတိုက် ၀၉-၉၇၀၁၈၀၈၆၀
- မြသင်းကြည် သင်္ကန်းပရိက္ခရာ ၀၉-၄၀၁၅၄၀၇၉၀

**မိတ္ထီလာ**
- စိန်သမင် သင်္ကန်းတိုက် ၀၆၄-၂၄၅၈၅
- အောင်သမြေ ၀၉-၄၀၁၅၁၅၂၇၇

**ရမည်းသင်း**
- သမာဓိ သင်္ကန်းပရိက္ခရာ ၀၉-၂၁၇၃၄၇၅
- ရွှေလိပ်ပြာ သင်္ကန်းတိုက် ၀၉-၂၁၇၃၃၉၂

**ပျဉ်းမနား**
- သမာဓိ သင်္ကန်းဆိုင် ၀၉-၉၇၄၆၁၅၅၈၄
- ဒေါ်မြခင် သင်္ကန်းဆိုင် ၀၉-၄၉၂၁၆၅၃
- သုခချမ်းသာ သင်္ကန်းဆိုင် ၀၉-၄၄၈၅၃၅၀၀၀
- စုပါဝတား သင်္ကန်းပရိက္ခရာ ၀၉-၂၅၄၂၂၅၄၇၂
- ရွှေလမင်း သင်္ကန်းဆိုင် ၀၉-၇၉၄၈၉၁၃၇၃

တိုင်းနှင့် ပြည်နယ် မြို့ကြီးများရှိ SME ရုံးအရောင်းဆိုင်များ

စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည်

09 203 7901 , 09 251 1664 77

Ministry of Industry